# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ကောင်းမှုကို ပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါဠိတော်(ဓမ္မပဒ-၁၂၂)


၁၃၈၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၃ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 18 January 2023 ၁၀၉၈၄


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

**ယနေ့ ဖတ်စရာ**



**တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေး လူထုအားကစားမြှင့်တင်ပေး**

ဆောင်းပါး စာမျက်နှာ » ၆



**တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှင့် ဆေးထိုးအပ်များ ဆက်လက်ပို့ဆောင်**

စာမျက်နှာ » ၁၀

**တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ် (ရွှေပုဇွန်)နှင့် မြစ်ရေယာဉ် (စကု) တို့ ဧရာဝတီတိုင်းဒေသကြီး ဧရာဝတီမြစ်ကြောင်း တစ်လျှောက်ရှိ ကျေးရွာများ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရန် ထွက်ခွာ**

စာမျက်နှာ » ၁၁

## ၂၀၂၂-၂၀၂၃ ပညာသင်နှစ် အခြေခံပညာ ကျောင်းသားအားကစားပွဲတော်ဖွင့်ပွဲ ကျင်းပ

### ကျောင်းသားအားကစားပွဲတော်အား ဇန်နဝါရီ ၁၈ ရက်မှ ၂၇ ရက်အထိ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်းတွင် ကျင်းပသွားမည်

နေပြည်တော် ဇန်နဝါရီ ၁၇

၂၀၂၂-၂၀၂၃ ပညာသင်နှစ် အခြေခံပညာ ကျောင်းသားအားကစားပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း B ရုံတွင် ကျင်းပသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



၂၀၂၂-၂၀၂၃ ပညာသင်နှစ် အခြေခံပညာ ကျောင်းသားအားကစားပွဲတော် ဖွင့်ပွဲအခမ်းအနားကို နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း B ရုံတွင် ကျင်းပစဉ်။



## မြန်မာနိုင်ငံမြောက်ဖျား ရေခဲတောင်များပေါ်တွင် နှင်းကျားသစ်တည်ရှိမှု သုတေသနခရီးစဉ်ကို ဆောင်ရွက်နိုင်ခဲ့

ရန်ကုန် ဇန်နဝါရီ ၁၇

ကမ္ဘာပေါ်ရှိ ဆီးနှင်းဖုံးလွှမ်းသော ဗဟိုအာရှနိုင်ငံ ၁၂ နိုင်ငံတွင် ကောင်ရေ ၃၀၀၀ မှ ၆၀၀၀ ကျော်သာကျန်ရှိသော နှင်းကျားသစ်(Snow Leopard) မြန်မာနိုင်ငံမြောက်ဖျားရှိ ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်ဧရိယာအတွင်း တည်ရှိကျက်စားမှု ရှိ၊ မရှိ ခါကာဘိုရာဇီအမျိုးသားဥယျာဉ်မှ ဝန်ထမ်းများနှင့် အမေရိကန်အခြေစိုက် Panthera Corporation မှ ပညာရှင်များပူးပေါင်း၍ သုတေသနပြုနိုင်ခဲ့ကြောင်း သိရသည်။

တရုတ်နှင့် အိန္ဒိယနိုင်ငံ ရေခဲတောင်များပေါ်တွင် နေထိုင်ကျက်စားနေသော နှင်းကျားသစ်ကို တွေ့ရစဉ်။

အပြည်ပြည်ဆိုင်ရာ သဘာဝအရင်းအမြစ်များ ထိန်းသိမ်းရေးအဖွဲ့ ( International Union for Conservation of Nature and Natural Resources –IUCN)က နှင်းကျားသစ်ကို မျိုးတုံးရန်အန္တရာယ်ကျရောက်နိုင်သော မျိုးစိတ်အဖြစ် သတ်မှတ်ထားပြီး ကမ္ဘာလုံးဆိုင်ရာထိန်းသိမ်းမှုကို ဆောင်ရွက်လျက်ရှိရာ

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖

ကြေးမုံ

# ဒီမိုကရေစီနှင့် ဖက်ဒရယ်အခြေခံပြည်ထောင်စု

ကမ္ဘာပေါ်တွင် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံပေါင်း ၁၉၃ နိုင်ငံရှိသည့်အနက် မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၁၉၁ နိုင်ငံတွင် ရွေးကောက်ပွဲဖြင့် ဒီမိုကရေစီစနစ်ကို ကျင့်သုံးနေကြသည်။ ကမ္ဘာပေါ်တွင် ဒီမိုကရေစီစနစ်ဖြင့် လျှောက်လှမ်းနေသော နိုင်ငံများတွင် ဖက်ဒရယ်စနစ်ကို ကျင့်သုံးနေသောနိုင်ငံပေါင်းမှာ ၂၈ နိုင်ငံခန့်ရှိသည်ဟု သိရသည်။ မြန်မာနိုင်ငံတွင် တိုင်းရင်းသားပြည်သူများလိုလားသည့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို ဦးတည်လျှောက်လှမ်းလျက်ရှိသည်။

မြန်မာနိုင်ငံတွင် မတူကွဲပြားသည့် တိုင်းရင်းသားလူမျိုးများစွာတို့သည် ရှေးပဝေသဏီကာလကတည်းက အတူယှဉ်တွဲနေထိုင်ခဲ့ကြသည်။ မတူကွဲပြားသော တိုင်းရင်းသားလူမျိုးများ စုပေါင်းနေထိုင်ကြသဖြင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်သည် မြန်မာနိုင်ငံနှင့်လျော်ကန်သင့်မြတ်ပေသည်။ သို့သော် မြန်မာနိုင်ငံသည် ဒီမိုကရေစီစနစ်ကိုဖော်ဆောင်လာခဲ့သည်မှာ ဆယ်စုနှစ်တစ်ခုကျော်မျှသာရှိသေး၍ ဒီမိုကရေစီနှင့်အသားတကျနေထိုင်ပြီး လိုက်နာကျင့်သုံးသင့်သည်တို့ကို ကြိုးပမ်းအားထုတ်ကြရဦးမည်ဖြစ်သည်။ ထို့အပြင် ဖက်ဒရယ်စနစ်၏အနှစ်သာရများကိုလည်း သိရှိနားလည်ထားရန်လိုပေသည်။

ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်နှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနားတွင် ရှင်းလင်းပြောကြားခဲ့သည်။ "ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ပြည်ထောင်စုတည်ဆောက်ရာမှာ ဒီမိုကရေစီနဲ့ပတ်သက်ပြီးလည်းကောင်း၊ ဖက်ဒရယ်စနစ်နဲ့ပတ်သက်ပြီးလည်းကောင်း ဘယ်လိုပင် အယူအဆကွဲပြားနေကြသော်လည်း မိမိနိုင်ငံနဲ့ သဟဇာတဖြစ်တဲ့စနစ်မျိုးကို ရွေးချယ်ဆောင်ရွက်ဖို့လိုအပ်ပါတယ်။ ဒီမိုကရေစီနဲ့ပတ်သက်ပြီး အများဆန္ဒအတိုင်း ဆောင်ရွက်ရသကဲ့သို့ လူနည်းစုဆန္ဒကိုလည်း အလေးထားရန်လိုအပ်ပါတယ်" ဖက်ဒရယ်စနစ်နှင့်ပတ်သက်၍လည်း "အဓိပ္ပာယ်အမျိုးမျိုး၊ စံနှုန်းအမျိုးမျိုးဖွင့်ဆိုပြီး ပြောဆိုနေကြသော်လည်း အနှစ်သာရအနေနဲ့ ပေါင်းစည်းခြင်းနှင့် သဟဇာတဖြစ်မှု" ဟု ပြောကြားခဲ့သည်။

နိုင်ငံတော်အကြီးအကဲသည် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်၏ လိုရင်းအချက်ကို ရှင်းလင်းစွာပြောကြားခဲ့သည်။ မြန်မာ့နိုင်ငံရေးတွင် လူမျိုးစွဲ၊ ပုဂ္ဂိုလ်စွဲ၊ ဝါဒစွဲ အမျိုးမျိုးတို့ကြောင့် တိုင်းရင်းသားအချင်းချင်း၊ ပြည်သူအချင်းချင်း စိတ်ဝမ်းကွဲပြားခဲ့ကြသည်ကို တွေ့ရမည်ဖြစ်သည်။ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို တည်ဆောက်ရာတွင် သင်ခန်းစာယူရမည့်အချက်ဖြစ်သည်။ ဒီမိုကရေစီသည် မတူကွဲပြားမှုများနှင့် သဟဇာတဖြစ်အောင် ပေါင်းစည်းနေထိုင်ခြင်းဖြစ်သည်။ မိမိ၏အယူအဆ၊ သဘောထားဆန္ဒများနှင့် မကိုက်ညီသူများကို ရန်သူကဲ့သို့ သဘောထားပြီး ခွဲခြားဆက်ဆံခြင်း၊ ဖယ်ကြဉ်ထားခြင်းသည် ဒီမိုကရေစီစနစ်နှင့် လုံးဝကိုက်ညီမှုမရှိပေ။ ဒေသစွဲ၊ ပုဂ္ဂိုလ်စွဲထားရှိခြင်းသည် စည်းလုံးညီညွတ်မှုကို ပျက်ပြားစေသည်။

ပေါင်းစည်းခြင်းနှင့်သဟဇာတရှိစွာ နေထိုင်ခြင်းသည် တိုင်းရင်းသားလူမျိုးပေါင်းစုံ တစ်ရာကျော်နေထိုင်သော ပြည်ထောင်စုနိုင်ငံအတွက် အရေးကြီးသောအချက်ဖြစ်သည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိရန်အတွက် တိုင်းရင်းသားပြည်သူအားလုံး အတူတကွပေါင်းစည်းပြီး ညီညွတ်မှုဖြင့် ကြိုးပမ်းခဲ့ကြသဖြင့် လွတ်လပ်ရေးအောင်ပန်းကို ရရှိခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံရှိ တိုင်းဒေသကြီးနှင့်ပြည်နယ်အားလုံးတွင် လူမျိုးတစ်မျိုး၊ နှစ်မျိုးတည်းသာနေထိုင်ခြင်းမရှိဘဲ တိုင်းရင်းသားလူမျိုးပေါင်းစုံ ပျံ့နှံ့ပေါင်းစုနေထိုင်လျက်ရှိသည်။ လူမျိုးအရ အမည်သတ်မှတ်ချက်များရှိသော်လည်း လူမျိုးတစ်ရာကျော်ကို ကိုယ်စားပြုသည့် တိုင်းပြည်ဖြစ်သည်။ မြန်မာဟူသောဝေါဟာရမှာ လူမျိုးတစ်ခု၏အမည်မဟုတ်ပေ။ တိုင်းရင်းသားလူမျိုးတစ်ရာကျော်ကို ကိုယ်စားပြုထားသည့် ပြည်ထောင်စု၏ အမည်နာမဖြစ်သည်။

နိုင်ငံတစ်ခု၊ စနစ်တစ်ခုကိုတည်ဆောက်ရာတွင် နိုင်ငံသားအားလုံး၊ မျိုးနွယ်စုများအားလုံးနှင့်သက်ဆိုင်သည့် ဘုံလက္ခဏာသည် မြန်မာဖြစ်ကြောင်း သတိချပ်ဖို့လိုသည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားပြည်သူအားလုံး စည်းလုံးညီညွတ်ကြ၍ ပြည်ထောင်စုကြီး နှစ်ပေါင်းထောင်ချီ အစွန့်ရှည်တည်တံ့ခိုင်မြဲနေသည်ကိုလည်း သတိချပ်ဖို့လိုသည်။ မြန်မာဟူသော ပြည်ထောင်စု၏ အမျိုးသားလက္ခဏာနှင့် ဗမာဟူသော လူမျိုး၏အမည်ကို ကွဲပြားစွာသိရှိနိုင်ရန်လိုအပ်သည်။ ရှေးကာလက ဗမာဟူသော နိုင်ငံအသုံးအနှုန်းသည် အိန္ဒိယတိုက်သားတို့အခေါ်အဝေါ်ဖြစ်ပြီး ဗြိတိသျှနယ်ချဲ့တို့ မြန်မာနိုင်ငံအားကိုလိုနီနိုင်ငံအဖြစ် သတ်မှတ်ချိန်မှစ၍ သုံးနှုန်းခဲ့ခြင်းဖြစ်သည်။

သို့ဖြစ်ရာ မတူကွဲပြားသော တိုင်းရင်းသားလူမျိုးများ စုစည်းနေထိုင်ကြသည့် မြန်မာနိုင်ငံတော်ကြီးဖြစ်သည်ကို အလေးအနက်ထားပြီး စုစည်းညီညွတ်သော စွမ်းပကားများဖြင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ပေါက်လာအောင် ဝိုင်းဝန်းကြိုးပမ်းကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## ပြည်ထဲရေးဝန်ကြီးဌာနမိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း



**နေပြည်တော် ဇန်နဝါရီ ၁၇**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

**ဆက်ကပ်လှူဒါန်း**

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ ကျောင်းစုကျောင်းတိုက်၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ ဦးဝင်းကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ မြစကြာကျောင်းတိုက်၊ မြောက်ဥက္ကလာပမြို့နယ်ရှိ ရေလယ်ကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်ရှိ သံဃာ့တက္ကသိုလ်ကျောင်းတိုက်နှင့် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်ရှိ စိန်မြဓမ္မသာလာကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ နိဂြောဓာရုံကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်ရှိ မင်္ဂလာသာစည်ကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိ ငြိမ်းချမ်းရေးကျောင်းတိုက်နှင့် အောင်မြေသာစံမြို့နယ်ရှိ မဟာဒီပဲယင်းကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်ရှိ နန်းဦးကျောင်းတိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ အောင်အပ်နှံကျောင်းတိုက်နှင့် လားရှိုးမြို့နယ်ရှိ နမ့်ခိုက်ကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ယင်းမာပင်မြို့၌ ပညာရေးစုံညီပွဲတော်ကျင်းပ

**ယင်းမာပင် ဇန်နဝါရီ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့ အမှတ်(၂)အခြေခံ ပညာအလယ်တန်းကျောင်းခွဲ၌ ယနေ့နံနက်၉နာရီက ပညာရေးစုံညီပွဲတော် ကျင်းပခဲ့ကြောင်း သိရသည်။

**ဆုများချီးမြှင့်**

ရှေးဦးစွာ ကျောင်းသား ကျောင်းသူလေးများက ပညာရေးစုံညီပွဲတော် အထိမ်းအမှတ် တေးသီချင်းဖြင့် သီဆိုဖျော်ဖြေကြပြီး ကာယ၊ ဉာဏ၊ စာရိတ္တ ထူးချွန်ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများကို တာဝန်ရှိသူများ က ဆုများပေးအပ်ချီးမြှင့်သည်။

"၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် အားကစားထူးချွန်ဆု ရရှိကြသူတွေ၊ အထိမ်းအမှတ်နေ့တွေမှာ ကျင်းပတဲ့ စာစီစာကုံးပြိုင်ပွဲ ဆုရရှိကြသူတွေနဲ့ အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲမှာ ဆုရရှိကြတဲ့ ကျောင်းသား ကျောင်းသူတွေကို ဆုများ ချီးမြှင့်ပေးတာဖြစ်ပါတယ် "ဟု ပညာရေးစုံညီပွဲတော် ကျင်းပခြင်းနှင့်ပတ်သက်၍ ပညာရေးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ပညာရေးစုံညီပွဲတော်အခမ်းအနားသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဆန်းမော်၊ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီးဝင်းခိုင်ထွန်းနှင့် တာဝန်ရှိသူများ၊ ကျောင်း အကျိုးတော်ဆောင်များ၊ ကျောင်းသားမိဘများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြပြီး အခမ်းအနားအပြီးတွင် ကျောင်းသား ကျောင်းသူများက ဓာတ်မာန်တေးသီချင်းဖြင့် သီဆိုဖျော်ဖြေခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၇-၁-၂၀၂၃)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၆၀၀ | ၈,၆၀၀ | ၅၀၀ | ၄,၃၀၀,၀၀၀ |
| MTSH | ၃,၃၀၀ | ၃,၃၅၀ | ၂၁၄ | ၇၀၆,၃၀၀ |
| MCB | ၇,၅၀၀ | ၇,၅၀၀ | ၀ | ၀ |
| FPB | ၁,၉၀၀ | ၁,၉၀၀ | ၄၂၅ | ၈၀၇,၅၀၀ |
| TMH | ၂,၆၀၀ | ၂,၆၀၀ | ၀ | ၀ |
| EFR | ၂,၆၀၀ | ၂,၆၀၀ | ၀ | ၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၂၀၀ | ၉၈၀,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

**နေပြည်တော် ဇန်နဝါရီ ၁၇**

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၂၂၇၀.၁ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၃၀၉.၆၃ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၆၃.၃၇၇ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၈၅.၃၈ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၅.၆၇၆ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၄၅၇.၅ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၅၈၅.၉ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၆၂၈.၇ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၆၉.၄၉ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်းသတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ ရှေ့ဖုံးမှ

အခမ်းအနားသို့ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ အမြဲတမ်းအတွင်းဝန်များ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပညာရေးညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အားကစားအဖွဲ့ခေါင်းဆောင်၊ အားကစားနည်းအလိုက် အုပ်ချုပ်သူနည်းပြများ၊ အားကစားမောင်မယ် ကျောင်းသားကျောင်းသူများနှင့် သက်ဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက အခြေခံပညာကျောင်းသား အားကစားပွဲတော်တွင် ဘောလုံး (အမျိုးသား/ အမျိုးသမီး)၊ ဘော်လီဘော (အမျိုးသား/ အမျိုးသမီး)၊ ပြေးခုန်ပစ် (အမျိုးသား/ အမျိုးသမီး)နှင့် ပိုက်ကျော်ခြင်း (အမျိုးသား) အားကစားနည်းများကို ကျင်းပပေးသွားမည်ဖြစ်ပါကြောင်း၊ အားကစားဆိုသည်မှာ **"အနိုင်အရှုံးတစ်ခုတည်းကို ယှဉ်ပြိုင်တာမျိုးမဟုတ်ဘဲ ဖွဲ့ရှိမှု၊ သည်းခံမှု၊ ကျွမ်းကျင်မှု၊ စိတ်ခတ်ကြံ့ခိုင်မှု၊ စည်းလုံးညီညွတ်မှု၊ စည်းကမ်းဥပဒေကို ရိုသေလေးစားလိုက်နာမှု၊ ယဉ်ကျေးမှု"** စသည်တို့ကိုပါ ယှဉ်ပြိုင်ခြင်းဖြစ်ပါကြောင်း၊ နိုင်ငံတကာ အားကစားပြိုင်ပွဲများတွင် အောင်မြင်မှုရရှိခြင်းသည် နိုင်ငံတော်၏ စည်းလုံးညီညွတ်မှု၊ ဂုဏ်သိက္ခာနှင့် မျိုးချစ်စိတ်တို့ကို ဖော်ဆောင်နိုင်ခြင်းဖြစ်ပါကြောင်း၊ ယခု ကျင်းပသည့် အခြေခံပညာကျောင်းသား အားကစားပွဲတော်ကြီးတွင် ပါဝင်ယှဉ်ပြိုင်ကြမည့်အားကစားမောင်မယ်များအနေဖြင့် နိုင်ငံတော်၏ ဂုဏ်သိက္ခာကို ဖော်ဆောင်နိုင်သော နိုင်ငံ့လက်ရွေးစင်အားကစားသမားများ ဖြစ်လာအောင် ကြိုးစားကြရန်ကိုလည်း မှာကြားလိုပါကြောင်း။



၂၀၂၂-၂၀၂၃ ပညာသင်နှစ် အခြေခံပညာ ကျောင်းသားအားကစားပွဲတော် ဖွင့်ပွဲအခမ်းအနားကို နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်း B ရုံတွင် ကျင်းပစဉ်။

ယခင်က အာဆီယံကျောင်းသား အားကစားပွဲတော်ကို မြန်မာနိုင်ငံအနေဖြင့် အားကစားနှင့် ကျန်းမာရေးဝန်ကြီးဌာနက တာဝန်ယူ၍ ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ၂၀၂၃ ခုနှစ် ဖိလစ်ပိုင်နိုင်ငံတွင် ကျင်းပမည့် (၁၂) ကြိမ်မြောက် အာဆီယံကျောင်းသား အားကစားပွဲတော်ကို ပညာရေးဝန်ကြီးဌာနက ပထမဆုံးအနေဖြင့် တာဝန်ယူပြီး ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်သည့်အတွက် ယခုကဲ့သို့ အခြေခံပညာကျောင်းသားအားကစားပွဲများကို မလွဲမသွေ ကျင်းပပေးရခြင်းဖြစ်ပါကြောင်း၊ ယခု ကျင်းပသည့် အခြေခံပညာ ကျောင်းသား အားကစားပွဲတော်မှ အရည်အချင်းရှိသည့် အားကစားသမားများကို နိုင်ငံ့ကိုယ်စားပြုအဖြစ် အာဆီယံ ကျောင်းသားအားကစားပွဲတွင် ယှဉ်ပြိုင်ရန် ရွေးချယ်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စွာသွင်က အခြေခံပညာ ကျောင်းသားအားကစား ပွဲတော်နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ပွဲတော်အား ဖွင့်လှစ်ပေးသည်။

ယင်းနောက်ကျောင်းသားအားကစား ပွဲတော် အထိမ်းအမှတ်အလံကို အားကစား မောင်မယ်များက စုပေါင်းသယ်ယူ၍ လွှင့်တင်ကြသည်။

ထို့နောက် ကျောင်းသားအားကစား အဖွဲ့များက အားကစားသစ္စာအဓိဋ္ဌာန်ကို ရွတ်ဆိုကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး များနှင့်အဖွဲ့သည် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အခြေခံပညာကျောင်း သားအားကစားအဖွဲ့များကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ဆက်လက်၍ကျောင်းသား ကျောင်းသူ များက စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေး အစီအစဉ် အတွဲ(၃/၄)နှင့် Physical Fitness Dance အစီအစဉ်များကို သရုပ်ပြတင်ဆက်ကြသည်။

၂၀၂၂-၂၀၂၃ ပညာသင်နှစ် အခြေခံ ပညာ ကျောင်းသားအားကစားပွဲတော် ကို ဇန်နဝါရီ ၁၈ ရက်မှ ၂၇ ရက်အထိ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစား ကွင်း၊ အားကစားရုံများတွင် ကျင်းပသွားမည်ဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အဖွဲ့ခေါင်းဆောင်၊ အတွင်းရေးမှူးများ၊ အုပ်ချုပ်သူ၊ နည်းပြများ၊ အားကစားသမားများ စုစုပေါင်းအင်အား ၁၆၈၀ ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အခြေခံစာရင်းကိုင်နှင့် ရုံးလုပ်ငန်းကျွမ်းကျင်မှုသင်တန်း အမှတ်စဉ် (၂၃၄) သင်တန်းဆင်းပွဲကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၇**

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နေပြည်တော် သင်တန်းကျောင်းနှင့် ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်ရှိ ဗဟိုမြေစာရင်းဖွံ့ဖြိုးမှု လေ့ကျင့်ပညာပေးရေးသင်တန်းကျောင်းတို့တွင် တစ်ပြိုင်တည်း ဖွင့်လှစ်ခဲ့သည့် အခြေခံစာရင်းကိုင်နှင့် ရုံးလုပ်ငန်းကျွမ်းကျင်မှုသင်တန်း အမှတ်စဉ် (၂၃၄) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၌ ကျင်းပသည်။

သင်တန်းဆင်းပွဲ အခမ်းအနားတွင် ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးတင်ဦးက အစိုးရဌာန၊ အဖွဲ့အစည်းများရှိ ဝန်ထမ်းများအနေဖြင့် ရုံးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စွမ်းဆောင်ရည်ပြည့်ဝစွာ ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ယခုသင်တန်းကို ဖွင့်လှစ်သင်ကြားပေးခဲ့ခြင်းဖြစ်ကြောင်း၊ သင်တန်းမှ ရရှိသည့် အတွေ့အကြုံ၊ ဗဟုသုတ၊ အသိပညာများဖြင့် လက်တွေ့တွင် ယခင်ကထက်ပို၍ အောင်မြင်စွာ ဆောင်ရွက်နိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ သင်တန်းသားများအနေဖြင့် လက်တွေ့လုပ်ငန်းခွင်တွင် တန်ဖိုးရှိရှိ ပြန်လည်အသုံးချတတ်ရန် လိုအပ်ကြောင်း၊ သင်တန်းတွင် အခြေခံစာရင်းကိုင်ပညာရပ်များသာမက ဘဏ္ဍာရေးစည်းမျဉ်း၊ ဝန်ထမ်းစည်းမျဉ်း ဘာသာရပ်များကိုပါ သင်ကြားပို့ချပေးခဲ့ပါကြောင်း၊ တိုးတက်ပြောင်းလဲလျက်ရှိသည့် ခေတ်ရေစီးကြောင်းနှင့်အညီ လိုက်ပါဆောင်ရွက်နိုင်ရန်အတွက် "သင်ကြားလေ့လာမှုများသည် မည်သည့်အခါမျှ ပြီးဆုံးသည်မရှိ" ဆိုသည့်အတိုင်း စဉ်ဆက်



မပြတ် သင်ယူဆည်းပူးခြင်းဖြင့် အရည်အသွေးတောက်ပပြည့်စုံ၍ ကျင့်ဝတ်၊ စည်းကမ်းစောင့်ထိန်းလိုက်နာသော ဝန်ထမ်းကောင်းများဖြစ်စေရေး ကြိုးစားကြစေလိုကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းကို နိုဝင်ဘာ ၂၈ ရက်မှစ၍ နှစ်လကြာ ဖွင့်လှစ်သင်ကြားခဲ့ပြီး နေပြည်တော်ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်းတွင် ပြည်ထောင်စုအဆင့် ဝန်ကြီးဌာန၊ အဖွဲ့အစည်းများမှ သင်တန်းသား ၁၈၀ နှင့် ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်ရှိ ဗဟိုမြေစာရင်းဖွံ့ဖြိုးမှု လေ့ကျင့်ပညာပေးရေးသင်တန်းကျောင်းတွင် ၁၄၀ စုစုပေါင်း သင်တန်းသား ၃၂၀ တက်ရောက်ပြီးမြောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❖ **မြန်မာနိုင်ငံမှ**

မြန်မာနိုင်ငံအနေဖြင့် မျိုးစိတ်ပျက်သုဉ်းလုဆဲ တောရိုင်းတိရစ္ဆာန် အပါအဝင် တောရိုင်းတိရစ္ဆာန်များ၊ ငှက်များ၊ သစ်ပင်ပန်းမန်များနှင့် ရေနေသတ္တဝါများကို နိုင်ငံတကာစံနှုန်းနှင့်အညီ ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည်။ ထိုသို့ နိုင်ငံအတွင်းရှိ အမျိုးသားဥယျာဉ်များနှင့် ဘေးမဲ့တောတို့တွင် ရှင်သန်လျက်ရှိသည့် ဇီဝမျိုးစုံမျိုးကွဲများ၊ ရုက္ခနှင့် ဇီဝများကို ထိန်းသိမ်းစောင့်ရှောက်လျက်ရှိရာ မြန်မာပြည်မြောက်ဖျား ရှိရေခဲဖုံးလွှမ်းနေသော ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်ဧရိယာအတွင်း မျိုးသုဉ်းရန် အန္တရာယ်ရှိနေသည့် နှင်းကျားသစ် လှည့်လည်ကျက်စားနေထိုင်မှု ရှိ၊ မရှိကို ကင်မရာထောင်ချောက် မှတ်တမ်းများဖြင့် သုတေသနပြု ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"နှင်းကျားသစ်ကိုအိန္ဒိယနိုင်ငံနဲ့ တရုတ်နိုင်ငံက ရေခဲတောင်တွေမှာ ကျက်စားနေတယ်ဆိုတာ မှတ်တမ်းရှိထားတာကြောင့် မြန်မာနိုင်ငံရဲ့ ရေခဲတောင်တည်ရှိတဲ့ ဖုန်ကန်ရာဇီ အမျိုးသားဥယျာဉ်မှာ နှင်းကျားသစ်ကျက်စားမှုရှိ၊ မရှိကို အမေရိကန်နိုင်ငံမှာ အခြေပြုတဲ့ သုတေသနအဖွဲ့နဲ့ ၂၀၁၇ ခုနှစ် မေလကနေ ဇွန်လအထိ ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ပါတယ်။ ရေခဲတောင်ပေါ်မှာ ကင်မရာထောက်ချောက် မှတ်တမ်းတွေ တပ်ဆင်နိုင်ခဲ့ပြီး ၂၀၁၈ ခုနှစ်မှာ အဖြေတွေ့ရှိခဲ့တယ်။ နှင်းကျားသစ်မတွေ့ဘဲ အခြားအသားစားရေခဲတောင်တိရစ္ဆာန်တွေကိုပဲ တွေ့ရှိခဲ့တာကြောင့် မြန်မာနိုင်ငံမှာ နှင်းကျားသစ်ကို တွေ့ရှိခဲ့မယ်ဆိုရင် နိုင်ငံတကာက စိတ်ဝင်စားတဲ့ တောရိုင်းတိရစ္ဆာန်ဖြစ်တဲ့အတွက် မှတ်တမ်းဓာတ်ပုံပြသနိုင်ခဲ့ရင် အာဆီယံနဲ့ ကမ္ဘာမှာ ဂုဏ်ယူစရာဖြစ်စေမှာပါ။ ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်ကိုလည်း နိုင်ငံတကာအဖွဲ့အစည်းတွေ လာရောက်မှတ်တမ်းပြုကြတဲ့အတွက် ဌာနရဲ့လုပ်ငန်းဖော်ဆောင်မှုကို ပိုပြီးအရှိန်မြင့်စေတဲ့အပြင် နိုင်ငံတော်အတွက်လည်း အကျိုးရှိစေပါတယ်။ နိုင်ငံတကာနဲ့ ပူးပေါင်းဆောင်ရွက်မှုကနေ နည်းပညာရရှိတဲ့အတွက် ထိန်းသိမ်းရေးလုပ်ငန်းကိုလည်း အထောက်အကူဖြစ်စေမှာပါ။ ပြီးတော့ သဘာဝကိုချစ်မြတ်နိုးတဲ့စိတ် လူတိုင်းမှာ ထားရှိဖို့လိုပါတယ်။ သဘာဝကြီးပျက်စီးသွားရင် ကမ္ဘာကြီးလည်း ပျက်စီးနိုင်ပြီး သဘာဝကို အမှီပြုနေထိုင်တဲ့ တိရစ္ဆာန်နဲ့အပင်ကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်တာဟာ နိုင်ငံတော်ရဲ့ အမွေအနှစ်တွေကို ထိန်းသိမ်းကာကွယ်ခြင်းပါပဲ"ဟု ပူတာအိုမြို့ ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်မှ တောအုပ်ကြီး ဒေါ်အယ်လ်ကေစီယွန်းက ပြောသည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာန၏ ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်မှ ဝန်ထမ်းများနှင့် အမေရိကန် ပြည်ထောင်စုအခြေစိုက် Panthera Corporation မှ ပညာရှင်သုံးဦးတို့ ပူးပေါင်း၍ ၂၀၁၇ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ သဘာဝသိပ္ပံဆိုင်ရာ သုတေသနပြု လေ့လာမှတ်တမ်းတင်နိုင်ခြင်း မရှိသေးသော အိန္ဒိယ၊ တရုတ်နှင့် မြန်မာနိုင်ငံ သုံးနိုင်ငံထိစပ်နေသည့် မြန်မာနိုင်ငံအတွင်းရှိ နယ်ခြားကျောက်တိုင် အမှတ်(၄၆)အနီး အမြင့်ပေ ၁၄၈၀၀ ရေခဲတောင်တည်ရှိရာ ဧရိယာ၌ ကင်မရာကိုးလုံးကို တပ်ဆင်ခဲ့ပြီး အမြင့်ပေ ၁၇၀၀၀ အထိမြင့်သော ဂန်လန်ရာဇီရေခဲတောင်ဧရိယာတွင် အမြင့်ပေ ၁၁၆၄၈ နှင့် အမြင့်ပေ ၁၁၇၀၅ တို့တွင် ကင်မရာထောင်ချောက် ၇၁ လုံးကို တပ်ဆင်ခဲ့သည်။

ရေခဲတောင်များတွင်သာ နေထိုင်ကျက်စားလေ့ရှိသော နှင်းကျားသစ် (Snow Leopard)များကို အမဲလိုက်ခြင်း၊ အသားစားသတ္တဝါ(Prey Specise)များအား အလွန်အကျွံဖမ်းဆီးခြင်း၊ ကျက်စားရာနယ်မြေများ ကျဉ်းမြောင်းလာခြင်း၊ လူနှင့်တောရိုင်းတိရစ္ဆာန် ပဋိပက္ခဖြစ်ခြင်းတို့ကြောင့် သတ်ဖြတ်ခံရခြင်း၊ အမဲလိုက်ခံရခြင်းနှင့် ရာသီဥတုပြောင်းလဲလာခြင်းတို့ကြောင့် ကမ္ဘာပေါ်တွင် နှင်းကျားသစ်ကောင်ရေ ကျဆင်းလာလျက်ရှိပြီး မြန်မာနိုင်ငံ၏အိမ်နီးချင်းနိုင်ငံများဖြစ်သော တရုတ်၊ အိန္ဒိယ၊ နီပေါ၊ ပါကစ္စတန်၊ ဘူတန်၊ မွန်ဂိုလီးယား၊ အာဖဂန်နစ္စတန်၊ ကာဇက်စတန်၊ ရုရှား၊ တာဂျစ်ကစ္စတန်နှင့် ဥဇဘက်ကစ္စတန်နိုင်ငံတို့တွင် မျိုးတုံးရန်အန္တရာယ်ကျရောက်နိုင်သော မျိုးစိတ်အဖြစ် သတ်မှတ်ထားသည့် နှင်းကျားသစ်များ ကျက်စားလျက်ရှိကြောင်း သိရသည်။

**သတင်း - ညိမ်းသူ(သတင်းစဉ်)**

**ဓာတ်ပုံ - Snow Leopard Gp**



ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း အလင်္ကာကျော်စွာဘွဲ့ရရှိသူ အဆိုပညာရှင် ဦးသုမောင် ကိုယ်စား ဇနီးဖြစ်သူ ဒေါ်အေးအေးမေထံ ဂုဏ်ထူးဆောင်ဘွဲ့ လက်ရောက်ချီးမြှင့်အပ်နှင်းစဉ်။



ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း အလင်္ကာကျော်စွာဘွဲ့ရရှိသူ စာရေးဆရာ/ ဒါရိုက်တာ ဒုတိယဗိုလ်မှူးကြီး မောင်မောင်ဦး(ငြိမ်း) (တင်သန်းဦး) ကိုယ်စား ၎င်း၏ကိုယ်စားလှယ် ဦးခင်မောင်ချိုထံ ဂုဏ်ထူးဆောင်ဘွဲ့ လက်ရောက်ချီးမြှင့်အပ်နှင်းစဉ်။

○ ကျောဖုံးမှ

အဆိုပါဂုဏ်ထူးဆောင်ဘွဲ့များ အပ်နှင်းခြင်း အခမ်းအနားသို့ အကြောင်းအမျိုးမျိုးကြောင့် ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားသော်လည်း ကောင်း တက်ရောက်ရယူနိုင်ခဲ့ခြင်းမရှိဘဲ အဝေးရောက် လက်ခံရယူနိုင်မည့် ဘွဲ့ခံပုဂ္ဂိုလ်များအား နေပြည်တော်ကောင်စီအပါအဝင် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဂုဏ်ထူးဆောင်ဘွဲ့များ လက်ခံရယူမည့် ကာယကံရှင်မိသားစုဝင်များထံသို့ သွားရောက်ချီးမြှင့်အပ်နှင်းပေးလျက်ရှိသည်။

**ချီးမြှင့်အပ်နှင်း**

ထိုသို့ ချီးမြှင့်အပ်နှင်းပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေနှင့် တာဝန်ရှိသူများသည် အလင်္ကာကျော်စွာဘွဲ့ရရှိသူ အဆိုပညာရှင် ဦးသုမောင် ကိုယ်စား ဇနီးဖြစ်သူ ဒေါ်အေးအေးမေအား သင်္ဃန်းကျွန်းမြို့နယ်ရှိ ၎င်း၏နေအိမ်သို့ သွားရောက်၍ ဘွဲ့တံဆိပ်နှင့် ဘွဲ့လက်မှတ်ကို လက်ဝယ်အရောက် ချီးမြှင့်အပ်နှင်းခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် သီရိပျံချီဘွဲ့ရရှိသူ ငြိမ်းချမ်းရေးအကျိုးတော်ဆောင် ဒေါက်တာတင်မိုသီ ကိုယ်စား ၎င်း၏ ကိုယ်စားလှယ်ဖြစ်သူ ဦးကျော်စွာစိုး၊ အိုလမာအစ္စလမ် သာသနာ့ပညာရှင်များအဖွဲ့ချုပ် ဥက္ကဋ္ဌ အလ်ဟာဂျ် မော်လာနာဟာပိဇ် မုဟမ္မဒ်ဆွာလေဟ်(ခ) ဦးစိုးသန်း ကိုယ်စား သားဖြစ်သူ ဦးစိုးလွင်ဦး၊ ကူးသန်းရောင်းဝယ်ရေးနှင့် ထောက်ပံ့ရေးဌာနဝန်ကြီး ဦးအုန်း ကိုယ်စား ကိုယ်စားလှယ်ဖြစ်သူ ဦးဝင်းစိုးအောင်၊ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောရေးဌာန ပြည်သူ့ရိက္ခာ ထောက်ပံ့ရေးနှင့် သမဝါယမဌာနဝန်ကြီး သခင်ကျော်ထွန်း ကိုယ်စား သားဖြစ်သူ ဦးကျော်ထွန်းဝင်း၊ ဇေယျကျော်ထင်ဘွဲ့ရရှိသူ စစ်ရာထူးခန့်ချုပ် ဗိုလ်မှူးချုပ် စိုးမြင့်(ငြိမ်း) ကိုယ်စား သားဖြစ်သူ ဦးသန်းစိုး၊ ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ ပညာရေးဌာန ဒုတိယဝန်ကြီး ဦးသောင်းထွန်း ကိုယ်စား တူမဖြစ်သူ ဒေါ်လွင်လွင်အေး၊ ပညာရေးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်အေး ကိုယ်စား ချွေးမဖြစ်သူ ဒေါ်အေးအေးမြတ်၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်ရှိန် ကိုယ်စား တူဖြစ်သူ ဦးလင်းအောင်၊ သမဝါယမဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစံတင် ကိုယ်စား တူမဖြစ်သူ ဒေါ်သဇင်ရွှေ၊ ပြည်ထဲရေးဝန်ကြီးဌာန ရဲချုပ် ရဲဗိုလ်ချုပ်ကြီး ထွန်းလှအောင် ကိုယ်စား မြေးဖြစ်သူ ဆရာလေး ဒေါ်ခမ္မကုသလ၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံအမတ်ကြီး ဦးသူရိန်သန့်ဇင် ကိုယ်စား တူဖြစ်သူ ဦးဟိန်းထွဋ်နောင်၊ အလင်္ကာကျော်စွာဘွဲ့ရရှိသူ စာရေးဆရာ /ဒါရိုက်တာ ဒုတိယဗိုလ်မှူးကြီး မောင်မောင်ဦး(ငြိမ်း)(တင်သန်းဦး) ကိုယ်စား ကိုယ်စားလှယ်ဖြစ်သူ ဦးခင်မောင်ချိုတို့ကို ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်ရှိ ရန်ကုန်မြို့တော်ခန်းမ၌ ဂုဏ်ထူးဆောင် တံဆိပ်နှင့် ဘွဲ့လက်မှတ်များကို ချီးမြှင့်အပ်နှင်းခဲ့ကြောင်း သိရသည်။



ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း သီရိပျံချီဘွဲ့ရရှိသူ အိုလမာအစ္စလမ်သာသနာ့ပညာရှင်များအဖွဲ့ချုပ်ဥက္ကဋ္ဌ အလ်ဟာဂျ်မော်လာ နာဟာ ပိဇ် မုဟမ္မဒ်ဆွာလေဟ်(ခ) ဦးစိုးသန်း ကိုယ်စား သားဖြစ်သူ ဦးစိုးလွင်ဦးထံ ဂုဏ်ထူးဆောင်ဘွဲ့ လက်ရောက်ချီးမြှင့်အပ်နှင်းစဉ်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးရဲတင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြန်ကြားရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၁၇**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ဇန်နဝါရီ ၁၅ ရက် နံနက်ပိုင်းတွင် မိုင်းပန်မြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကို ကြည့်ရှုစစ်ဆေးပြီး မိုင်းပန်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် မိုင်းတုံမြို့ရှိ ထပ်ဆင့်လွှင့်စက်ရုံကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။ မွန်းလွဲပိုင်းတွင် မိုင်းဆတ်မြို့ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးနှင့် စာကြည့်တိုက်တို့ကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မိုင်းခတ်၊ မိုင်းထ၊ ပုံပါကျင်မြို့တို့မှ ဦးစီးမှူးများ၊ မိုင်းဆတ်ထပ်ဆင့်လွှင့် စက်ရုံမှူးတို့နှင့် တွေ့ဆုံသည်။

ဇန်နဝါရီ ၁၆ ရက် နံနက်ပိုင်းတွင် တာချီလိတ် ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနရုံး၌ ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မိုင်းယောင်း၊ မိုင်းယု၊ ကျိုင်းလတ်မြို့နယ်တို့မှ မြို့နယ်ဦးစီးမှူးနှင့် တာချီလိတ် ထပ်ဆင့်လွှင့်စက်ရုံမှ စက်ရုံမှူးတို့ကို တွေ့ဆုံပြီး တာချီလိတ် ထပ်ဆင့်လွှင့်စက်ရုံကို ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။



ဒုတိယဝန်ကြီး ဦးရဲတင့် ကျိုင်းတုံမြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၌ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံ အမှာစကားပြောကြားစဉ်။

ယင်းနောက် တာလေမြို့ရှိ ထပ်ဆင့်လွှင့်စက်ရုံ၊ တာလေမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ မိုင်းဖြတ်မြို့ ထပ်ဆင့်လွှင့်စက်ရုံနှင့် မိုင်းဖြတ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတို့သို့ ရောက်ရှိပြီး ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

မွန်းလွဲပိုင်းတွင် ကျိုင်းတုံမြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းတို့ကို ရောက်ရှိပြီး ဆရာဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား တွေ့ဆုံ၍ ပညာကို ကြိုးစားသင်ယူရေး၊ အတတ်ပညာသာမက အသိပညာဗဟုသုတကြွယ်ဝပြီး ဗလငါးတန် ပြည့်ဝသော လူငယ်များဖြစ်အောင် ပြုစုပျိုးထောင်ရေးနှင့် နိုင်ငံတော်အတွက် အားကိုးအားထားပြုနိုင်သည့် လူငယ်များဖြစ်အောင် ကြိုးစားကြရန် မှာကြားကာ ကျောင်းစာကြည့်တိုက်အတွက် စာအုပ်စာစောင်များနှင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှပေးအပ်သော အားကစားဆိုင်ရာ ပစ္စည်းများကို တာဝန်ရှိသူများထံ ပေးအပ်သည်။

ညနေပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတွင် တွဲဖက်ပြည်နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မိုင်းဆတ်နှင့် မိုင်းယန်းမြို့နယ် ဦးစီးမှူးများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံများ၊ ကျိုင်းတုံဇုန်နယ်မှူးနှင့် မိုင်းယောင်း၊ မိုင်းယန်း၊ မိုင်းခတ်၊ မိုင်းယု ထပ်ဆင့်လွှင့်စက်ရုံတာဝန်ခံများ၊ ကိုယ်ပွားသတင်းစာတိုက် (ကျိုင်းတုံ)တာဝန်ခံတို့အား တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများ မှာကြားသည်။

ဒုတိယဝန်ကြီးက ဝန်ထမ်းများနှင့် တွေ့ဆုံရာတွင် နိုင်ငံ့ဝန်ထမ်းပီသစွာ သစ္စာရှိရှိ တာဝန်သိသိ ထမ်းဆောင်ရေး၊ နွေရာသီကျောင်းပိတ်ရက်ကာလများတွင် ကျောင်းသား ကျောင်းသူလူငယ်များအားလပ်ချိန်ကို အကျိုးရှိစွာ အသုံးချနိုင်ရေးအတွက် တာဝန်ရှိသူများနှင့် ပူးပေါင်းပြီး အသိပညာဗဟုသုတ မျှဝေပေးနိုင်ရေး၊ ဝေးလံသောဒေသများဖြစ်၍ ဌာနဆိုင်ရာအကြီးအကဲနှင့် တာဝန်ရှိသူများ မလာရောက်နိုင်သော်လည်း မိမိတို့ကိုယ်တိုင်က တာဝန်သိစိတ်၊ စေတနာတို့ဖြင့် ဆောင်ရွက်ရန်ရှိသည်များကို အလိုက်တသိဆောင်ရွက်ကြရေး၊ ထပ်ဆင့်လွှင့်စက်ရုံများမှ ထုတ်လွှင့်မှုကို လျှပ်စစ်ဓာတ်အား ရရှိမှုအပေါ်မူတည်၍ အပြည့်အဝထုတ်လွှင့်ပေးနိုင်ရေး၊ ပွင့်လင်းရာသီတွင် မီးဘေးအန္တရာယ်သတိပြုကာကွယ်ရေးနှင့် လုပ်ငန်းဆိုင်ရာများကို ဆွေးနွေးမှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ညှိနှိုင်းဆွေးနွေးခဲ့သည်။

**သတင်းစဉ်**

# စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနားတွင် ဝန်ကြီးဌာနကိုယ်စားပြု ပါဝင်ဆောင်ရွက်ခဲ့ကြသော ဝန်ထမ်းများနှင့် ဆုရအားကစားသမားများအား ဂုဏ်ပြုချီးမြှင့်

**နေပြည်တော် ဇန်နဝါရီ ၁၇**

(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနားတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကိုယ်စားပြု စစ်ရေးပြ တပ်ခွဲ၊ ဂုဏ်ပြုယာဉ်၊ ပြခန်းတို့၌ ပါဝင်ဆောင်ရွက်ခဲ့ကြသောဝန်ထမ်းများနှင့် အားကစားပြိုင်ပွဲဆုရသူများအား ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းက အဆိုပါဝန်ကြီးဌာန၌ ကျင်းပသည်။

**ကြုံတောင့်ကြုံခဲ**

အခမ်းအနားတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက မိမိတို့ဘဝ တစ်သက်တာတွင် ကြုံတောင့်ကြုံခဲ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားနှင့် ကြုံကြိုက်ခြင်း၊ အဆိုပါ နေ့ထူးနေ့မြတ်




ဂုဏ်ပြုအခမ်းအနားတွင် ပါဝင်ဆင်နွှဲခွင့်၊ ဂုဏ်ပြုခွင့်ရခြင်းသည် များစွာဝမ်းမြောက်ဂုဏ်ယူဖွယ်ဖြစ်ကြောင်း၊ စုပေါင်းအင်အားဖြင့် ဆောင်ရွက်ရာတွင် ညီညာမှု၊ အင်အားစိုက်ထုတ်မှုများဖြင့် ဆောင်ရွက်ကြမှသာ အောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ မိမိနိုင်ငံ၏ နေ့ထူးနေ့မြတ် အခမ်းအနားတွင် စည်ကားသိုက်မြိုက်စွာ အောင်အောင်မြင်မြင် ဖြစ်မြောက်စေရေးအတွက် ကျရာအခန်းကဏ္ဍများက စည်းစည်းလုံးလုံး ကြိုးပမ်းအားထုတ်ခဲ့ကြသည့် နည်းတူ မိမိတို့တာဝန်ယူထားကြသည့် လယ်ယာကဏ္ဍဖွံ့ဖြိုးရေးလုပ်ငန်းများတွင်လည်း အားသွန်ခွန်စိုက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

**ချီးမြှင့်ပေးအပ်**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးလှမိုးနှင့် ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးတို့က (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနားတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ ဂုဏ်ပြုယာဉ်၊ ပြခန်းတို့၌ ပါဝင်ဆောင်ရွက်ခဲ့ကြသောဝန်ထမ်းများနှင့် အားကစားပြိုင်ပွဲဆုရသူများကို ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ရာ ဝန်ထမ်းများကိုယ်စား သက်ဆိုင်ရာအဖွဲ့ခေါင်းဆောင်များက လက်ခံရယူခဲ့ကြသည်။

**သတင်းစဉ်**

# လားရှိုးမြို့အတွင်း လူဦးရေစာရင်းမှန်ကန်ရေး မြေပြင်တစ်အိမ်တက်ဆင်း ကွင်းဆင်းစာရင်းကောက်ယူနေမှု ကြည့်ရှုအားပေး

**နေပြည်တော် ဇန်နဝါရီ ၁၇**

မြေပြင်ကွင်းဆင်းစာရင်း ကောက်ယူရေး ကြီးကြပ်မှု ဗဟိုကော်မတီဥက္ကဋ္ဌ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ ရှမ်းပြည်နယ် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းနှင့် တာဝန်ရှိသူများသည် ယမန်နေ့နံနက်ပိုင်းက လားရှိုးမြို့အတွင်း လူဦးရေစာရင်းမှန်ကန်ရေးအတွက် မြေပြင်တစ်အိမ်တက်ဆင်း ကွင်းဆင်းစာရင်းကောက်ယူနေမှုကို သွားရောက်ကြည့်ရှုအားပေးပြီး လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ အမှတ်(၁၀) ရပ်ကွက် လူမှုဝန်ထမ်းဦးစီးဌာန လူငယ်သင်တန်းကျောင်းရှိ သင်တန်းသား ၆၀ ကို မြေပြင်တစ်အိမ်တက်ဆင်း ကွင်းဆင်းစာရင်းကောက်ယူရေးအဖွဲ့ဝင်များက e–ID Software ဖြင့် ပြုစုထားသည့် အိမ်ထောင်စုလူဦးရေစာရင်းပါ အချက်အလက်များအား လက်ရှိမြေပြင် လူဦးရေစာရင်း အချက်အလက်များနှင့် ကိုက်ညီမှု ရှိ/မရှိ၊ နိုင်ငံသားကတ်ရရှိမှုနှင့် ပြောင်းရွှေ့လာသည့် မူလဒေသအခြေအနေတို့ကို တစ်ဦးချင်း မေးမြန်း တိုက်ဆိုင်ဖြည့်သွင်းဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် Working Group အဖွဲ့ဝင်များကို လုပ်ငန်းဆိုင်ရာ အခက်အခဲများ မေးမြန်းပြီး မြေပြင်လူဦးရေစာရင်း ကောက်ယူခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ သင်တန်းသားများအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။

ဆက်လက်၍ အမှတ်(၁၀) ရပ်ကွက်အတွင်း မြေပြင်တစ်အိမ်တက်ဆင်း ကွင်းဆင်းစာရင်းကောက်ယူရေးအဖွဲ့(Working Group) အဖွဲ့ဝင်များက ရပ်ကွက်အတွင်း တစ်အိမ်တက်ဆင်း လူဦးရေစာရင်း အချက်အလက်များ တိုက်ဆိုင်စစ်ဆေးရေးမှတ်ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုအားပေးပြီး လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကို မေးမြန်းဆွေးနွေး ဖြည့်ဆည်းဆောင်ရွက်ပေးကာ အိမ်ရှင်မိသားစုဝင်များအား လူဦးရေစာရင်း မှန်ကန်ရေးအတွက် စာရင်းကောက်ယူမှုအခြေအနေကို ရှင်းလင်းပြောကြား၍ နှုတ်ဆက်အားပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် လားရှိုးမြို့ အမှတ်(၁)ရပ်ကွက်ရှိ လားရှိုးတက္ကသိုလ် ဝန်ထမ်းအိမ်ရာဝင်းအတွင်း မြေပြင်တစ်အိမ်တက်ဆင်း ကွင်းဆင်းစာရင်းကောက်ယူရေးအဖွဲ့ဝင်များက ဝန်ထမ်းအိမ်ရာရှိ မိသားစုဝင်များအား မြေပြင်ကွင်းဆင်း လူဦးရေစာရင်းကောက်ယူတိုက်ဆိုင်မေးမြန်း ဖြည့်သွင်းဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးကြပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

**တွေ့ဆုံ**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် လားရှိုး၊ ကျောက်မဲ၊ တန့်ယန်း၊ ကွတ်ခိုင်တို့မှ ခရိုင်နှင့် မြို့နယ်ဦးစီးဌာနမှူးများနှင့် ဝန်ထမ်းများကို လားရှိုးမြို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယပြည်နယ်ဦးစီးမှူးရုံး၌ တွေ့ဆုံပြီး နိုင်ငံတော်တွင် နောင်ကျင်းပမည့် အထွေထွေရွေးကောက်ပွဲ၌ မဲပေးပိုင်ခွင့်ရှိသူ နိုင်ငံသားတိုင်း ကိုင်ဆောင်သင့်သည့် ကတ်ပြားတစ်မျိုးမျိုး ကိုင်ဆောင်မဲပေးနိုင်ရေးအတွက် နိုင်ငံသားကတ်ထုတ်ပေးခြင်းလုပ်ငန်းကို နိုင်ငံတစ်ဝန်း ပန်းခင်းစီမံချက်ဖြင့် ကွင်းဆင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကွင်းဆင်းဆောင်ရွက်ပေးရန် ကျန်ရှိသည့် “ဝ”အထူးဒေသအတွင်း ယခုအခါ မိမိဌာန ဝန်ထမ်းထုတ်နုတ်အင်အားဖြင့် နိုင်ငံသားကတ်ထုတ်ပေးခြင်း လုပ်ငန်းကို ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယင်းဒေသအတွင်း လျာထားသတ်မှတ်ချက်အတိုင်း ပြည့်မီပြီးစီးနိုင်ရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။



၂၀၂၀ ပြည့်နှစ်တွင် ကျင်းပခဲ့သည့် ရွေးကောက်ပွဲ၌ မဲစာရင်းအမှားများ ဖြစ်ပွားခဲ့သည့်အတွက် နောင်ကျင်းပမည့် ရွေးကောက်ပွဲများတွင် မဲစာရင်းများ တိကျမှန်ကန်စေရန် ယခုအခါ လူဦးရေစာရင်း အချက်အလက်များ မြေပြင်ကွင်းဆင်းတိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်းကို တိုင်းဒေသကြီး/ပြည်နယ်အလိုက် ဒေသအာဏာပိုင်များ၊ အခြားဆက်စပ်ဌာနဝန်ထမ်းများဖြင့် ပူးပေါင်းကာ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ လူဦးရေစာရင်း မှန်ကန်စေရေးအတွက် မြေပြင်ကွင်းဆင်းတိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်းသည် နိုင်ငံတော် အတွက် အရေးကြီးသည့် လုပ်ငန်းတစ်ခုဖြစ်ပြီး ဇန်နဝါရီ ၉ ရက်မှ ၃၁ ရက်ထိ ၂၃ ရက်ကြာ ကောက်ယူဆောင်ရွက်ရမည်ဖြစ်ပြီး သတ်မှတ်ကာလအတွင်း လုပ်ငန်းများပြီးစီးနိုင်ရေးနှင့် ကောက်ယူရရှိသည့် အချက်အလက်စာရင်းပုံစံများ ပျက်စီးဆုံးရှုံးမှုမရှိစေရေး၊ မသမာသူများ၏ ဖျက်ဆီးမှုမခံရစေရေး ကြိုတင်မြော်တွေး၍ စနစ်တကျ ထိန်းသိမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ရရှိပြီးသော လူဦးရေစာရင်း အချက်အလက်များအား e–ID Software သို့ တိုက်ဆိုင်ဖြည့်သွင်းဆောင်ရွက်မှုကိုလည်း အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်နိုင်ရန်လိုအပ်ကြောင်း မှာကြားသည်။

ထို့နောက် ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒုတိယပြည်နယ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူးက ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်း ပန်းခင်းစီမံချက် အဆင့်(၂)ဆောင်ရွက်ပြီးစီးမှုနှင့် “ဝ”အထူးဒေသအတွင်း ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များ၊ မြို့နယ်များအလိုက် လူဦးရေစာရင်းမှန်ကန်ရေးအတွက် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကိုလည်းကောင်း၊ ခရိုင်နှင့်မြို့နယ်ဦးစီးမှူးများက ခရိုင်နှင့် မြို့နယ်အလိုက် မြေပြင်ကွင်းဆင်း စာရင်းကောက်ယူပြီးစီးမှုနှင့် လုပ်ငန်းလိုအပ်ချက်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး ရှမ်းပြည်နယ်ဦးစီးမှူး ညွှန်ကြားရေးမှူးက “ဝ”အထူးဒေသအတွင်း ထပ်မံကွင်းဆင်းဆောင်ရွက်မည့်အစီအမံများကို ဖြည့်စွက်တင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# လဲချားမြို့နယ်၌ လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှုများ လျှော့ချနိုင်ရေး ကွင်းဆင်းဆောင်ရွက်

**လဲချား ဇန်နဝါရီ ၁၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့နယ်၌ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှုများလျှော့ချနိုင်ရေး၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ လျှပ်စစ်ဓာတ်အားပြည့်ဝစွာသုံးစွဲနိုင်ရေး၊ လျှပ်စစ်ဓာတ်အားပြတ်တောက်မှုများလျှော့ချနိုင်ရေးနှင့် တရားမဝင်ဓာတ်အားသုံးစွဲမှုများ စိစစ်ဖော်ထုတ်အရေးယူနိုင်ရေးတို့အတွက် ယနေ့နံနက် ၈ နာရီတွင် မြို့ပေါ်ရပ်ကွက်များအတွင်း ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

**ကွင်းဆင်းစစ်ဆေး**

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးသူရိန်နှင့် ဝန်ထမ်းများက လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် ဓာတ်အားပြတ်တောက်မှု လျှော့ချနိုင်ရေးအတွက် ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသည့် သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ တရားမဝင်ဓာတ်အားသုံးစွဲမှုများ စိစစ်ဖော်ထုတ်အရေးယူနိုင်ရေးနှင့် ဓာတ်အားပျောက်ဆုံးမှုများ လျှော့ချနိုင်ရေး၊ ရပ်ကွက်များအတွင်း တပ်ဆင်အသုံးပြုလျက်ရှိသော မီတာများအား ကွင်းဆင်းစစ်ဆေးခြင်းလုပ်ငန်းများကို သတ်မှတ်ရက်များအလိုက် ကွင်းဆင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေး လူထုအားကစားမြှင့်တင်ပေး

ကိုဌေး(ကနောင်)



၂၀၂၂ ခုနှစ် ဒီဇင်ဘာလဒုတိယပတ်က လူထုအားကစားလှုပ်ရှားမှု စုပေါင်းလမ်းလျှောက်ပွဲကို နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပစဉ်။

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတစ်ခု ထူထောင်ရာတွင် စိတ်ရောကိုယ်ပါ ကျန်းမာကြံ့ခိုင်သော ပြည်သူလူထုကို အခြေခံရမည်ဖြစ်ပါသည်။ ထို့ကြောင့်ပင် လွန်ခဲ့သောနှစ်ပေါင်း ၁၀၀၀ ကျော်က ဂရိနိုင်ငံများ တန်ခိုးကြီးထွားစဉ် စပါတာလူမျိုးများသည် ၎င်းတို့နိုင်ငံသားများ၏ ကျန်းမာကြံ့ခိုင်ရေးကို အထူးအလေးပေးသည့်အနေဖြင့် နိုင်ငံအတွင်း မွေးဖွားလာသောကလေးများအား ချီလီဆိုသည့်အရပ်သို့ သွားရောက်စေပြီး ကျန်းမာရေးစစ်ဆေးသည့်အဖွဲ့ထံ စစ်ဆေးခံရကြောင်း၊ ကျန်းမာသန်စွမ်းသည့် ကလေးများအား နိုင်ငံက အစစအရာရာ တာဝန်ယူ ပြုစုပျိုးထောင်ပြီး ကျန်းမာသန်စွမ်းမှုမရှိ၊ ကိုယ်လက်အင်္ဂါပြည့်စုံခြင်းမရှိသည့် ကလေးငယ်များအား အပိုဗီသီဆိုသည့် ချောက်ကမ်းပါးမှ အောက်သို့ ပစ်ချခြင်းများ ဆောင်ရွက်ခဲ့ကြောင်း ဖတ်ရှုမှတ်သားဖူးပါသည်။ ကျန်းမာသန်စွမ်း၍ ရောဂါကင်းသောကလေးများအား နိုင်ငံတော်က အားကစားနှင့် စစ်ရေးပညာများ တွဲဖက်သင်ကြားပေးပြီး ကျန်းမာသန်စွမ်းသော လူငယ်များဖြင့် တောင့်တင်းခိုင်မာသောစစ်တပ်ကို ဖွဲ့စည်းကာ နိုင်ငံ၏ကာကွယ်ရေး၊ စီးပွားရေး၊ ပညာရေး၊ ယဉ်ကျေးမှုနှင့် လူမှုရေးရာအဖြာဖြာတို့ကို တည်ဆောက်ခဲ့ကြောင်း၊ ပြည်သူလူထု၏ ကျန်းမာကြံ့ခိုင်ရေးကို ဦးစားပေးဆောင်ရွက်ခဲ့သည့် ရာဇဝင်အထောက်အထားများကို တွေ့ရမည်ဖြစ်ပါသည်။ ဤသည်ကား တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးသည် လွန်စွာအရေးကြီးသည်ကို ဖော်ညွှန်းနေခြင်းပင်ဖြစ်ပါသည်။

## လူထုအားကစား ပေါ်ပေါက်လာပုံ

လူထုအားကစား စတင်ပေါ်ပေါက်လာခြင်းနှင့် ပတ်သက်၍ ဒုတိယကမ္ဘာစစ်ကြီးအပြီး ၁၉၅၅–၁၉၅၆ ခုနှစ်ဝန်းကျင်ခန့်တွင် စတင်ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်ဟု မှတ်သားဖူးပါသည်။ အဆိုပါအချိန်ကာလတွင် နိုင်ငံအများစုသည် လွတ်လပ်ရေးရရှိခဲ့ကြပြီး ဒုတိယကမ္ဘာစစ်အတွင်း စစ်ဘေးစစ်ဒဏ်ခံရသည့်အတွက် တိုင်းပြည်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို မဖြစ်မနေဆောင်ရွက်ကြရပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် မရှိမဖြစ် လိုအပ်သည့်အရာမှာ ပြည်သူများ၏ ကာယကြံ့ခိုင်မှုနှင့် စိတ်ဓာတ်ကြံ့ခိုင်မှုကို ဦးစားပေး ပျိုးထောင်ပေးခြင်းမှတစ်ပါး အခြားနည်းလည်းမရှိကြောင်း သိရှိခဲ့ကြပါသည်။

တိုင်းပြည် ပြန်လည်ထူထောင်ရေးကာလတွင် နိုင်ငံ၏ စီးပွားရေးလုပ်ငန်းများ တည်ဆောက်ရာ၌ ကုန်ထုတ်စွမ်းအား မြင့်မားရေးအတွက် ကျန်းမာသန်စွမ်းသည့် ကာယ၊ ဉာဏ လုပ်သားကောင်းများ ရရှိရန် လိုအပ်သကဲ့သို့ တိုင်းပြည်ကို ကာကွယ်စောင့်ရှောက်ရန်အတွက် ကျန်းမာသန်စွမ်းသည့် စစ်သည်များလည်း မရှိမဖြစ် လိုအပ်လာပါသည်။ သို့ဖြစ်၍ ကျန်းမာသန်စွမ်းသည့် ပြည်သူပြည်သားများ ဖြစ်လာစေရေးအတွက် အားကစားလှုပ်ရှားမှုများကို ပြည်သူတစ်ရပ်လုံး ပါဝင်လာအောင် ဆောင်ရွက်ပေးရမည့် နည်းလမ်းမှတစ်ပါး အခြားနည်းလမ်းမရှိကြောင်းလည်း သိရှိနားလည်လာခဲ့ကြပါသည်။ အဆိုပါကာလများတွင် ဆောင်ရွက်ခဲ့သည့် အားကစားလှုပ်ရှားဆောင်ရွက်မှုများမှာ အပျင်းပြေသဘောမျိုးမဟုတ်ဘဲ အမျိုးသားရေးစိတ်ဓာတ်နှင့် သမိုင်းပေးတာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်ခဲ့ကြခြင်းလည်း ဖြစ်ပါသည်။

မြန်မာနိုင်ငံအနေဖြင့်လည်း ၁၉၆၄ ခုနှစ်မှ စတင်၍ ကျန်းမာကြံ့ခိုင်မှုနှင့်ပြည့်စုံသည့် ပြည်သူများ ဖြစ်ပေါ်လာစေရေးအတွက် Mass Sports ဟုခေါ်သည့် လူထုအားကစားလုပ်ငန်းများကို **“လူတစ်စုအားကစားမှ လူထုအားကစား”** ဆိုသည့် ဆောင်ပုဒ် စိုက်ထူစွဲကိုင်ပြီး **“ကျေးရွာအဆုံး၊ တစ်ပြည်လုံး၊ ဆင်းရဲချမ်းသာ ကစားပါ”** ဆိုသည့် ကြွေးကြော်သံဖြင့် လူထုအားကစားလှုပ်ရှားမှုများအတွက် တပ်လှန့်နှိုးဆော်ခဲ့သည့် အားကစားသမိုင်းမှတ်တိုင်များ ခိုင်ခိုင်မာမာရှိခဲ့ကြောင်း တွေ့ရှိရပါသည်။

## လူထုအားကစား၏ သဘောသဘာဝများ

လူထုအားကစားပေါ်ပေါက်လာရခြင်း သမိုင်းကြောင်းအပေါ် အခြေခံ၍ လူထုအားကစားနှင့် ပတ်သက်ပြီး အဓိပ္ပာယ်ဖွင့်ဆိုကြရာတွင် **“လူထုအားကစားဆိုသည်မှာ အားကစားလှုပ်ရှားဆောင်ရွက်မှုအရပ်ရပ်တွင် လူအများစုသာမဟုတ်ဘဲ လူထုတစ်ရပ်လုံး ပါဝင်လှုပ်ရှားကစားခြင်း”** ဟူ၍လည်းကောင်း၊ **“လူထုအားကစားဆိုသည်မှာ ငွေကုန်ကြေးကျနည်း၍ လူကြီး၊ လူငယ်၊ လူရွယ်၊ လူလတ်၊ ယောကျ်ား၊ မိန်းမမရွေး လွယ်လင့်တကူ စုပေါင်းလေ့ကျင့်နိုင်သော ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်း”** ဟူ၍လည်းကောင်း အဓိပ္ပာယ်ဖွင့်ဆိုကြပါသည်။ လူထုအားကစားမှာ အခြားအားကစားနည်းများကဲ့သို့ လေ့ကျင့်ယှဉ်ပြိုင်ခြင်းများ မပါဝင်ဘဲ ကျန်းမာကြံ့ခိုင်မှုရှိရေးကို ဦးတည်၍ လူအများ လွတ်လပ်ပျော်ရွှင်စွာ စုပေါင်းဆောင်ရွက်ကြခြင်းမျိုးဖြစ်ပါသည်။

လူထုအားကစား လှုပ်ရှားမှုများဖြစ်သည့် စုပေါင်းလမ်းလျှောက်ခြင်း၊ ကိုယ်လက်လှုပ်ရှားမှုတစ်ခုခုကို စုပေါင်းပြုလုပ်ခြင်းများသည် အားကစားအထောက်အကူပြုပစ္စည်းမလိုခြင်း၊ အသက်အရွယ် ကျား၊ မ မရွေး စုပေါင်းပါဝင်လှုပ်ရှားနိုင်ခြင်းတို့အပြင် ပြိုင်ပွဲအသွင်မဟုတ်သည့်အတွက် ပါဝင်ဆင်နွှဲသူအားလုံး လွတ်လပ်ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲနိုင်ကြမည် ဖြစ်ပါသည်။ လမ်းလျှောက်ခြင်း၊ ကိုယ်လက်လှုပ်ရှားမှုတစ်ခုခုကို တစ်ဦးချင်း ပုံမှန်ပြုလုပ်မည်ဆိုပါက ပြုလုပ်သူတစ်ဦးချင်း ကျန်းမာကြံ့ခိုင်မည်ဖြစ်ပြီး မိသားစုအလိုက်သော်လည်းကောင်း၊ အသင်းအဖွဲ့အလိုက်သော်လည်းကောင်း၊ ရုံးဌာနအလိုက်သော်လည်းကောင်း၊ ကျောင်းအလိုက်သော်လည်းကောင်း စုပေါင်းဆောင်ရွက်ပါက ပါဝင် ဆောင်ရွက်သူများအားလုံး ကျန်းမာခြင်း၏ အကျိုးကို မလွဲမသွေ ရရှိခံစားကြရမည်ဖြစ်ပါသည်။

သို့ဖြစ်၍ နိုင်ငံအတွင်းရှိ ပြည်သူအများ ကျန်းမာကြံ့ခိုင်စေရန် ရည်ရွယ်၍ **ယခင် အားကစားနှင့် ကာယပညာကော်မတီ၊ အားကစားနှင့်ကာယပညာ ဦးစီးဌာနမှသည် အားကစားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအပါအဝင်** အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအနေဖြင့် နှစ်စဉ် ဒီဇင်ဘာလကို လူထုအားကစားလအဖြစ် သတ်မှတ်၍ လမ်းလျှောက်ခြင်း၊ ကိုယ်လက်လှုပ်ရှား အားကစားတစ်ခုခုကို ပြုလုပ်ခြင်း အလေ့အကျင့်များ ဖြစ်ပေါ်လာစေရေးအတွက် ဒီဇင်ဘာလ၏ အပတ်စဉ် စနေနေ့တိုင်းတွင် လူထုစုပေါင်းလမ်းလျှောက်ပွဲများ၊ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေး လှုပ်ရှားမှုများနှင့် ပျော်ပွဲရွှင်ပွဲ အားကစားပြိုင်ပွဲများကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ပြုလုပ်နိုင်ရန် စီမံချက်များ ချမှတ်၍ တွန်းအားပေးဆောင်ရွက်နေခြင်း ဖြစ်ပါသည်။

ထိုသို့ ဆောင်ရွက်ပေးနေခြင်းမှာ ပြည်သူများ၏ ကျန်းမာရေးအတွက် ကောင်းမွန်သည့် အလေ့အကျင့်များ ရရှိစေရန် ဝန်ကြီးဌာနအနေဖြင့် အစပျိုး အကောင်အထည်ဖော်ပေးနေခြင်းသာ ဖြစ်ပါသည်။ ထိုအလေ့အကျင့်ကောင်းများကို ပြည်သူများအနေဖြင့် လိုက်ပါဆောင်ရွက်ကြရန်သာ လိုအပ်ပါသည်။ လူတစ်ဦးချင်းမှ အစပြု၍ ပြည်သူတစ်ရပ်လုံး နေ့စဉ် အနည်းဆုံး နာရီဝက်ခန့် ပုံမှန်လမ်းလျှောက်ခြင်း သို့မဟုတ် ကိုယ်လက်လှုပ်ရှားမှုတစ်ခုခုကိုသာ ပုံမှန်ပြုလုပ်ကြမည်ဆိုပါက အားလုံးကျန်းမာလာကြမည်ဖြစ်ပါသည်။ ပြည်သူတစ်ရပ်လုံးသာပင်ကိုကျန်းမာရေးအသိဖြင့် လိုက်ပါလုပ်ဆောင်ကြမည်ဆိုလျှင် ပြည်သူအများ ကျန်းမာလာကြမည်ဖြစ်၍ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးဆိုသည့် အချက်ကို ပြည်သူများကိုယ်တိုင် အလိုလိုလိုက်နာအကောင်အထည်ဖော်ပြီးသား ဖြစ်သွားမည်ဟုလည်း ယုံကြည်မိပါသည်။

## လူထုအားကစားမြှင့်တင်ခြင်းနှင့် အားကစား အောင်မြင်မှု တိုက်ရိုက်အချိုးကျသည့် အခြေအနေများ

၁၉၆၀ ပြည့်လွန်နှစ်များတွင် တစ်နိုင်ငံလုံး၊ တစ်မျိုးသားလုံး အားကစားကို လူထုအားကစားလှုပ်ရှားမှုအသွင်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြသည်။ ထိုခေတ် ထိုအခါက လူထုအားကစားလအဖြစ် သတ်မှတ်ထားသည့် ဒီဇင်ဘာလအတွင်း အပတ်စဉ် စနေနေ့တိုင်း လူထုစုပေါင်းလမ်းလျှောက်ပွဲများ၊ စုပေါင်းကိုယ်လက်ကြံ့ခိုင်မှုပြုလုပ်ခြင်းများအပြင် ပျော်ပွဲရွှင်ပွဲ၊ အားကစားပြိုင်ပွဲများကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြသည်။ ၎င်းအပြင် (ဥပမာ– လွတ်လပ်ရေးနေ့၊ ပြည်ထောင်စုနေ့၊ တပ်မတော်နေ့၊ တောင်သူလယ်သမားနေ့၊ အလုပ်သမားနေ့များကဲ့သို့) နေ့ကြီး/ရက်ကြီးများတွင် မြန်မာပြည်အနှံ့ အားကစားပြိုင်ပွဲများ ခြိမ့်ခြိမ့်သဲ ကျင်းပခဲ့ကြသည်။ ရပ်ကွက်/ကျေးရွာပေါင်းစုံ၊ မြို့နယ်ပေါင်းစုံ၊ ခရိုင်ပေါင်းစုံ အားကစားပြိုင်ပွဲများကို ဒေသဆိုင်ရာ၊ အဖွဲ့အစည်းအဆင့်ဆင့်၊ အားကစားဝါသနာရှင်များ၊ မြို့မိမြို့ဖများ၊ စေတနာရှင်၊ အလှူရှင်များ အပါအဝင် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ဆင်နွှဲခဲ့ကြသည်။ ပြိုင်ပွဲများလည်း ခြိမ့်ခြိမ့်သဲ စည်ကားခဲ့သည်။ ထို့ပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် အားကစားကို စိတ်ပါဝင်စားသည့် မြို့မိ၊ မြို့ဖများ၊ အားကစားဝါသနာရှင်များနှင့် အားကစားဆပ်ကော်မတီများ ပူးပေါင်း၍ မြန်မာပြည်အနှံ့ ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲများ ကျင်းပခဲ့ကြသည်။

ထိုခေတ်ကာလက ပြည်နယ်/ တိုင်းဒေသကြီး အားကစားပြိုင်ပွဲများမှာ အဆင့်အတန်းမြင့်မားပြီး ပြိုင်ဆိုင်မှု ပြင်းထန်သည့်အတွက် ထိုပြိုင်ပွဲများမှ အားကစားနည်းအလိုက် ထူးချွန်သည့် မျိုးဆက်သစ်များ ပေါ်ထွက်မှုကြောင့် မြန်မာ့အားကစားအဆင့်အတန်း မြင့်မားခဲ့သည်။ ဝန်ကြီးဌာနပေါင်းစုံ ပြိုင်ပွဲများ၊ တံခွန်စိုက်ပြိုင်ပွဲများ စဉ်ဆက်မပြတ်ကျင်းပ၍ နိုင်ငံတကာ ဖိတ်ခေါ်ပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်ပြီး အတွေ့အကြုံရယူကာ ထိုခေတ် ထိုအခါက ဒေသတွင်း အားကစားပြိုင်ပွဲများတွင် အမြင့်ဆုံးပြိုင်ပွဲဖြစ်သည့် အရှေ့တောင်အာရှကျွန်းဆွယ် အားကစားပြိုင်ပွဲ (SEAP Games) ပြိုင်ပွဲများတွင် မြန်မာ့အားကစား ထိပ်တန်းမှ ရပ်တည်နိုင်ခဲ့သည်မှာ လူထုအားကစားမြှင့်တင်ဆောင်ရွက်ခြင်းနှင့် အားကစားအောင်မြင်မှု တိုက်ရိုက်အချိုးကျသည့်အခြေအနေများပင် ဖြစ်ပါတော့သည်။

စာမျက်နှာ ၇ သို့ ✳

❛ လူထုအားကစားလှုပ်ရှားမှုများဖြစ်သည့် စုပေါင်းလမ်းလျှောက်ခြင်း၊ ကိုယ်လက်လှုပ်ရှားမှုတစ်ခုခုကို စုပေါင်းပြုလုပ်ခြင်းများသည် အားကစားအထောက်အကူပြုပစ္စည်းမလိုခြင်း၊ အသက်အရွယ် ကျား၊ မ မရွေး စုပေါင်းပါဝင်လှုပ်ရှားနိုင်ခြင်းတို့အပြင် ပြိုင်ပွဲအသွင်မဟုတ်သည့်အတွက် ပါဝင်ဆင်နွှဲသူအားလုံး လွတ်လပ်ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲနိုင်ကြမည်ဖြစ်ပါသည်။ လမ်းလျှောက်ခြင်း၊ ကိုယ်လက်လှုပ်ရှားမှုတစ်ခုခုကို တစ်ဦးချင်း ပုံမှန်ပြုလုပ်မည်ဆိုပါက ပြုလုပ်သူတစ်ဦးချင်း ကျန်းမာကြံ့ခိုင်မည်ဖြစ်ပြီး မိသားစုအလိုက်သော်လည်းကောင်း၊ အသင်းအဖွဲ့အလိုက်သော်လည်းကောင်း၊ ရုံးဌာနအလိုက်သော်လည်းကောင်း၊ ကျောင်းအလိုက်သော်လည်းကောင်း စုပေါင်းဆောင်ရွက်ပါက ပါဝင်ဆောင်ရွက်သူများအားလုံး ကျန်းမာခြင်း၏အကျိုးကို မလွဲမသွေရရှိခံစားကြရမည် ❜

✳ စာမျက်နှာ ၆ မှ

**ရွှေရောင်လွှမ်းခဲ့သည့်ကာလများမှ အားကစားအောင်မြင်မှု တစ်စိတ်တစ်ဒေသ**

မြန်မာနိုင်ငံအနေဖြင့် လူထုအားကစားလှုပ်ရှားမှုများကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ၁၉၆၀ ပြည့်လွန်နှစ်များမှ ၁၉၇၀ ပြည့်လွန်နှစ်များ အတွင်း မြန်မာ့အားကစား အောင်မြင်မှုများကို ပြန်ကြည့်လျှင် အရှေ့တောင်အာရှအဆင့်တွင် ထိပ်တန်း၌ရပ်တည်နိုင်ခဲ့ပြီး အာရှအဆင့်အထိ ထိုးဖောက်ကာ ကမ္ဘာ့အဆင့်အထိ တက်လှမ်းနိုင်ခဲ့သည်ကို တွေ့ရသည်။

အဆိုပါကာလများအတွင်း အားကစားနည်းအလိုက် အောင်မြင်မှုများစွာရှိသည့်အနက် အောင်မြင်မှုအချို့ကို ကောက်နုတ်ဖော်ပြရမည်ဆိုလျှင် ၁၉၆၁ ခုနှစ် မြန်မာနိုင်ငံ၌ ဒုတိယအကြိမ် အရှေ့တောင်အာရှကျွန်းဆွယ် အားကစားပြိုင်ပွဲကြီးအား ပထမအကြိမ် အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ကြသည်။ အဆိုပါပြိုင်ပွဲတွင် အားကစားနည်းအလိုက် ပြိုင်ပွဲ ပွဲစဉ်ပေါင်း ၇၉ ပွဲ ထည့်သွင်းကျင်းပခဲ့ကြရာ ပွဲစဉ်ပေါင်း ၃၅ ပွဲတွင် မြန်မာနိုင်ငံမှ အောင်မြင်မှု ဆုတံဆိပ်များ ရရှိခဲ့ပြီး နိုင်ငံအလိုက် ပထမအဆင့်တွင် ရပ်တည်နိုင်ခဲ့သည်။ အလားတူ ၁၉၆၉ ခုနှစ် ပဉ္စမအကြိမ် အရှေ့တောင်အာရှကျွန်းဆွယ်အားကစားပြိုင်ပွဲကြီးကို မြန်မာနိုင်ငံ၌ ဒုတိယအကြိမ် အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည်။ အဆိုပါပြိုင်ပွဲကြီးတွင်လည်း မြန်မာနိုင်ငံအနေဖြင့် အားကစားနည်းအလိုက် ပြိုင်ပွဲ ပွဲစဉ်ပေါင်း ၁၄၅ ပွဲ ထည့်သွင်းကျင်းပခဲ့ရာ ပွဲစဉ်ပေါင်း ၅၇ ပွဲ၌ အောင်မြင်မှု ရွှေတံဆိပ်ဆုများ ဆွတ်ခူးရရှိခဲ့ပြီး နိုင်ငံအလိုက် ပထမနေရာ ရပ်တည်နိုင်ခဲ့ပြန်ပါသည်။ ဒုတိယအကြိမ် ကျွန်းဆွယ်အားကစားပြိုင်ပွဲတွင် ပြေးခုန်ပစ် အားကစားနည်း တစ်ခုတည်းမှ ရွှေတံဆိပ်ခုနစ်ခု ရရှိခဲ့ပြီး ပဉ္စမအကြိမ် ကျွန်းဆွယ် အားကစားပြိုင်ပွဲတွင် ပြေးခုန်ပစ်အားကစားနည်း တစ်ခုတည်းမှ ရွှေတံဆိပ် အခု ၂၀ ရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည်။

ထို့ပြင် အဆိုပါကာလများအတွင်း မြန်မာဘောလုံးအသင်းသည် ၁၉၆၅၊ ၁၉၆၇၊ ၁၉၆၉၊ ၁၉၇၁၊ ၁၉၇၃ ခုနှစ်များတွင် ငါးနှစ်ဆက်တိုက် အရှေ့တောင်အာရှကျွန်းဆွယ် ချန်ပီယံဖြစ်ခဲ့ပြီး ၁၉၆၆ ခုနှစ်နှင့် ၁၉၇၀ ပြည့်နှစ်များတွင် ကျင်းပသည့် အာရှအားကစားပြိုင်ပွဲများတွင် နှစ်ကြိမ်ဆက်တိုက် အာရှချန်ပီယံဖြစ်ခဲ့သည်။ အရှေ့တောင်အာရှနိုင်ငံများတွင် အာရှချန်ပီယံ နှစ်ကြိမ်ဖြစ်ခဲ့သည့်နိုင်ငံဟူ၍ မြန်မာနိုင်ငံတစ်နိုင်ငံသာရှိခဲ့သည့် သမိုင်းမှတ်တမ်းလည်း ဝင်ခဲ့သည်။ အဆိုပါကာလများအတွင်း ဒေသတွင်း ဘောလုံးပြိုင်ပွဲများဖြစ်သည့် မာဒေးကား ချန်ပီယံသုံးကြိမ်၊ ပတ်ချ်ဟီးဖလားချန်ပီယံသုံးကြိမ်၊ ဂျကာတာဖလားချန်ပီယံ လေးကြိမ်၊ မာရာဟာလင်ဖလားချန်ပီယံ သုံးကြိမ်နှင့် အာရှလူငယ်ချန်ပီယံ ရှစ်ကြိမ်အထိ ဆွတ်ခူးရရှိခဲ့သည့် မှတ်တမ်းများအရ အဆိုပါကာလများတွင် မြန်မာ့အားကစား ရွှေရောင်လွှမ်းခဲ့သည့် ကာလများ၏ အောင်မြင်မှု တစ်စိတ်တစ်ဒေသကို ကောက်နုတ်ဖော်ပြလိုက်ရပါသည်။

**နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုနေသည့်အားကစား**

အားကစားအောင်မြင်မှုသည် နိုင်ငံအတွက် ပုံရိပ်ကောင်းတစ်ခုနှင့် နိုင်ငံ့ဂုဏ်မြင့်တင်ရေးကို တိုက်ရိုက် အထောက်အကူပြုလျက်ရှိပါသည်။ အားကစားပြိုင်ပွဲများသည် နိုင်ငံတစ်နိုင်ငံ၏ လုပ်ကိုင်နိုင်သည့် စွမ်းဆောင်ရည်နှင့် စိတ်ဝင်စားစရာနေရာ (အကျိုးစီးပွား)များကို ပြသနေပါသည်။ ထို့ပြင် နိုင်ငံ၏ ထူးချွန်ထက်မြက်မှုနှင့် ထိုထူးချွန်ထက်မြက်မှုများကြောင့် ပေါ်ထွက်လာသည့် ပုံရိပ်ကောင်းများကို ကမ္ဘာတစ်လွှားသို့ ဖြန့်ကြက်ပျံ့နှံ့ သိရှိစေပါသည်။



၁၉၆၉ ခုနှစ်က မလေးရှား၌ ကျင်းပသော တတိယအကြိမ် ကျွန်းဆွယ်အားကစားပွဲတွင် ဗိုလ်စွဲခဲ့သည့် မြန်မာဘောလုံးအသင်း။

ထို့ပြင် နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အားကစားမှ များစွာအထောက်အကူပြုနေပါသည်။ အားကစားလှုပ်ရှားမှုကိုယ်တိုင်က စီးပွားရေးတစ်ရပ်လည်းဖြစ်ပြီး အလုပ်အကိုင် အခွင့်အလမ်းများကိုလည်း ဖန်တီးပေးလျက်ရှိနေပြန်ပါသည်။ ဆိုလိုသည်မှာ အားကစားပစ္စည်းများ တပ်ဆင်ခြင်း၊ အားကစားပစ္စည်းကိရိယာနှင့် အားကစားဝတ်စုံများ ထုတ်လုပ်ခြင်း၊ ဝန်ဆောင်မှုလုပ်ငန်းများဖြစ်သည့် နည်းပြလုပ်ငန်းများ၊ သရုပ်ပြဆရာများ၊ အားကစားကင်းထောက်နှင့် ကိုယ်စားလှယ် အေးဂျင့်များ၊ အားကစားပြိုင်ပွဲများကို တာဝန်ယူကျင်းပပေးသော အဖွဲ့အစည်းလုပ်ငန်းများ၊ အားကစားအသိုက်အဝန်း တစ်ခုလုံးကို လွှမ်းခြုံချိတ်ဆက်နိုင်သည့် ဆက်သွယ်ရေးလုပ်ငန်းများနှင့် (Sport Marketing) အားကစားဈေးကွက်ရှာဖွေရေးလုပ်ငန်းများသည် အားကစားကိုအခြေခံပြီး ပေါ်ထွန်းလာသည့် လုပ်ငန်းများပင်ဖြစ်ပါသည်။

အလားတူ နိုင်ငံတကာ အားကစားပြိုင်ပွဲများကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခြင်းကလည်း အိမ်ရှင်နိုင်ငံ၏ ပြည်တွင်းစီးပွားရေးလုပ်ငန်းများအတွက် များစွာအကျိုးရှိစေပါသည်။ နိုင်ငံတကာအားကစားပြိုင်ပွဲများကို အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် နိုင်ငံများအနေဖြင့် အားကစားနည်းအလိုက် အခြေခံအဆောက်အအုံများ၊ အုပ်ချုပ်ရေး/ စီမံခန့်ခွဲရေးဆိုင်ရာ အပေါ်ထပ်အဆောက်အအုံများ အပါအဝင် စားသောက်ဆိုင်နှင့် နေရာထိုင်ခင်းများ၊ အစားအသောက်ဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ၊ သယ်ယူပို့ဆောင်ရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ၊ တည်းခိုနေထိုင်ရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ၊ အမှတ်တရနှင့် အထိမ်းအမှတ်လက်ဆောင်ပစ္စည်း အရောင်းဆိုင်များနှင့် ယာယီလုပ်ငန်းများ၊ ဆက်သွယ်ရေးနှင့် ဈေးကွက်ရှာဖွေရေးလုပ်ငန်းများ၊ ပုံနှိပ်ထုတ်ဝေရေးနှင့် မီဒီယာလုပ်ငန်းများ၊ လက်မှတ်ရောင်းချခြင်းနှင့် ခရီးသွားဆိုင်ရာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း များစွာအထောက်အကူပြုလျက်ရှိပါသည်။

သို့ဖြစ်၍ အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ခြင်းသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး၊ ဆက်သွယ်ရေး၊ ပို့ဆောင်ရေး၊ ခရီးသွားလုပ်ငန်းများ အပါအဝင် မီဒီယာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အထောက်အကူပြုလျက်ရှိပါသည်။ အားကစားလုပ်ငန်းများနှင့် အားကစားပြိုင်ပွဲများသည် နိုင်ငံတော် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအား အထောက်အကူပြုနေသည့်အတွက် ဖွံ့ဖြိုးတိုးတက်သောနိုင်ငံတိုင်းက မိမိတို့နိုင်ငံ၏ အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်နေကြခြင်းဖြစ်ပါသည်။

**အားကစားလှုပ်ရှားဆောင်ရွက်မှုများသည် ကျန်းမာရေးကို အထောက်အကူပြုသည့် အကြောင်းအရာများ**

ပြည်သူတစ်ဦးချင်းအနေဖြင့် မိမိ၊ မိမိ မိသားစု၊ မိမိပတ်ဝန်းကျင်၊ မိမိနိုင်ငံနှင့် မိမိလူမျိုးအကျိုးသယ်ပိုးစွမ်းဆောင်နိုင်ရန်အတွက် မိမိကိုယ်တိုင် ကျန်းမာသန်စွမ်းနေမှသာ အများအကျိုးကိုပါ ထမ်းရွက်နိုင်မည် ဖြစ်ပါသည်။ အားကစားလှုပ်ရှားဆောင်ရွက်မှု (သို့မဟုတ်) ရုပ်ပိုင်းဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုအရပ်ရပ်တွင် လမ်းလျှောက်ခြင်းသည် လူတစ်ဦးအတွက် အကောင်းဆုံးဆေးဖြစ်သည်ဟု အနောက်တိုင်းဆေးပညာရှင် ဂရိသမားတော် ဟစ်ပိုခရစ်က ဆိုပါသည်။

လမ်းလျှောက်ခြင်းဖြင့် ခန္ဓာကိုယ်သွေးလည်ပတ်မှု အားကောင်းလာစေခြင်း၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ ဆီးချိုရောဂါ ဖြစ်ပွားခြင်းများကို လျော့ကျစေခြင်း၊ နှလုံးကို ကျန်းမာသန်စွမ်းစေခြင်း၊ ခန္ဓာကိုယ်အလေးချိန်ကို လျော့ကျစေနိုင်ခြင်း၊ ခြေသလုံး၊ ပေါင်၊ တင်ပါး ကြွက်သားများ တောင့်တင်းလာစေပြီး ဝမ်းဗိုက်ကြွက်သားနှင့်ခါးကို အချိုးကျကျ လှပစေခြင်း၊ အူမကြီးကင်ဆာ၊ ရင်သားကင်ဆာ၊ သားအိမ်ကင်ဆာ စသည့် ရောဂါဝေဒနာဖြစ်ပွားခြင်းများကို လျှော့ချပေးခြင်း၊ အဆုတ်ကို အားကောင်းစေ၍ စိတ်ဖိစီးမှု၊ စိုးရိမ်ပူပန်မှုတို့ကိုလည်း သိသိသာသာ လျော့နည်းလာစေပြီး လန်းဆန်းတက်ကြွလာစေခြင်း၊ အရိုးအဆစ် ကျန်းမာစေခြင်း၊ သူငယ်ပြန်ရောဂါကို ကာကွယ်ပေးခြင်း စသည့်အကျိုးကျေးဇူးများ ရရှိစေပါသည်။

ကိုယ်လက်လှုပ်ရှား အားကစားဆောင်ရွက်မှုများစွာရှိသည့်အနက် အလွယ်ကူဆုံး အရိုးရှင်းဆုံးဖြစ်သည့် လမ်းလျှောက်ခြင်းကို နေ့စဉ်ပုံမှန်ဆောင်ရွက်မည်ဆိုလျှင်ပင် အကျိုးကျေးဇူးများစွာ ရရှိသည့်အတွက်လည်း နိုင်ငံတော်အနေဖြင့် ဒီဇင်ဘာလကို လူထုအားကစားလအဖြစ် သတ်မှတ်၍ ပြည်သူအများပါဝင်သည့် လူထုလမ်းလျှောက်ပွဲများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျင်းပဆောင်ရွက်ပေးနေခြင်း ဖြစ်ပါသည်။ ဤသည်မှာ အားကစားလှုပ်ရှားဆောင်ရွက်မှုများသည် ကျန်းမာရေးကို အထောက်အကူပြုနေသည့် အချက်များအနက် တစ်စိတ်တစ်ဒေသဖြစ်ပါတော့သည်။

**လူထုအားကစားအောင်မြင်တိုးတက်ရေးအတွက် ဆောင်ရွက်သင့်သည့် အကြံပြုတင်ပြချက်များ**

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပြည်သူအများ အားကစားလှုပ်ရှား ဆောင်ရွက်မှုများကို ပင်ကိုကျန်းမာရေးအသိဖြင့် လိုက်ပါဆောင်ရွက်လာစေရေးအတွက် အောက်ပါအချက်များကို ဆောင်ရွက်ပေးသင့်ကြောင်း အကြံပြုတင်ပြလိုပါသည်–

(၁) ဒီဇင်ဘာလူထုအားကစားလ တစ်လတည်း လှုပ်ရှားဆောင်ရွက်နေရုံဖြင့် မလုံလောက်ဟု ယူဆမိပါသဖြင့် (မိုးတွင်းကာလမှအပ) တစ်နှစ်ပတ်လုံး လစဉ် လတစ်လ၏ ပထမပတ် စနေနေ့တိုင်းကို Physical Movement Day အဖြစ် သတ်မှတ်၍ လူထုစုပေါင်းလမ်းလျှောက်ပွဲများ၊ စုပေါင်းကိုယ်လက်ကြံ့ခိုင်မှု လေ့ကျင့်ခန်းများနှင့် ပျော်ပွဲရွှင်ပွဲ အားကစားပြိုင်ပွဲများ ကျင်းပဆောင်ရွက်နိုင်ရန် နိုင်ငံတော်အဆင့် မူဝါဒရရှိရေး တင်ပြဆောင်ရွက်သွားသင့်ပါသည်။

(၂) အားကစားကွင်း/ အားကစားရုံ ပရဝဏ်များ၊ အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်၊ကောလိပ်များ၊ လူစည်ကားရာနေရာများတွင် ပြည်သူအများ လွယ်လင့်တကူ လှုပ်ရှားဆောင်ရွက်နိုင်သည့် Outdoor Fitness ပစ္စည်းများကဲ့သို့ အားကစားပစ္စည်းကိရိယာများ တီထွင်ကြံဆ ထုတ်လုပ်တပ်ဆင်ပေးခြင်း၊

(၃) ရပ်ကွက်/ကျေးရွာအဆင့်မှစ၍ မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ ပြည်နယ်/တိုင်းအဆင့်များတွင် အဆင့်နှင့်လျော်ညီသည့် အားကစားကွင်း/အားကစားရုံများ တိုးမြှင့်ဖော်ဆောင်ပေးခြင်း၊

(၄) အားကစားပြိုင်ပွဲမျိုးစုံကို နယ်ပယ်ဒေသအစုံတွင် အသွင်သဏ္ဌာန်အမျိုးမျိုးဖြင့် တစ်နှစ်ပတ်လုံး ကျင်းပပေးခြင်းနှင့် (နွေ၊ မိုး၊ ဆောင်း) အခြေခံအားကစားသင်တန်းများ စဉ်ဆက်မပြတ် ဖွင့်လှစ်ပေးခြင်း၊

(၅) အမြို့မြို့အနယ်နယ်ရှိ လူစည်ကားရာနေရာများ၊ စာသင်ကျောင်းများနှင့် အားကစားကွင်း/ အားကစားရုံများ အနီးပတ်ဝန်းကျင်တွင် လမ်းလျှောက်ခြင်း၏ အကျိုးကျေးဇူးများ ရေးသားထားသည့် ဆိုင်းဘုတ်များ စိုက်ထူပေးခြင်း၊

(၆) အားကစားအသိပညာဗဟုသုတ ပြန့်ပွားရေးနှင့် စိတ်ပါဝင်စားလာစေရေးအတွက် ဟောပြောပွဲ၊ သရုပ်ပြပွဲများ ကျင်းပပြုလုပ်ပေးခြင်းအပြင် အားကစားဆိုင်ရာ စာအုပ်စာတမ်းများ ထုတ်ဝေဖြန့်ချိပေးခြင်း၊

(၇) လူအများ ပါဝင်လှုပ်ရှားကစားလာစေနိုင်ရေးအတွက် အခြေအနေနှင့် အခွင့်အရေးများ ဖန်တီးပေးခြင်း။

**အမျိုးသားရေးအသိဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန် လိုအပ်ခြင်း**

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် လူထုအားကစား မြှင့်တင်ရေးလုပ်ငန်းများသည် များပြားကျယ်ဝန်းလှသည့်အတွက် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနတစ်ခုတည်းဖြင့် အောင်မြင်အောင်ဆောင်ရွက်၍မရနိုင်ဘဲ နိုင်ငံတော်အစိုးရ၏ ဦးဆောင်လမ်းညွှန်မှုနှင့်အတူ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များ၊ စီးပွားရေးလုပ်ငန်းရှင်ကြီးများ၊ NGO အဖွဲ့အစည်းအသီးသီးနှင့် အားကစားဝါသနာရှင်များ၊ စေတနာရှင် အလှူရှင်များအပါအဝင် ပြည်သူတစ်ရပ်လုံး ဝိုင်းဝန်းပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်သွားမှသာ အောင်မြင်မှုရရှိမည်ဟု ယုံကြည်မျှော်လင့်မိပါကြောင်း…။ ။

**ကိုးကား–**

- **နေ့စဉ်ထုတ်သတင်းစာများမှ ဆောင်းပါးများ**
- **အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ လစဉ်ထုတ်ဝေသည့် Sports Magazine နှင့် သတင်းလွှာများ**
- **အပတ်စဉ်ထုတ် အားကစားဂျာနယ်များ**
- **National Sports Seminar စာအုပ်**
- **Healthy Myanmar Seminar စာအုပ်**
- **Physical Education Today for an Active and Healthy Population Tomorrow Seminar စာအုပ်**

# လယ်ဝေးမြို့နယ် စမတောင်မဟာပရဟိတဂေဟာ လူငယ်ဖွံ့ဖြိုးရေးဥယျာဉ်သို့ လှူဖွယ်ဝတ္ထုငွေများ လှူဒါန်း



နေပြည်တော် ဇန်နဝါရီ ၁၇

နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးတင်ဦးလွင်သည် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုးနှင့် ဦးဇေယျာလင်း၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်နှင့် ဌာနကြီးမှူး ဦးမင်းမင်းဇော်၊ နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်လီမိတက် အမှုဆောင်အရာရှိချုပ် ဦးအောင်ကျော်ငြိမ်းတို့နှင့်အတူ ယမန်နေ့ မွန်းလွဲပိုင်းက လယ်ဝေးမြို့နယ် စမတောင်မဟာပရဟိတဂေဟာ လူငယ်ဖွံ့ဖြိုးရေးဥယျာဉ်သို့ သွားရောက်၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ပုံမှန်လှူဒါန်းနေသော အခြေခံစားကုန်လေးမျိုး(ဆန်၊ ဆီ၊ ပဲ၊ ဆား)များ ဝယ်ယူခြင်းအတွက် လှူဒါန်းငွေကျပ် ၄၅ သိန်းကို (၁၁၆) ကြိမ်မြောက် လှူဒါန်းမှုအဖြစ် လူငယ်ဖွံ့ဖြိုးရေးဥယျာဉ် ကျောင်းအုပ်ဆရာတော် ဦးဉာဏိန္ဒထံသို့ ဆက်ကပ်လှူဒါန်းသည်။

**လစဉ်လှူဒါန်းလျက်ရှိ**

အဆိုပါ စမတောင် မဟာပရဟိတဂေဟာ လူငယ်ဖွံ့ဖြိုးရေးဥယျာဉ်တွင် မိဘမဲ့ ကျောင်းသားကျောင်းသူ လူငယ်စုစုပေါင်း ၁၀၅၆ ဦးရှိပြီး နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ၂၀၁၂ ခုနှစ် မေလမှစ၍ အခြေခံစားကုန်လေးမျိုး(ဆန်၊ ဆီ၊ ပဲ၊ ဆား)များ လစဉ်လှူဒါန်းလျက်ရှိရာ ယနေ့အထိ လှူဒါန်းငွေကျပ် စုစုပေါင်း ၁၅၃၉၉၀၂၀၀ လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# မွန်ပြည်နယ်အစိုးရအဖွဲ့ အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ




မော်လမြိုင် ဇန်နဝါရီ ၁၇

မွန်ပြည်နယ်တွင် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ MSMEs Talk Show စကားဝိုင်းဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းက မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ MSME စီးပွားရေးလုပ်ငန်းရှင်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတွင် အသေးစားလုပ်ငန်းများအတွက် ပထမဆုံးသော " Think Small First" ရည်မှန်းချက်ဖြင့် ၂၀၀၈ ခုနှစ် ဇွန်လတွင် အသေးစားစီးပွားရေးလုပ်ငန်း ဥပဒေကိုလည်းကောင်း၊ အမေရိကန်နိုင်ငံ၌ ၁၉၅၃ ခုနှစ် ဇူလိုင် ၃၀ ရက်တွင် "အသေးစားစီးပွားရေး အက်ဥပဒေ"ကိုလည်းကောင်း ရေးဆွဲပြဋ္ဌာန်းခဲ့သည်။ ၁၉၅၈ ခုနှစ်တွင် အမေရိကန်လူမျိုးများ လုပ်ငန်းများ စတင်တည်ဆောက်လုပ်ကိုင်ရန်နှင့် လုပ်ငန်းများ ကြီးထွားလာစေရန် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ၏ (၁/၂၀၂၂)ကြိမ်မြောက် အစည်းအဝေးတွင် ကုန်ထုတ်လုပ်မှုလုပ်ငန်းများသည် ထုတ်လုပ်မှုမရှိဘဲ ကျန်လုပ်ငန်းများကို ဆောင်ရွက်၍ မရနိုင်ကြောင်း၊ ရောင်းဝယ်ရေးလုပ်ငန်းများလည်း ကုန်ပစ္စည်းမရှိဘဲ ရောင်းဝယ်မှု မပြုလုပ်နိုင်ကြောင်း၊ ထုတ်လုပ်မှုနှင့် ရောင်းဝယ်မှုတို့ရှိမှသာလျှင် ထုတ်လုပ်မှုလုပ်ငန်းကို အခြေခံသည့် MSME များကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုနှင့်ပတ်သက်၍ ဦးစားပေး(က)အုပ်စုသည် မိမိတို့နိုင်ငံတွင် အခြေခံကုန်ကြမ်းပစ္စည်းများအားလုံးရှိကြောင်း၊ ထိုလုပ်ငန်းများ အောင်မြင်မည်ဖြစ်လာနိုင်ကြောင်း၊ MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲများပြုလုပ်ခြင်းဖြင့် ဒေသအသီးသီးရှိ လုပ်ငန်းရှင်များအချင်းချင်း စည်းလုံးညီညွတ်မှု၊ ချစ်ခင်ရင်းနှီးမှု၊ ဗဟုသုတများဖလှယ်ရရှိမှု၊ ဈေးကွက်ချိတ်ဆက်မှုများ ရရှိလာစေပြီး စိတ်ကူးအသစ်များ အကောင်အထည်ဖော်ရန်နှင့် ဈေးကွက်အသစ်များ၊ တီထွင်ဆန်းသစ် သောထုတ်ကုန်အသစ်၊ အတွေ့အကြုံအသစ်များ ရရှိရန် အထောက်အကူပြုစေကြောင်း။

မွန်ပြည်နယ် အစိုးရအဖွဲ့ MSME အေဂျင်စီ၏ MSME Talk Show စကားဝိုင်းဆွေးနွေးပွဲတွင် ဆွေးနွေးခဲ့သည့်အချက်များမှာ ပြည်နယ်တွင်း အစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်ဖြစ်ပြီး ရေတိုရေရှည်စီမံချက်များနှင့် ဆောင်ရွက်သွားပါက များစွာအကျိုးဖြစ်ထွန်းသော ရလဒ်များ ထွက်ပေါ်လာမည်ဖြစ်ကြောင်း တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ MSME လုပ်ငန်းရှင်များက မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကူး၍Talk Show စကားဝိုင်းဆွေးနွေးပွဲကို ကျင်းပရာ မော်လမြိုင်ပညာရေး ဒီဂရီကောလိပ် ကျောင်းအုပ်ကြီး ဒေါ်ဝင်းသိင်္ဂီကျော်က Moderator အဖြစ် ဆောင်ရွက်ပြီး ဌာနအလိုက် စက်မှုနှင့် MSME ကဏ္ဍ၊ မြေယာကဏ္ဍ၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ နည်းပညာဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၊ ဈေးကွက်ရရှိရေးကဏ္ဍ၊ အခွန်ကဏ္ဍ၊ ဘဏ်လုပ်ငန်းများကဏ္ဍ၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးကဏ္ဍ၊ ပုဂ္ဂလိကလုပ်ငန်းကဏ္ဍ စသည့် ကဏ္ဍများဖြင့် ဆွေးနွေးကြပြီး တက်ရောက်လာသူများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# ပင်းတယမြို့နယ် လယ်ပြင်ကျေးရွာ၌ စိုက်ပျိုးရေးသင်တန်း အခမဲ့ဖွင့်လှစ်



**ပင်းတယ ဇန်နဝါရီ ၁၇**

ရှမ်းပြည်နယ် (တောင်ပိုင်း) ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက စိုက်ပျိုးရေးဦးစီးဌာနနှင့် ပူးပေါင်းဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြုစိုက်ပျိုးရေးသင်တန်း ဖွင့်ပွဲကို ယမန်နေ့ နံနက်ပိုင်းက တောင်ရှည်ကျေးရွာအုပ်စု လယ်ပြင်ကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ ပင်းတယမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်က အမှာစကားပြောကြားသည်။

အဆိုပါ သင်တန်းကို ဇန်နဝါရီ ၁၆ ရက်မှ ၂၀ ရက်အထိ ခုနစ်ရက်ကြာ သင်ကြားပို့ချပေးမည်ဖြစ်ပြီး သင်တန်းတွင် ကောင်းမွန်သော စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများနှင့် သက်ဆိုင်သည့် သင်ခန်းစာများ၊ GAP စိုက်ပျိုးနည်း၊ စူပါဘိုကာရှီမြေဩဇာ ပြုလုပ်သုံးစွဲနည်း၊ နေကြာစိုက်ပျိုးနည်းစနစ်နှင့် မျိုးစေ့ဥပဒေများ၊ စပါး/နေကြာသီးနှံ မျိုးစေ့ထုတ်လုပ်နည်း၊သဘာဝပိုးသတ်ဆေးပြုလုပ်ခြင်းနည်းပညာများကို အခမဲ့ သင်ကြား ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ၂၂၂

# ဟသ်ာတမြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်း တိကျမှန်ကန်စေရေး နေ့စဉ် ကွင်းဆင်းကောက်ယူလျက်ရှိ

**ဟသ်ာတ ဇန်နဝါရီ ၁၇**

ဧရာဝတီ တိုင်းဒေသကြီး ဟသ်ာတမြို့နယ်၌ ဇန်နဝါရီ ၉ ရက်မှစတင်၍ မြေပြင် တစ်အိမ်တက်ဆင်း ကွင်းဆင်းကောက်ယူရေးအဖွဲ့ ၁၆၇ ဖွဲ့ဖြင့် မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာများတွင် ကွင်းဆင်းကောက်ယူလျက်ရှိသည်။



ထိုသို့ကွင်းဆင်းကောက်ယူရာတွင် ဟသ်ာတခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်သန်းဝင်းနှင့်အဖွဲ့ဝင်များ၊ ခရိုင်ကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ဒေါ်သီတာအောင်နှင့် ခရိုင်နှင့်မြို့နယ် မြေပြင်ကွင်းဆင်းကြီးကြပ်ရေးကော်မတီအဖွဲ့ဝင်များ၊ တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ အခက်အခဲ ရှိသည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြသည်။

ဟသ်ာတမြို့နယ်၌ ရပ်ကွက်၊ ကျေးရွာအုပ်စုများ၌ အိမ်ထောင်စု ၈၄၅၇၇ စု၊ လူဦးရေ ၃၅၃၃၈၆ ဦး ရှိရာ ယမန်နေ့အထိ အိမ်ထောင်စု ၅၀၈၂၇ စုနှင့် မသန်စွမ်း အိမ်ထောင်စုပေါင်း ၆၀၀ တို့ကို ကောက်ယူပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# ပဲခူးတိုင်းဒေသကြီး သမဝါယမကဏ္ဍက ဆောင်းမြေပဲ၊ ပဲတီစိမ်းနှင့် ကြက်သွန်နီများ စိုက်ပျိုး

ဝေါ ဇန်နဝါရီ ၁၇

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ရတနာမွန်လယ်ယာနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်က အသင်းသားပိုင် လယ်ယာမြေ ဧက ၃၀ ပေါ်တွင် ဆောင်းမြေပဲများကို စိုက်ပျိုးထားရှိရာ တစ်ဧက ပျမ်းမျှအထွက်နှုန်း တင်း ၇၀ ထွက်ရှိနိုင်မည်ဖြစ်ပြီး ပြည်မြို့နယ် အောင်မြန်မာစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်း၏ အသင်းသားပိုင်လယ်ယာမြေပေါ်တွင် ကြက်သွန်နီ (ရွှေဖလား)မျိုးများ စိုက်ပျိုးထားရှိပြီး သီးနှံပေါ်ချိန်တွင် တစ်ဧကပျမ်းမျှ အထွက်နှုန်း ပိဿာ ၈၀၀၀ ထွက်ရှိနိုင်မည်ဖြစ်သည်။

ထို့ပြင် ဒိုက်ဦးမြို့နယ် ဖအောင်ဝဲ ပဲတီစိမ်းစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမ အသင်းလီမိတက်၏ အသင်းသားများပိုင်ဆိုင်သောလယ်ယာမြေ ၁၅ ဧက ပေါ်တွင် ပဲတီစိမ်းများ စိုက်ပျိုးခဲ့ရာ တစ်ဧက ပျမ်းမျှအထွက်နှုန်း ၁၅ တင်းထွက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် လားရှိုးမြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**လားရှိုး ဇန်နဝါရီ ၁၇**

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းနှင့် တာဝန်ရှိသူများသည် ဇန်နဝါရီ ၁၅ ရက် နံနက် ၉ နာရီက ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့တွင် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ Clean &Green ရန်ပုံငွေနှင့် ဒေသဖွံ့ဖြိုးရေးရန်ပုံငွေတို့ဖြင့် မြန်မာ့ရတနာရွှေခေတ်ကုမ္ပဏီမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ကြိုးမြှုပ်ရန်ကျင်းတူးခြင်းလုပ်ငန်းများ၊ လမ်းလယ် Underground Cable ကြိုးများ တပ်ဆင်ခြင်းနှင့် မီးတိုင်ခုံပြုလုပ်ခြင်း၊ သိန္နီလမ်း ကန်မိန်းကျောင်းရှေ့ ရေမြောင်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။



ယင်းသို့ စစ်ဆေးရာ ကုမ္ပဏီတာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်အပေါ် ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်မှာကြားပြီး လားရှိုးမြို့နယ် စည်ပင်သာယာရေးဌာနမှ ဆောင်ရွက်နေသည့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် သုခလမ်း၊ ကြာဖြူလမ်းနှင့်သီရိလမ်း လမ်းသားချဲ့၍ AC ကတ္တရာခင်းနေမှုကို ကြည့်ရှုစစ်ဆေးရာ လားရှိုးမြို့စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးကျော်ဇင်က လမ်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လားရှိုးမြို့ ခုတင်(၅၀၀)ဆံ့ ပြည်သူ့ဆေးရုံသို့သွားရောက်ကာ ပြည်သူ့ဆေးရုံရှိ ဆေးရုံဝန်ထမ်းများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက ကျန်းမာရေးဝန်ထမ်းများသည် ကုသရေးပိုင်းတွင် တာဝန်ယူဆောင်ရွက်နေသောကြောင့် မိမိတို့အစိုးရအဖွဲ့မှ ထောက်ပံ့သွားမည်ဖြစ်ကြောင်း၊ ကျန်းမာရေးဝန်ထမ်းများသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးနှင့် ကုသရေးပိုင်းတွင် ပိုမိုပင်ပန်းကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ မှာကြားချက်အရ ဆေးရုံသန့်ရှင်းရေးကို ဆောင်ရွက်ပေးရန် မှာကြားခဲ့ကြောင်း၊ အဓိကလူနာဆောင်များ သန့်ရှင်းသပ်ရပ်လှပအောင် ဆောင်ရွက်ပေးကြရန် လမ်းညွှန်မှုပြုခဲ့ကြောင်း၊ ယနေ့ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံရသည်မှာ ဝမ်းသာကြောင်းနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ လုပ်ငန်းများကို ကျန်းမာရေးဌာနမှ စောင့်ရှောက်ပေးသည့်အတွက် ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ လားရှိုးမြို့ ပြည်သူ့ဆေးရုံကြီးရှိ ဝန်ထမ်းများအား ထောက်ပံ့ငွေကျပ် ၁၀ သိန်းနှင့်ကြက်ဥတို့ကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက ပေးအပ်ပြီး ရှမ်းပြည်နယ် အစိုးရအဖွဲ့အတွင်းရေးမှူး ဦးစိုင်းသော်ဝင်းက ခေါက်ဆွဲခြောက်တို့ကိုပေးအပ်ရာ ဆေးရုံအုပ်ကြီး ဒေါက်တာလှထွန်းက လက်ခံယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သိရသည်။

**ပြည်နယ်**

**(ပြန်/ဆက်)**

# အခြေခံပညာကျောင်းများ၏ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲများပြုလုပ်

**နေပြည်တော် ဇန်နဝါရီ ၁၇**

ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်မြို့နယ်နှင့် ခိုလမ်မြို့နယ်တို့ရှိ အခြေခံပညာကျောင်းများ၏ ၂၀၂၂- ၂၀၂၃ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲများကို ဇန်နဝါရီ ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် သက်ဆိုင်ရာ ကျောင်းများ၌ ပြုလုပ်ရာ အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသားမိဘများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံတိုင်းရင်းသားများ တက်ရောက်ကြသည်။




ဦးစွာ တိုင်းမှူးနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာကျောင်းများ၏ ၂၀၂၂- ၂၀၂၃ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားများကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကျောင်းသား ကျောင်းသူများ၏ သရုပ်ဖော်ကပြဖျော်ဖြေမှုနှင့် ဘင်ခရာ တီးဝိုင်းဖြင့် တီးခတ်ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် တိုင်းမှူးက ဂုဏ်ပြုအားပေးစကားပြောကြားသည်။

ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်ကြပြီး ၂၀၂၂- ၂၀၂၃ ပညာသင်နှစ် ပညာရေး စုံညီပွဲတော်အတွက် ဂုဏ်ပြုချီးမြှင့်ငွေများနှင့် ဂုဏ်ပြုဆုများပေးအပ်ကာ ပညာရေးစုံညီပွဲတော်၌ ကပြဖျော်ဖြေခဲ့သည့် ကျောင်းသား ကျောင်းသူများနှင့် ပြခန်းများတွင် လက်တွေ့ပြသကြသည့် ကျောင်းသား ကျောင်းသူများကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၂၂- ၂၀၂၃ ပညာသင်နှစ်အတွင်း ကျောင်းသား ကျောင်းသူများ၏ တီထွင်ပြုလုပ်ထားသော စက်မှု၊ လက်မှု လက်ရာများနှင့် သင်ထောက်ကူပစ္စည်းပြခန်းများကို လိုက်လံကြည့်ရှုအားပေးကြသည်။

အလားတူ ယနေ့နံနက်ပိုင်းတွင် အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ရှိ အမှတ်(၇)အခြေခံပညာ အထက်တန်းကျောင်း၌ ပြုလုပ်သည့် ၂၀၂၂- ၂၀၂၃ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကို တက်ရောက်အားပေးပြီး ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများနှင့် ပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသူများကို ဆုများပေးအပ်ချီးမြှင့်ကြသည်။ ဆက်လက်၍ ကျောင်း ဘက်စုံသုံးနိုင်ရန်အတွက် အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းကြရာ ကျောင်းအုပ်ချုပ်မှုတာဝန်ခံက လက်ခံရယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ ယင်းနောက် တာဝန်ရှိသူများနှင့် တက်ရောက်လာကြသူများက ကျောင်းသား ကျောင်းသူများ၏ သီဆိုဖျော်ဖြေမှုများကို ကြည့်ရှုအားပေးပြီး ပြခန်းများ ခင်းကျင်းပြသထားရှိမှုများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မိုးနဲမြို့နယ်၌ မြို့နယ်အဆင့် ပညာရေးစုံညီပွဲတော် ဖွင့်ပွဲအခမ်းအနားကျင်းပ

**မိုးနဲ ဇန်နဝါရီ ၁၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ်၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် မြို့နယ်အဆင့် ပညာရေးစုံညီပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပရာ မိုးနဲမြို့နယ် တပ်နယ်မှူး ဒုတိယဗိုလ်မှူးကြီးတိုးဝင်းဖေ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် မြို့နယ်ပညာရေးမှူး ဒေါ်ခင်မိုးဆွေတို့က စုံညီပွဲတော်အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမြင့်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်ခင်မိုးဆွေက မြို့နယ်အဆင့်ပညာရေးစုံညီပွဲတော်များ ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် အခြေခံပညာ ထက်၊လယ်၊မူ ကျောင်းများ အသန့်ရှင်းဆုံးဆု၊ မြို့နယ်အဆင့်အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲနှင့် အားကစားပြိုင်ပွဲများတွင် ဆုရရှိကြသော ကျောင်းအုပ်ကြီးများ၊ ထူးချွန်ဆုရရှိကြသော ကျောင်းသား ကျောင်းသူလေးများကို မိုးနဲတပ်နယ်မှူး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တက်ရောက်လာကြသော ဌာနဆိုင်ရာတာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

**ဝိုးတောင်း**



# သဲကုန်းမြို့နယ်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**သဲကုန်း ဇန်နဝါရီ ၁၇**

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ်အတွင်းရှိ ကျေးရွာသုံးရွာ၌ လူထုဗဟိုပြုစီမံကိန်း နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေဖြင့် ဆောင်ရွက်သော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးမျိုးအောင်နှင့်တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ဘန့်ဘွေးကုန်းကျေးရွာနှင့် ထန်းလက်ရှည်ကျေးရွာတို့၌ မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် လက်ပံတန်းကျေးရွာ၌ ဘက်စုံသုံးခန်းမ တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်တွေ့ဆုံကာ ကော်မတီဝင်များက လုပ်ငန်းဆောင်ရွက်မှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဦးစီးမှူးက လိုအပ်သည်များဆွေးနွေးပြောကြားသည်။

**ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီး**

ဘန့်ဘွေးကုန်းကျေးရွာ မြေနီကျောက်စရစ်လမ်းအရှည်ပေ ၅၀၇၀၊ အကျယ် ၁၀ ပေ၊ ဒု ခြောက်လက်မ ခင်းခြင်းလုပ်ငန်း၊ ထန်းလက်ရှည်ကျေးရွာ မြေနီကျောက်စရစ်လမ်းအရှည်ပေ ၁၃၆၀၊ အကျယ် ၁၄ ပေ၊ ဒု ရှစ်လက်မခင်းခြင်းလုပ်ငန်းနှင့် လက်ပံတန်းကျေးရွာ ဘက်စုံသုံးခန်းမ အလျားပေ ၃၀၊ အနံပေ ၂၀၊ အမြင့် ၁၂ ပေ တည်ဆောက်ခြင်းလုပ်ငန်းတို့ကို လူထုဗဟိုပြုစီမံကိန်း နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေကျပ် ၂၉ ဒသမ ၁၅ သန်းဖြင့် ကျေးရွာသူ ကျေးရွာသားများကိုယ်တိုင် ၂၀၂၂ ခုနှစ် အောက်တိုဘာ တတိယပတ်မှစတင်၍ တာဝန်ယူဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်းနှင့် သဲကုန်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု သုံးအုပ်စု၊ ကျေးရွာ ၁၉ ရွာတွင် လူထုဗဟိုပြုစီမံကိန်း နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေကျပ် ၁၁၆ ဒသမ ၁၉ သန်းဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိရာ အဆိုပါဖွံ့ဖြိုးရေးလုပ်ငန်းများလည်း ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သဲကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**သုတ**

# တိုင်းဒေသကြီးနှင့်ပြည်နယ်များသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှင့် ဆေးထိုးအပ်များ ဆက်လက်ပို့ဆောင်

နေပြည်တော် ဇန်နဝါရီ ၁၇

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို တပ်မတော်သား ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ နိုင်ငံတစ်ဝန်းတွင် ဆောင်ရွက်ပေးလျက်ရှိရာ လုပ်ငန်းများတွင် အထောက်အကူဖြစ်စေရန်အတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို သတ်မှတ်အအေးလမ်းကြောင်း စံချိန်စံညွှန်းများအတိုင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ တပ်မတော်လေယာဉ်များ၊ ရဟတ်ယာဉ်များ၊ Cold Chain Delivery Logistics မော်တော်ယာဉ်ကြီးများဖြင့် ပို့ဆောင်ဖြန့်ဖြူးပေးလျက်ရှိသည်။

ထိုသို့ ပို့ဆောင်ဖြန့်ဖြူးပေးလျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဗဟိုကာကွယ်ဆေးသိုလှောင်ခန်းတွင်ထားရှိသည့် ဆေးတစ်လုံးလျှင် လူငါးဦး ထိုးနှံနိုင်သော Sinopharm နှင့် Myancopharm ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှင့် ဆေးထိုးအပ်များမှ ကချင်ပြည်နယ် မြစ်ကြီးနားမြို့သို့ Sinopharm ဆေး ၆၄၄၁ လုံး၊ Myancopharm ဆေး ၆၁၉၀ နှင့် ဆေးထိုးအပ်များ၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့သို့ Sinopharm ဆေး ၁၄၀၉ လုံး၊ Myancopharm ဆေး ၅၉၆ လုံးနှင့် ဆေးထိုးအပ်များကို ယနေ့တွင် တပ်မတော်လေယာဉ်များဖြင့် ပို့ဆောင်ပေးခဲ့ကြသည်။

အဆိုပါ ကာကွယ်ဆေးများနှင့် ဆေးထိုးအပ်များကို တာဝန်ရှိသူများက လက်ခံခဲ့ကြပြီး သက်ဆိုင်ရာနေရာများသို့ ဆက်လက်ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်





## ငရုတ်ကောင်းမြို့၌ ဓာတ်အားလိုင်းများနှင့် ထရန်စဖော်မာများ ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်

ငရုတ်ကောင်း ဇန်နဝါရီ ၁၇

ဧရာဝတီတိုင်းဒေသကြီး ငရုတ်ကောင်းမြို့တွင် ပြည်သူများ လျှပ်စစ်ဓာတ်အားပြည့်ဝစွာ အသုံးပြုနိုင်ရေး၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ လျှပ်စစ်ဓာတ်အားပြတ်တောက်မှု လျှော့ချနိုင်ရေးနှင့် တရားမဝင် ဓာတ်အားသုံးစွဲမှုများ မရှိစေရေးတို့အတွက် ယနေ့နံနက် ၈ နာရီက ငရုတ်ကောင်းမြို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ မြို့လျှပ်စစ်အင်ဂျင်နီယာ ဦးအေးချမ်းစိုးနှင့် ဝန်ထမ်းများက လျှပ်စစ်ဓာတ်အားလိုင်းများနှင့် ထရန်စဖော်မာများ ပြုပြင်ထိန်းသိမ်းခြင်း၊ မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများတွင် မီတာများ ကွင်းဆင်းစစ်ဆေးခြင်း၊ ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများကို မြေပြင်ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ၁၁/ သုည ဒသမ ၄ ကေဗွီ ထရန်စဖော်မာများ ကြံ့ခိုင်မှုစစ်ဆေးခြင်း၊ ၁၁ ကေဗွီ ဓာတ်အားလိုင်းများနှင့် ဗို့ ၄၀၀ ဓာတ်အားလိုင်းများ ကြံ့ခိုင်မှုစစ်ဆေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ငရုတ်ကောင်း(ပြန်/ဆက်)

## ပေါင်မြို့နယ်တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနား ကျင်းပ

ပေါင် ဇန်နဝါရီ ၁၇

မွန်ပြည်နယ် ပေါင်မြို့နယ်တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ပေါင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝါရီရှူခန်းမ၌ ကျင်းပသည်။



### ပြောကြား

အခမ်းအနားတွင် ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်မျိုးလှိုင်က အဖွင့်အမှာစကား ပြောကြားပြီး မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနမှ ဒေါက်တာသက်နိုင်က ယခုကဲ့သို့ငွေကြေးများ ထုတ်ပေးသည့်အတွက် ကျေးရွာများ ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်လာရန် မျှော်လင့်ကြောင်း ပြောကြားသည်။

ထို့နောက် သမဝါယမဦးစီးအရာရှိ ဒေါ်သိန်းသိန်းအေးက နိုင်ငံတော်က ထောက်ပံ့ပေးအပ်သည့် ငွေများသည် ဝက်တစ်ကောင်လျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် ဝက်အမြောက်အမြား မွေးမြူနိုင်ကြောင်း၊ တောင်သူများအနေဖြင့် တစ်ပိုင်တစ်နိုင်မှ စီးပွားဖြစ် မွေးမြူနိုင်မည် ဖြစ်ကြောင်း ပြောကြားသည်။

စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကျော်စွာလှိုင်က နိုင်ငံတော်မှ တောင်သူများသို့ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ အရင်းမပျောက် မတည်ငွေထုတ်ချေးပေးခြင်းဖြင့် တောင်သူများအနေဖြင့် စီးပွားရေးတိုးတက်ဖြစ်ထွန်းလာမည် ဖြစ်ကြောင်း စသည့် အကျိုးကျေးဇူးနှင့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက ကျေးရွာ ၁၆ ရွာရှိ ကော်မတီဝင်များအား ရန်ပုံငွေကျပ် ၆၆၉ ဒသမ ၃၂ သန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

မြို့နယ်( ပြန်/ဆက် )

## လပွတ္တာမြို့၌ လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်းဖွင့်လှစ်

လပွတ္တာ ဇန်နဝါရီ ၁၇

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့၌ တောင်သူလယ်သမားများ လယ်ယာလုပ်ငန်းခွင်တွင် လယ်ယာသုံးစက်ကိရိယာများ ကျွမ်းကျင်စွာ အသုံးချနိုင်ရေးအတွက် လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်းကို လပွတ္တာမြို့နယ် စက်မှုလယ်ယာဦးစီးဌာန အမှတ်(၉၇) စက်မှုလယ်ယာစခန်းမှ ညောင်လိန်ကျေးရွာအုပ်စု သဲဖြူကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ယနေ့နံနက် ၁၀ နာရီက ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် စက်မှုလယ်ယာဦးစီးဌာန ခရိုင်ဦးစီးဌာနမှူး ဦးမြင့်ဌေးက လယ်ယာသုံး စက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ် စက်မှုလယ်ယာဦးစီးဌာနမှူး ဦးဝင်းထိုက်က သင်ထောက်ကူပစ္စည်းများ ပေးအပ်ခဲ့သည်။

လပွတ္တာမြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသား ၃၀ တက်ရောက်ကြမည်ဖြစ်ပြီး ထွန်စက်ကြီး၊ ကောက်စိုက်စက်၊ ရိတ်သိမ်းခြွေလှေ့စက်၊ ထွန်စက်နှင့် ထွန်ယက် ကိရိယာထိန်းသိမ်းမှု ဘာသာရပ်များကို မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှ နည်းပြများက ၁၂ ရက်ကြာ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဆွေးနွေး

ရန်ကုန် ဇန်နဝါရီ ၁၇

ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (အင်းစိန်) နှင့် အင်းစိန်မြို့နယ် မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းတို့ ပူးပေါင်း၍ ကျောင်းသားလူငယ်များအတွက် မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးအသိပညာပေးဆွေးနွေးဟောပြောပွဲကို ယနေ့မွန်းလွဲ ၂ နာရီတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (အင်းစိန်)ရှိ လူထုအခြေပြုဗဟိုဌာန ဘက်စုံသုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် မေးမြန်းသူများအဖြစ် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (အင်းစိန်) လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးခိုင်နှင့် ဦးစီးအရာရှိ ဒေါ်ခင်နှင်းကြည်တို့က ဆောင်ရွက်ကြပြီး ဖြေကြားဆွေးနွေးသူအဖြစ် မြို့နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းနှင့် သတင်းစာဆရာအသင်းဥက္ကဋ္ဌ စာရေးဆရာ၊ သတင်းစာဆရာ ဦးဘိုကြည် (ဒေါက်တာဖိုလ်သံမဏိ-တောင်တွင်းကြီး) က မူးယစ်ဆေးဝါးအမျိုးအစားများအကြောင်း၊ မူးယစ်ဆေး ဆိုးကျိုးများ၊ မူးယစ်ဆေးဝါးသမိုင်းကြောင်း၊ မူးယစ်ဆေးဝါးအန္တရာယ်ကင်းရှင်းရေး ဆောင်ရန်/ရှောင်ရန်များ၊ မူးယစ်ဆေးဝါးပြစ်မှုပြစ်ဒဏ်များအကြောင်းကို စိတ်ဝင်စားဖွယ် ဆွေးနွေးဟောပြောခဲ့ကြောင်းသိရသည်။

ဥာဏ်ဟိန်း

## အလုံမြို့နယ်၌ ၂၀၂၂-၂၀၂၃ ခုနှစ် မြို့နယ်ပညာရေးစုံညီပွဲတော်ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၇

ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်ရှိ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း သီရိရတနာခန်းမ၌ ဇန်နဝါရီ ၁၆ ရက် နံနက် ၉ နာရီက ၂၀၂၂-၂၀၂၃ ပညာသင်နှစ် အလုံမြို့နယ် ပညာရေးစုံညီပွဲတော် ကျင်းပသည်။ အခမ်းအနားတွင် အ ထ က (၇) အလုံမှ ကျောင်းသားကျောင်းသူများက "ကမ္ဘာ့အဆင့်မီပညာရည်" သီချင်း သီဆိုဖွင့်လှစ်ပြီး အလုံမြို့နယ် ခေတ္တမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်မှူးဌေးကြွယ်နှင့် မြို့နယ်ပညာရေးမှူး ဒေါ်လှကြူမာတို့က အမှာစကား ပြောကြားကြသည်။



### ဆုများချီးမြှင့်

ယင်းနောက် ဆုရကျောင်းသားကျောင်းသူများအား ခေတ္တမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်မှူးဌေးကြွယ်က လည်းကောင်း၊ မြို့နယ်အတွင်းရှိ မူ/လယ်/ထက် ကျောင်းအုပ် ဆရာမကြီးများကို မြို့နယ်ပညာရေးမှူး ဒေါ်လှကြူမာကလည်းကောင်း ဆုများချီးမြှင့်သည်။

ဆက်လက်၍ ဆုရကျောင်းသားကျောင်းသူများအား အလုံမြို့နယ် ခေတ္တ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသီဟစိုးနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်အတွင်းရှိဌာနဆိုင်ရာတာဝန်ရှိသူများက ဆုများ ချီးမြှင့်ပေးကြသည်။ ထို့နောက် မြို့နယ်အတွင်းရှိ ကျောင်းများမှ ကျောင်းသားကျောင်းသူလေးများက အကများဖြင့် ဖြေဖျော်ကြသည်။ အခမ်းအနားသို့ စုစုပေါင်းအင်အား ၂၅၀ ခန့် တက်ရောက်ကြကြောင်း သိရသည်။

မောင်မောင်ကျော်

# ပေါက်တောမြို့နယ် ကြက်သရေကျေးရွာ၌ ရွာဝင်လမ်းကွန်ကရစ်ခင်းခြင်း ကွင်းဆင်းစစ်ဆေး

ပေါက်တော ဇန်နဝါရီ ၁၇

ရခိုင်ပြည်နယ် ပေါက်တောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကြက်သရေကျေးရွာ၌ ရွာဝင်လမ်းကွန်ကရစ်ခင်းခြင်းဆောင်ရွက်နေမှုအား မြို့နယ်ဦးစီးမှူး ဦးသန်းထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ယနေ့နံနက် ၁၀ နာရီတွင် ကွင်းဆင်းစစ်ဆေးကြသည်။

အဆိုပါ ရွာဝင်လမ်းမှာ အလျား(၀/၄ ဖာလုံ)၊ အကျယ် ၁၂ ပေ၊ ဒုရှစ်လက်မ ဆောင်ရွက်ခြင်းလုပ်ငန်းကို ပြည်နယ်အစိုးရရန်ပုံငွေကျပ် ၁၂၃ ဒသမ ၇၅၅ သန်းဖြင့် Roma City ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများမှာ ၇၅ ရာခိုင်နှုန်းပြီးစီးပြီးဖြစ်ကြောင်း လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပါက အဆိုပါ ကျေးရွာရှိ ကျေးရွာသူ ကျေးရွာသားများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့ ဧရာဝတီတိုင်းဒေသကြီး ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ကျေးရွာများ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရန်ထွက်ခွာ

နေပြည်တော် ဇန်နဝါရီ ၁၇

ဧရာဝတီတိုင်းဒေသကြီး ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ မြစ်ဝကျွန်းပေါ်နေ ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ် (ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ အမှတ်(၄) ရေတပ်ဗဟိုတံတားမှ ထွက်ခွာရာ တပ်မတော်(ရေ)မှ အရာရှိကြီးများနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများက ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါ နယ်လှည့်အထူးကုဆေးအဖွဲ့သည် ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ဒေသခံပြည်သူများအား ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သားဖွား/မီးယပ်ရောဂါ၊ ကလေးရောဂါ၊ အရိုးရောဂါ၊ မျက်စိရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ သွားရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး X-Ray ရိုက်ခြင်း၊ Ultrasound ရိုက်ခြင်းနှင့် ရောဂါဗေဒပါရဂူများဖြင့် ရောဂါရှာဖွေစမ်းသပ်ကုသခြင်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ထို့ပြင် အရေးပေါ်အခြေအနေပေါ်ပေါက်ပါက ဆေးရုံတင်ကုသမှုများ ဆောင်ရွက်ပေးရန်အတွက် ဆေးရုံရေယာဉ်ပေါ်တွင် လူနာ ၃၀ အထိ တင်ဆောင်ကုသနိုင်သည့် ခွဲစိတ်ခန်း၊ သားဖွား/မီးယပ်ခန်း၊ စမ်းသပ်ခန်းနှင့် အထူးကြပ်မတ်ကုသဆောင်များ ပါရှိကြောင်း သိရသည်။

သတင်းစဉ်

# လူကုန်ကူးမှုနှင့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပ

မန္တလေး ဇန်နဝါရီ ၁၇



မန္တလေး တိုင်းဒေသကြီး အောင်မြေသာစံ မြို့နယ်တွင် လူကုန်ကူးမှုနှင့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို အောင်မြေသာစံမြို့နယ် ၆၄ လမ်းနှင့် ၆၅ လမ်းကြား၊ ၂၃ လမ်းရှိ အခြေခံပညာ အထက်တန်းကျောင်းခွဲ၊ အလက(၁၄) (မန္တလေး) ကျောင်းခန်းမတွင် ယမန်နေ့က ကျင်းပသည်။

အဆိုပါ ဟောပြောပွဲတွင် ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးတပ်ဖွဲ့စု (မန္တလေး)မှ တပ်ဖွဲ့စုမှူးယာယီရဲမှူး သူဇာလွင်က လူကုန်ကူးမှုနှင့် လူမှောင်ခိုမှုဆိုင်ရာ စတင်ဖြစ်ပေါ်ခဲ့သော ကမ္ဘာ့နောက်ခံ သမိုင်းကြောင်းများ၊ လူကုန်ကူးမှုခံရမှုများ၏ နောက်ဆက်တွဲ ဆိုးကျိုးများ၊ အခြားနိုင်ငံများသို့ သွားရောက်၍ အလုပ်လုပ်ကိုင်မည်ဆိုပါက သေချာစွာ လေ့လာစုံစမ်းရန်လိုအပ်သည့်အချက်များ၊ ကလေးသူငယ်အခွင့်အရေးများအကြောင်းတို့ကိုလည်းကောင်း၊ ဒုတိယရဲအုပ် မြတ်နုနုတင်က လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ဥပဒေနှင့် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ဥပဒေများအကြောင်း၊ ၎င်းဥပဒေကို ဖောက်ဖျက်ကျူးလွန်မှုများအတွက် ပြစ်မှု၊ ပြစ်ဒဏ်များ အကြောင်းတို့ကိုလည်းကောင်း အသိပညာပေးဟောပြောခဲ့ကြပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်မို့မို့ခင်က ကျေးဇူးတင်စကား ပြန်လည် ပြောကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၈-၁-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၅၅ | ၂၂၀၅ | ၂၂၀၀ | ၂၁၆၅ | ၂၂၀၅ | ၂၂၂၅ | ၂၂၁၀ | ၂၁၉၀ | ၂၂၈၅ | ၂၃၀၅ | ၂၁၉၅ | ၂၂၀၅ | ၂၂၄၀ | ၂၂၄၀ | ၂၂၄၅ | ၂၄၇၅ | ၂၉၀၀ |
| 95 Ron | ၂၂၁၅ | ၂၂၆၅ | ၂၂၆၅ | ၂၂၂၅ | ၂၂၆၅ | ၂၂၈၅ | ၂၂၇၀ | ၂၂၅၀ | ၂၃၅၀ | ၂၃၆၅ | ၂၂၅၅ | ၂၂၇၅ | ၂၃၀၀ | ၂၃၀၅ | ၂၃၀၅ | ၂၅၃၅ | ၂၉၈၀ |
| HSD (500 ppm) | ၂၄၃၅ | ၂၄၈၅ | ၂၄၈၀ | ၂၄၄၀ | ၂၄၈၀ | ၂၅၀၅ | ၂၅၀၀ | ၂၄၆၅ | ၂၅၈၅ | ၂၅၈၀ | ၂၄၇၅ | ၂၄၈၅ | ၂၅၂၀ | ၂၅၂၀ | ၂၅၂၅ | ၂၇၅၀ | ၃၅၀၀ |
| HSD (50 ppm) | ၂၅၁၅ | ၂၅၆၅ | ၂၅၆၀ | ၂၅၂၀ | ၂၅၆၀ | ၂၅၈၅ | ၂၅၈၀ | ၂၅၄၅ | ၂၆၆၅ | ၂၆၆၀ | ၂၅၅၅ | ၂၅၆၅ | ၂၆၀၀ | ၂၆၀၀ | ၂၆၀၅ | ၂၈၃၀ | ၃၅၃၀ |
| HSD (10 ppm) | ၂၅၁၅ | ၂၅၆၅ | ၂၅၆၀ | ၂၅၂၀ | ၂၅၆၀ | ၂၅၈၅ | ၂၅၈၀ | ၂၅၄၅ | ၂၆၆၅ | ၂၆၆၀ | ၂၅၅၅ | ၂၅၆၅ | ၂၆၀၀ | ၂၆၀၀ | ၂၆၀၅ | ၂၈၃၀ | ၃၅၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၄၆ | ၂၁၂၁ |
| 95 Ron | ၂၁၀၅ | ၂၁၈၁ |
| HSD (500 ppm) | ၂၃၁၉ | ၂၃၉၅ |
| HSD (50 ppm) | ၂၃၉၃ | ၂၄၇၁ |
| HSD (10 ppm) | ၂၃၉၃ | ၂၄၇၁ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ဓာတ်ခွဲနမူနာစုစုပေါင်း ၅၆၅၆ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၀ ဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၇-၁-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၆-၁-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၇-၁-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၆၅၆) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၀)ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်း မှာ (၀.၁၈) ရာခိုင်နှုန်းဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၈၈၉,၃၅၄) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၃၃,၇၆၃) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၆၁၄,၂၂၂) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦး ရှိပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ယခုအခါ ကမ္ဘာ့နိုင်ငံအချို့နှင့် အိမ်နီးချင်းနိုင်ငံအချို့တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု ပြန်လည်မြင့်တက်နေသည့်အပြင် အိုမီခရွန်ဗီဇပြောင်းမျိုးကွဲအသစ်များ လျင်မြန်စွာကူးစက်မှုများရှိနေ၍ မြန်မာနိုင်ငံတွင်လည်း ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအားလိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် -

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆) လပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ မပျက်မကွက် ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့် သက်ဆိုင်သောနေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက် ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့်အုပ်၍ ချောင်းဆိုး၊ နှာချေခြင်း စသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# မွေးမြူရေးသုတေသနဦးစီးဌာန၏ စီမံခန့်ခွဲရေးနှင့် ဘဏ္ဍာရေးဆိုင်ရာသင်တန်း အမှတ်စဉ် (၁/၂၀၂၃)ဖွင့်ပွဲ ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၇**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးသုတေသနဦးစီးဌာနတွင် တာဝန်ထမ်းဆောင်လျက်ရှိသော အရာထမ်းဝန်ထမ်းများအား စီမံခန့်ခွဲရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ သင်တန်းအမှတ်စဉ် (၁/၂၀၂၃)ဖွင့်ပွဲအခမ်းအနားကို စိုက်ပျိုးရေးသုတေသနဦးစီးဌာန(ရုံးချုပ်)ရှိ Auditorium ခန်းမ၌ ယမန်နေ့နံနက် ၉ နာရီခွဲက ကျင်းပသည်။



အဆိုပါသင်တန်းဖွင့်ပွဲသို့ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဒေါက်တာနိုင်ကြည်ဝင်း၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာမာမာဝင်း၊ မွေးမြူရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းနိုင်ထွန်း၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် မွေးမြူရေးသုတေသနဦးစီးဌာနတို့မှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ သင်တန်းနည်းပြများ၊ မွေးမြူရေးသုတေသနဦးစီးဌာန(ရုံးချုပ်)မှ သင်တန်းသား သင်တန်းသူများနှင့် အွန်လိုင်းမှတက်ရောက်သူ အရာထမ်း သင်တန်းသား သင်တန်းသူများ တက်ရောက်သည်။

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် မွေးမြူရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းနိုင်ထွန်းက အမှာစကားပြောကြားရာတွင် မိမိတို့မွေးမြူရေးသုတေသနဦးစီးဌာနသစ်တစ်ခုရှိ ဝန်ထမ်းများ၏ အရည်အချင်းများ စဉ်ဆက်မပြတ်တိုးတက်ပြီး လုပ်ငန်းကိစ္စများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ဤသင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊

မွေးမြူရေးသုတေသနဦးစီးဌာန ဖြစ်သည့်အတွက် သုတေသနလုပ်ငန်းများကို ကျွမ်းကျင်ပိုင်နိုင်စွာ ဆောင်ရွက်နိုင်ရန်ရည်ရွယ်ပြီး သုတေသနဆိုင်ရာ စွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်း အမှတ်စဉ် (၁/၂၀၂၂)နှင့် အမှတ်စဉ်(၂/၂၀၂၂)ကို ပြင်ပပညာရှင်/အတတ်ပညာရှင် ဆရာ ဆရာမများ၊ ဦးစီးဌာနနှင့် တက္ကသိုလ်များမှ ကျွမ်းကျင်ဆရာ ဆရာမများအား ဖိတ်ကြားကာ ဖွင့်လှစ်သင်ကြားပေးခဲ့ပြီးဖြစ်ကြောင်း၊ မွေးမြူရေးသုတေသနဦးစီးဌာနက သုတေသီများအတွက် အမှန်တကယ်လိုအပ်သည့် သုတေသနဆိုင်ရာ သင်တန်းများဖွင့်လှစ်သလို စီမံခန့်ခွဲရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ သင်တန်းအမှတ်စဉ်(၁/၂၀၂၂)ကိုလည်း ရက်တိုသင်တန်းအဖြစ် ဖွင့်လှစ်ခဲ့ပြီးဖြစ်ကြောင်း၊ ယခုအခါ တာဝန်ထမ်းဆောင်နေကြသော အရာထမ်းများအား ရုံးလုပ်ငန်းစီမံခန့်ခွဲမှုနှင့် ငွေစာရင်းလုပ်ငန်းများ ကျွမ်းကျင်ပိုင်နိုင်စေရန် Back to Back သင်တန်းအဖြစ် စီမံခန့်ခွဲရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ သင်တန်းအမှတ်စဉ်(၁/၂၀၂၃)ကို ဇန်နဝါရီ ၁၆ ရက်မှ ၂၇ ရက်အထိ နှစ်ပတ်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း။

သင်တန်းသား သင်တန်းသူများအနေဖြင့် မိမိတို့ဦးစီးဌာန၏ ရည်မှန်းချက်၊ ရယ်ရွယ်ချက်များ အောင်မြင်ရန်အတွက် စီမံခန့်ခွဲမှုအခန်းကဏ္ဍတွင် အဓိကဆောင်ရွက်နေရသူများဖြစ်ပြီး စီမံခန့်ခွဲမှုပညာနှင့် ယနေ့ခေတ်၏ ပြောင်းလဲလာသော အတတ်ပညာ၊ ဗဟုသုတများကိုလည်း အမြဲမပြတ်လေ့လာဆည်းပူးရန်လိုအပ်ကြောင်း၊ မိမိတို့ဌာန၏ လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာတွင် ဌာနနှင့် နိုင်ငံတော်အပေါ် သစ္စာရှိရန်လိုအပ်ကြောင်း၊ တစ်ဦးကောင်း တစ်ယောက်ကောင်းမဟုတ်ဘဲ အားလုံးတက်ညီလက်ညီနှင့် စုပေါင်းလုပ်ကိုင်ဆောင်ရွက်ပြီး ဘက်လိုက်မှုမရှိ၊ အဂတိကင်းရှင်းစွာဖြင့် ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်ပြီး မွေးမြူရေးသုတေသနဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်နိုင်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရည်ရွယ်ချက်နှင့် ပို့ချမည့်ဘာသာရပ်များအား ပါဝါပွိုင့်ဖြင့် ရှင်းလင်းပြောကြားသည်။ သင်တန်းသို့ မွေးမြူရေးသုတေသနဦးစီးဌာန(ရုံးချုပ်)မှ အရာထမ်း ဝန်ထမ်း ၁၆ ဦး၊ အွန်လိုင်းမှတက်ရောက်သူ မွေးမြူရေးသုတေသနစခန်းများမှ အရာထမ်း ၁၂ ဦး စုစုပေါင်းအရာထမ်းဝန်ထမ်း သင်တန်းသားသင်တန်းသူ ၂၈ ဦးတက်ရောက်ကြောင်း သိရသည်။

**သတင်းစဉ်**

# ချင်းပြည်နယ် ပလက်ဝမြို့နယ်နှင့် ဆမီးမြို့နယ်တို့မှ နေရပ်ပြန်ကြမည့် ယာယီနေရပ်စွန့်ခွာသူ အိမ်ထောင်စုဝင်များသို့ ထောက်ပံ့ငွေများ ထောက်ပံ့ပေးအပ်ခြင်းနှင့် ကူညီရွှေ့ပြောင်းပေးခြင်းများ ဆောင်ရွက်



**နေပြည်တော် ဇန်နဝါရီ ၁၇**

ချင်းပြည်နယ် ပလက်ဝမြို့နယ်အတွင်းရှိကျေးရွာ ၂၇ ရွာနှင့် ဆမီးမြို့နယ်အတွင်းရှိ ကျေးရွာ ၃၀ တို့မှ နေရပ်ပြန်ကြမည့် ယာယီနေရပ်စွန့်ခွာသူ ဒေသခံ အိမ်ထောင်စုဝင်များကို ပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့ပေးအပ်သည့် ထောက်ပံ့ငွေများ ပေးအပ်ခြင်းကို ဇန်နဝါရီဒုတိယပတ်အတွင်းက သက်ဆိုင်ရာနေရာများ၌ ပြုလုပ်ကြရာ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်များမှ တာဝန်ရှိသူများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ယာယီနေရပ်စွန့်ခွာသူပြည်သူများ တက်ရောက်ကြသည်။

**ထောက်ပံ့ပေးအပ်**

ဦးစွာ နယ်မြေခံတပ်များမှ တာဝန်ရှိသူများက အမှာစကားများ ပြောကြားကြသည်။ ထို့နောက် ပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့ပေးအပ်သည့် ပလက်ဝမြို့နယ်အတွင်းရှိကျေးရွာများမှ အိမ်ထောင်စု ၅၄ စုအတွက် ထောက်ပံ့ငွေကျပ် ၂၇ သိန်းနှင့် ဆမီးမြို့နယ်အတွင်းရှိ ကျေးရွာများမှ အိမ်ထောင်စု ၃၃၃ စုတို့အတွက် ထောက်ပံ့ငွေကျပ် ၁၆၆၅၀၀၀၀ တို့ကို သက်ဆိုင်ရာ နယ်မြေခံတပ်များမှ တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ကြသည်။ ယင်းနောက် ၎င်းတို့၏ နေရပ်ဒေသအသီးသီးသို့ ပြန်လည်နေထိုင်ကြမည့် ယာယီနေရပ်စွန့်ခွာသူများအား အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက အိမ်ထောင်စုဝင်များ၏ အိမ်သုံးပစ္စည်းများကို သယ်ယူရွှေ့ပြောင်းပေးခြင်းနှင့် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဗီယက်နမ်သမ္မတ ငုယင်ဆွမ်းဖု ရာထူးမှနုတ်ထွက်




ဟနွိုင်း ဇန်နဝါရီ ၁၇

ဗီယက်နမ်သမ္မတ ငုယင်ဆွမ်းဖု ရာထူးမှ ယနေ့ နုတ်ထွက်ခဲ့ကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံ၏ အာဏာရ ကွန်မြူနစ်ပါတီက သမ္မတ ငုယင်ဆွမ်းဖုအား ပါတီမှနုတ်ထွက်ရန် ဆုံးဖြတ်ချက်ကို ယနေ့ အတည်ပြုခဲ့ကြောင်း ဗီယက်နမ်အစိုးရပိုင် ရုပ်မြင်သံကြားက သတင်းဖော်ပြသည်။

သမ္မတရာထူးနှင့် ပါတီအဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်ခြင်းသည် မိမိဆန္ဒအရဖြစ်ကြောင်း ယနေ့ကျင်းပသည့် အာဏာရ ကွန်မြူနစ်ပါတီ၏ ဗဟိုကော်မတီအစည်းအဝေးတွင် ငုယင်ဆွမ်းဖုက ပြောကြားခဲ့သည်။

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကို ကိုင်တွယ်ထိန်းချုပ်မှုအပေါ် ကျယ်ပြန့်သည့် အကျင့်ပျက်ခြစားမှု အရှုပ်တော်ပုံနှင့် ပတ်သက်ပြီး သမ္မတ ငုယင်ဆွမ်းဖုတွင် တာဝန်ရှိသည်ဟု ဒေသခံမီဒီယာများက ဆိုသည်။

ယင်းအရှုပ်တော်ပုံတွင် ပါဝင်ပတ်သက်သည့် ဝန်ထမ်းများအား ဖမ်းဆီး၊ ထုတ်ပယ်မှုများ ဆက်တိုက်လုပ်ဆောင်နေကြောင်း သိရသည်။

ငုယင်ဆွမ်းဖုသည် ၂၀၂၁ ခုနှစ် ဧပြီလတွင် ဗီယက်နမ်သမ္မတအဖြစ် ရွေးချယ်ခံခဲ့ရသည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်

# ထိုင်းနိုင်ငံ အလယ်ပိုင်း ဆမတ်ဆွန်ခရမ်ပြည်နယ် သင်္ဘောကျင်းတစ်ခု၌ လောင်စာဆီတင်သင်္ဘောတစ်စင်း မီးလောင်ပေါက်ကွဲမှုဖြစ်ပွား



ဗန်ကောက် ဇန်နဝါရီ ၁၇

ထိုင်းနိုင်ငံ အလယ်ပိုင်း ဆမတ်ဆွန်ခရမ်ပြည်နယ် မူအမ်းခရိုင်ရှိ သင်္ဘောကျင်းတစ်ခု၌ လောင်စာဆီတင်သင်္ဘောတစ်စင်း မီးလောင်ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ အနည်းဆုံး သင်္ဘောလုပ်သား သုံးဦး သေဆုံးပြီး အများအပြား ပျောက်ဆုံးနေဆဲဖြစ်ကြောင်း ထိုင်းနိုင်ငံပို့ဆောင်ရေးဝန်ကြီးဌာနက ဇန်နဝါရီ ၁၇ ရက်တွင် ပြောကြားသည်။

လက်ရှိအချိန်တွင် အဆိုပါ သင်္ဘောမီးလောင်မှုအား ငြိမ်းသတ်နိုင်ခဲ့ပြီး ဖြစ်စဉ်အတွင်း ဒဏ်ရာရရှိသူများနှင့် ပျောက်ဆုံးနေသူများအား ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေကြောင်း ပို့ဆောင်ရေးဝန်ကြီးဌာန အမြဲတန်းအတွင်းဝန် ဆိုရာပွန် ပိုက်တီပွန်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

လောင်စာဆီတန်ချိန် ၂၉၉၈ တန်သာ တင်ဆောင်နိုင်သည့် အဆိုပါသင်္ဘောတွင် သတ်မှတ်ပမာဏထက် ကျော်လွန်သယ်ဆောင်လာကြောင်း သိရသည်။

ထို့ပြင် အဆိုပါလောင်စာဆီတင်သင်္ဘောသည် သင်္ဘောကျင်း၌ ဆိုက်ကပ်ခြင်းမပြုမီ မီးလောင်မှုကြိုတင်ကာကွယ်ရေး ဆိုင်ရာ လုပ်ဆောင်ရမည့် အချက်များကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ခြင်း မရှိခဲ့သဖြင့် ယခုဖြစ်စဉ်ဖြစ်ပွားခဲ့သည်ဟု တာဝန်ရှိသူများက ပြောသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ
■

# ဂျပန်ဆေးဝါးကုမ္ပဏီ Eisai က အယ်လ်ဇိုင်းမားဆေး lecanemab ကို အတည်ပြုသုံးစွဲခွင့် လျှောက်ထား

တိုကျို ဇန်နဝါရီ ၁၇

ဂျပန်ဆေးဝါးကုမ္ပဏီ Eisai က ၎င်း၏ အယ်လ်ဇိုင်းမားဆေးကို အတည်ပြုရန် ဂျပန်ကျန်းမာရေးဝန်ကြီးဌာနထံ လျှောက်ထားခဲ့ကြောင်း ယမန်နေ့တွင် ပြောကြားခဲ့သည်။

Eisai သည် အမေရိကန်ဆေးဝါးကုမ္ပဏီ Biogen နှင့် အဆိုပါ အယ်လ်ဇိုင်းမားဆေး lecanemab ကို တီထွင်ထုတ်လုပ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါဆေးသည် အယ်လ်ဇိုင်းမားလူနာများ၏ ဦးနှောက်တွင် amyloid beta စုဆောင်းမှုကို လျှော့ချခြင်းဖြင့် အာရုံကြောဆိုင်ရာ ယိုယွင်းသောရောဂါ၏ တိုးတက်မှုကို နှေးကွေးစေရန် ဖန်တီးထုတ်ထားကြောင်း သိရသည်။ ပုံမှန်မဟုတ်သော ပရိုတင်းများသည် အာရုံကြောဆဲလ်များကို သေဆုံးစေသည်။

အဆိုပါ အယ်လ်ဇိုင်းမားဆေး lecanemab သည် ပရိုတင်းနှင့် ချိတ်ဆက်ထားသော ပဋိပစ္စည်းကို အသုံးပြုပြီး ပုံမှန်မဟုတ်သော ပရိုတင်းများကို ဖယ်ရှားပေးနိုင်သည်။

၁၈ လကြာ လက်တွေ့စမ်းသပ်မှုပြုလုပ်ပြီးနောက် ရောဂါခံစားရသူများ၏ မှတ်ဉာဏ်ကျဆင်းမှုနှုန်းကို ၂၇ ရာခိုင်နှုန်းလျှော့ချပေးသည်ဟု Eisai ဆေးဝါးကုမ္ပဏီက ပြောကြားသည်။

အမေရိကန် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနသည် အဆိုပါ lecanemab ဆေးအား အမေရိကန်နိုင်ငံအတွင်း အယ်လ်ဇိုင်းမားရောဂါကုသရာတွင် အသုံးပြုရန် ဇန်နဝါရီ ၆ ရက်က ခွင့်ပြုပေးခဲ့သည်။

ဂျပန်နိုင်ငံတွင်လည်း အဆိုပါ lecanemab ဆေးအား ယခုနှစ်ကုန်တွင် သုံးစွဲခွင့် အတည်ပြုချက်ရရှိရန် မျှော်မှန်းထားကြောင်း Eisai ဆေးဝါးကုမ္ပဏီကပြောသည်။ကိုးကား -အင်န်အိတ်ချ်ကေ၊ဘာသာပြန် -အောင်ကျော်ကျော်




# ဂျပန်နိုင်ငံ၌ ကိုဗစ်- ၁၉ ရောဂါကူးစက်မှုကြောင့် ၃၅၇ ဦး ထပ်မံသေဆုံး

တိုကျို ဇန်နဝါရီ ၁၇

ဂျပန်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၃၅၇ ဦးသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၆၃၃၂၀ ရှိကြောင်း သိရသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ရောဂါကူးစက်ခံရသူ ၁၂၆၉၈၉ ဦးထပ်မံတွေ့ရှိခဲ့ရာ လက်ရှိအချိန်အထိ ရောဂါကူးစက်ခံရသူပေါင်း ၃၁၅၉၇၈၁၀ ရှိကြောင်း သိရသည်။

လက်ရှိတွင် ရောဂါပြင်းထန်စွာခံစားနေရပြီး အသက်ရှူအထောက်အကူပြုကိရိယာများ တပ်ဆင်ထားသူ ၆၉၀ ရှိသည်။

ရောဂါထပ်မံကူးစက်ခံရသူများအနက် ၁၁၁၂၀ သည် မြို့တော်တိုကျိုမှဖြစ်ပြီး သေဆုံးသူ ၃၁ ဦး ရှိကြောင်း သိရသည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်

# နီပေါခရီးသည်တင်လေယာဉ်၏ ဘလက်ဘောက်စ် တွေ့ရှိ



ခတ္တမန္ဒူ ဇန်နဝါရီ ၁၇

နီပေါနိုင်ငံအလယ်ပိုင်း ပေါ့ခါရာဒေသ၌ ပျက်ကျခဲ့သည့် ခရီးသည်တင်လေယာဉ်၏ လေယာဉ်ပျံသန်းမှုဆိုင်ရာ အချက်အလက် မှတ်တမ်းတင်ကိရိယာ (ဘလက်ဘောက်စ်)ကို ယမန်နေ့တွင် တွေ့ရှိခဲ့ကြောင်း သိရသည်။

ခရီးသည်တင်လေယာဉ် ပျက်ကျမှုတွင် သေဆုံးသူ ၇၁ ဦးအထိ ရှိလာကြောင်းနှင့် ကျန်တစ်ဦးအား ဆက်လက်ရှာဖွေရေးလုပ်ငန်းများ လုပ်ဆောင်လျက်ရှိသည်။

**အသံဖမ်းစက် တွေ့ရှိ**

ရှာဖွေကယ်ဆယ်ရေးသမားများက လေယာဉ်ပျက်ကျသည့်နေရာတွင် လေယာဉ်မှူးခန်း အသံဖမ်းစက်နှင့် လေယာဉ်ပျံသန်းမှုဒေတာအသံဖမ်းစက်ကို ရှာဖွေတွေ့ရှိခဲ့သည်။

အဆိုပါ ကိရိယာများသည် လေယာဉ်ပျက်ကျမှု အကြောင်းရင်းကို စုံစမ်းရာတွင် ကူညီပေးနိုင်မည်ဖြစ်သည်။

လက်ရှိတွင် ၇၁ ဦးသေဆုံးပြီး တစ်ဦး ပျောက်ဆုံးလျက်ရှိသည်ဟု အာဏာပိုင်များက အတည်ပြုပြောကြားသည်။

Yeti လေကြောင်းလိုင်းသည် ခရီးသည် ၆၈ ဦးနှင့် အမှုထမ်းလေးဦးတို့အား မြို့တော် ခတ္တမန္ဒူမှ ပေါ့ခါရာဒေသ အပန်းဖြေစခန်းသို့ သယ်ဆောင်သွားစဉ် ပျက်ကျခဲ့ခြင်းဖြစ်သည်။

အဆိုပါ လေယာဉ်ပျက်ကျချိန်တွင် ရာသီဥတုသာယာခဲ့ကြောင်း အာဏာပိုင်များက သုံးသပ်ပြောကြားသည်။

**သုံးကီလိုမီတာအကွာ**

လေယာဉ်သည် ပေါ့ခါရာ လေဆိပ်မှ သုံးကီလိုမီတာအကွာတွင် ပျက်ကျခဲ့ခြင်းဖြစ်သည်။

အိန္ဒိယ၊ ရုရှားနှင့် တောင်ကိုရီးယားနိုင်ငံသားများ အပါအဝင် နိုင်ငံခြားသား ၁၅ ဦးသည် ခရီးသည်စာရင်းတွင် ပါဝင်သည်ဟု လေကြောင်းလိုင်းက ပြောသည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်

# တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်း၊ လူသုံးကုန်ပစ္စည်းနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဇန်နဝါရီ ၁၇

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁၄ ရက်တွင် ရခိုင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မောင်တောမြို့နယ် အကောက်ခွန်ဌာနတို့ပါဝင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကညင်ချောင်းစပ်တွင် အကောက်ခွန်မဲ့ ESSE တံဆိပ် နိုင်ငံခြားစီးကရက် အတောင့် ၃၅၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၅၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဇန်နဝါရီ ၁၅ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် (၁၆)မိုင် ကျောက်ချောစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မူဆယ်မြို့မှ မန္တလေးမြို့သို့မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်၌ တရားဝင်တင်သွင်းခွင့် အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ကျောပိုးအိတ် အလုံး ၉၀၀ အပါအဝင် ကုန်ပစ္စည်း ခုနစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၂၄၃၆၀၀၀)နှင့် အဆိုပါကုန်ပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၂၄၃၆၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၎င်းအပြင် ဇန်နဝါရီ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်၊ တောင်ငူခရိုင်နှင့် သာယာဝတီခရိုင်များအတွင်း တရားမဝင်သစ်မျိုးစုံ ၃၉၅ ဒသမ ၈၄၇၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၃၅၈၈၁၆ ) ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇန်နဝါရီ ၁၆ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တာဝန်ကျအကောက်ခွန် စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ခရီးသည်ဝန်စည်များနှင့်အတူ ရောနှောသယ်ဆောင်လာသော သက်ဆိုင်ရာ တင်သွင်းခွင့် အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Swiss Time အမျိုးအစား Couple Watch ၁၃ စုံ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



မန္တလေးတိုင်းဒေသကြီး (၁၆) မိုင် ကျောက်ချောစစ်ဆေးရေးစခန်း၌ သိမ်းဆည်းရမိသည့် ကျောပိုးအိတ်များနှင့် လူသုံးကုန်ပစ္စည်းများကို တွေ့ရစဉ်။

ယင်းအပြင် ရှမ်းပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကျိုင်းတုံမြို့နယ်အကောက်ခွန်ဦးစီးဌာနမှူး ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျိုင်းတုံတက္ကသိုလ်အနီးတွင် ကျိုင်းတုံမြို့မှ မိုင်းပျဉ်းမြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်၌ တင်သွင်းခွင့် စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် Sponsor တံဆိပ် အားဖြည့်အချိုရည်ဖာ ၁၃၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၅၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် ၁၂ ဘီး ကုန်တင်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၅၀၀၀၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၄၅၀၀၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇန်နဝါရီ ၁၄ ရက်၊ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၁ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၈၆၄၄၈၁၆) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

## ပုသိမ်ကြီးမြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

နေပြည်တော် ဇန်နဝါရီ ၁၇

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၁၆ ရက်က ပုသိမ်ကြီးမြို့နယ် ရွှေစာရံကျေးရွာအုပ်စု ကျောက်ချောကျေးရွာရှိ (၁၆)မိုင်ပူးပေါင်းစစ်ဆေးရေး ဂိတ်တွင် ခရီးသည်တင်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်ပါ ခရီးသည် မနန်းမွမ်းစိန်နှင့် မနန်းမွမ်းစံလူတို့နှစ်ဦး၏ ခရီးဆောင်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၆၈၀ သိမ်းဆည်းရမိခဲ့သဖြင့် မနန်းမွမ်းစိန်နှင့် မနန်းမွမ်းစံလူတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရအရေးယူထားကြောင်း သိရသည်။

သတင်းစဉ်



မနန်းမွမ်းစိန်နှင့် မနန်းမွမ်းစံလူတို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်ထုတ်လွှင့်မည်

နေပြည်တော် ဇန်နဝါရီ ၁၇

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှု တားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ " PDF အမည်ခံ အကြမ်းဖက်သမားများက ပုလဲမြို့နယ် ဇီးဖြူကုန်းကျေးရွာအတွင်းသို့ Drop Bomb များ အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့်ကလေးငယ်သုံးဦးအပါအဝင် အပြစ်မဲ့ပြည်သူ ခုနစ်ဦး ထိခိုက်ဒဏ်ရာရရှိ " ခေါင်းစဉ်ဖြင့် ဇန်နဝါရီ ၁၈ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

အလားတူ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် "စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်၌ PDF အကြမ်းဖက်သမားများ သတ်ဖြတ်မှုကြောင့် အသက်ခြောက်နှစ်အရွယ် ကလေးငယ်အပါအဝင် မိသားစုဝင် ရှစ်ဦး သေဆုံးခဲ့" ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ ပါဝင်နိုင်ပြီ ဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၈-၁-၂၀၂၃ ဗုဒ္ဓဟူးနေ့

### MRTV HD

၀၆:၀၀ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့်အဖွဲ့၏မေတ္တသုတ်၊ ရတနသုတ်၊ တေဇောသုတ်အန္တရာယ်ကင်းပရိတ်တရားတော်

၀၇:၀၀ နံနက်ခင်းသတင်း

၀၉:၃၅ အသွင်ဆန်းပြား ဟိုကျင်းရွာမှ အာခါလူမျိုးများ(CBT)

၁၀:၀၀ သတင်းထဲကသတင်း

၁၁:၃၅ ရှုပွယ်စုံလင်အာဆီယံအစီအစဉ်

၁၂:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ချစ်ပန်းရနံ့လွင့်ပျံ့အမုန်း' (အပိုင်း-၅၃)

၁၃:၀၀ သီချင်းကြိုးပဒေသာ

၁၃:၃၀ MRTV National News

၁၄:၃၅ အသိပညာနှင့်အမှန်တရား

၁၇:၅၀ မြန်မာ-ရုရှားဆက်ဆံရေးသည်သွေးစည်းချစ်ကြည်ထာဝရတည်

၁၈:၀၀ ပြည်တွင်းသတင်း

၁၈:၃၅ နိပါတ်တော်လာဇာတ်သဘင်မဟာ 'ရေသည်ပြဇာတ်'

၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ချစ်ပန်းရနံ့လွင့်ပျံ့အမုန်း' (အပိုင်း-၅၇)

၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ

၂၁:၀၀ ၂၀၂၂-၂၀၂၃ပညာသင်နှစ်အခြေခံပညာကျောင်းသားအားကစားပွဲတော်၊ နေ့စဉ်ယှဉ်ပြိုင်နေမှုအစီအစဉ်

၂၁:၃၅ (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (ကွက်စိပ်ပြိုင်ပွဲ) (ဝါသနာရှင်(ပထမတန်း)အဆင့်) (အမျိုးသား) (ပထမဆု) 'မဟောသဓာဇာတ်' (ဦးကျော်ငြိမ်း(၁)သက်ဇော်) (မန္တလေးတိုင်းဒေသကြီး)

### mitv

07:01 Evergreen Classic: Myat Hsu Mon (Hnin Yee Thant, Hnin Hnin Htoo, Shwe

07:05 Listening Pleasure, Instrumental Music (Piano) Can't help falling in love with you

07:10 Up Against The Tide

07:27 Danu Food: Pounded Crab Apple Salad

08:01 News

08:28 Rakhine Tourist Area

09:01 Myanma Traditional Art, Silversmith

09:05 Myanmar Prehistory

09:30 Don Min Artist

09:49 Tray Art Products

10:01 News

10:26 Topical Topics (No.30) Information Technology, IT and IT Tool

### MRTV NRC

ချင်း (လိုင်ဇိုး) (၀၆:၀၀ မှ ၀၇:၀၀)
ကြက်သားတုံးကြော်

ချင်း (ချိုး) (၀၇:၀၀ မှ ၀၈:၀၀)
တောင်ကြာပန်းတို့ရှိရာဆီ တစ်ခေါက်တစ်ခါ အလည်ရောက်စေချင်

မွန် (၀၈:၀၀ မှ ၁၀:၀၀)
အတောင်(၄၀၀)ပြည့်ကမ္ဘာ့အကြီးဆုံးလျောင်းတော်မူဘုရား

ရခိုင် (၁၀:၀၀ မှ ၁၂:၀၀)
အဆိုတော်ကြီးဖြစ်ချင်သူ

ရှမ်း (၁၂:၀၀ မှ ၁၄:၀၀)
ပင်လောင်ရှမ်းစက္ကူ

ဝ (၁၄:၀၀ မှ ၁၆:၀၀)
ကြက်သွန်ဖြူနှင့်ကျန်းမာရေး

ကချင် (၁၆:၀၀ မှ ၁၈:၀၀)
လီဆူရိုးရာဝတ်စားဆင်ယင်ပုံ

ကယား (၁၈:၀၀ မှ ၂၀:၀၀)
ကယားတိုင်းရင်းသားများရဲ့တဘူး(ခေါ်)တားမြစ်ချက်

ပအိုဝ်းကရင် (၂၀:၀၀ မှ ၂၁:၀၀)
ထွန်းထောက်လာသောကြယ်တစ်ပွင့်

အနောက်ပိုးကရင် (၂၁:၀၀ မှ ၂၂:၀၀)
အနောက်တောင်အရပ်ဆီကဟိုင်းကြီးကျွန်း

အရှေ့ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)
ပန်းချီဆရာစောထွန်းလင်းနှင့် တွေ့ဆုံမေးမြန်းခြင်း

### MRTV NEWS

၀၆:၀၀ အဖွင့်၊ တေးသီချင်း

၀၆:၄၀ အားကစားသတင်း

၀၈:၃၀ နိုင်ငံတကာသတင်း(LIVE)

၀၉:၁၅ မွန်ပြည်နယ် တရားလွှတ်တော်ရုံးအဆောက်အအုံအသစ်

၀၉:၃၀ နိုင်ငံတကာသတင်း(LIVE)

၁၄:၀၀ MRTV National News

၁၅:၀၀ ပြည်တွင်းသတင်း(LIVE)

၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)

၀၇:၃၀ နိုင်ငံတကာသတင်း(LIVE)

၁၉:၀၀ ပြည်တွင်းသတင်း(LIVE)

၂၀:၀၀ ပြည်တွင်းသတင်း(LIVE)

၂၁:၀၀ ပြည်တွင်းသတင်း(LIVE)

### MRTV PARLIAMENT

၀၉:၀၀ အဖွင့်၊ အလံ

၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ကိုယ်နှင့်မဆိုင်သော်လည်း'

၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ

၁၀:၃၀ ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၃)

၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (တောင်အာဖရိကနိုင်ငံ) (အပိုင်း-၂)

၁၁:၃၀ အတွေးအမြင် (အပိုင်း-၃)

### MRTV FARMERS'

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်

၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း

၀၆:၂၅ တောင်သူများအထောက်အပံ့ဖြစ်စေဖို့ ပျားမွေးမြူကြစို့

၀၇:၁၅ အပန်းဖြေခရီးတစ်ခေါက် လီမွော်ခြံသို့အရောက်

၀၈:၂၀ ခေတ်မီမီအရည်အသွေးကောင်းရောင်းပန်းလှ

၀၉:၅၀ တောင်သူဘဝမြင့်မားဖို့ချည်မျှင်ရှည်ဝါစိုက်ပျိုးစို့

### MRTV SPORTS

၀၆:၀၀ အဖွင့်

၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ

၀၇:၀၀ Sports News

၀၇:၃၀ Soccer View/ Weekly Sports Info/ Sports Diary/ Weekly MNL Review

၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း

၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ

၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇန်နဝါရီ ၁၇

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကိုအကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် အရှေ့လှေ့ဖြူကုန်းကျေးရွာနေ ကောင်းထက်ဇော်နှင့် ဇာဇာထက်မြတ်ဦးတို့သည် ၎င်းတို့ အသုံးပြုသည့် “Kaung Htet Zaw” Facebook အကောင့်၊ “Zar Zar Htet Myat Oo” Facebook အကောင့်၊ ညောင်ဦးမြို့နယ် အမှတ်(၄)ရပ်ကွက်နေ ရွှေဖူးအိမ်(ခ)ဖူးဖူးသည် ၎င်းအသုံးပြုသည့် “Phue Phue” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ဘားအံမြို့၌ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ မြန်မာနိုင်ငံဆိုင်ရာ ဆုံးဖြတ်ချက်အဆိုအပေါ် ကန့်ကွက်ရှုတ်ချကြောင်း ဆန္ဒထုတ်ဖော်

နေပြည်တော် ဇန်နဝါရီ ၁၇

အမေရိကန် ပြည်ထောင်စု နယူးယောက်မြို့၌ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်တွင် ကျင်းပခဲ့သည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ အစည်းအဝေး၌ မြန်မာနိုင်ငံဆိုင်ရာ ဆုံးဖြတ်ချက် အဆိုတစ်ရပ်ကို မဲခွဲချမှတ်ခဲ့သည်။



အဆိုပါ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ မြန်မာနိုင်ငံဆိုင်ရာ ဆုံးဖြတ်ချက် အဆိုနှင့် ပတ်သက်၍ ကန့်ကွက်ရှုတ်ချ ဆန္ဒထုတ်ဖော်ပွဲကို ယနေ့နံနက်ပိုင်းတွင် ကရင်ပြည်နယ် ဘားအံမြို့ ဇွဲကပင် အားကစားကွင်း၌ ဒေသခံပြည်သူများ စုပေါင်း၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ မြန်မာနိုင်ငံအပေါ် တစ်ဖက်သတ် ဆုံးဖြတ်ချက်များအား ဆန့်ကျင်ရှုတ်ချပါသည်။ အမေရိကန်ကမ္ဘာ့ချေးထုပ်ဝင်မရှုပ်နဲ့၊ ပြည်တွင်းရေးရာ ဝင်ရောက်စွက်ဖက် နှောင့်ယှက်နေသော ပြည်ပနိုင်ငံများအား (အလိုမရှိ)၊ အကြမ်းဖက်အားပေး ပြည်ပနိုင်ငံများအား (အလိုမရှိ)၊ အကြမ်းဖက် NUG၊ PDF (အလိုမရှိ)၊ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏တစ်ဖက်သတ် ဆုံးဖြတ်ချက်များအား (ဆန့်ကျင်ကြ)၊ မြန်မာ့အရေးကို မြန်မာနိုင်ငံကသာ ဖြေရှင်းရေး (ဒို့အရေး)၊ အပြစ်မဲ့ ပြည်သူများအား အကြမ်းဖက် သတ်ဖြတ်နေသည်များအား (ချက်ချင်းရပ်)၊ ကုလသမဂ္ဂသည် နိုင်ငံတကာ အစိုးရမဟုတ်ပါ၊ မြန်မာ့အရေးသည် နိုင်ငံတကာ လုံခြုံရေးကို ခြိမ်းခြောက်မှုမဟုတ်ပါ၊ UNSC ၏ မြန်မာနိုင်ငံ ဆုံးဖြတ်ချက်အပေါ် ကန့်ကွက်ပါသည်။ မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာကို ထိပါးသည့်အကြံဒို့လက်မခံ စသည့်ကြွေးကြော်သံများ ကြွေးကြော်၍ ပိုစတာများ၊ ဆိုင်းဘုတ်များ ကိုင်ဆောင်ကာ ဇွဲကပင် အားကစားကွင်းမှ မဲဘောင်မီးပွိုင့်လမ်းဆုံ၊ နာရီစင်၊ BOC ကွေ့၊ ကမ်းနားလမ်း၊ ကူးဆိပ်လမ်း၊ မဲဘောင်ဘုန်းကြီးကျောင်းလမ်းမှ နာရီစင်အထိ လူအင်အား ၁၈၀၀ ဖြင့် ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်









# သံတောင်ကြီးမြို့နယ်၌ အကြမ်းဖက်သမားများက သပြေညွှန့်-မုတ္တိမြောင်-ဇင်းတိုင် ကျေးရွာများသို့ ဆက်သွယ်ထားသည့် ယောက်တဝချောင်းကူးတံတားအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီး

နေပြည်တော် ဇန်နဝါရီ ၁၇

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ်၌ အကြမ်းဖက်သမားများက သပြေညွှန့်-မုတ္တိမြောင် -ဇင်းတိုင်ကျေးရွာများသို့ ဆက်သွယ်ထားသည့် ယောက်တဝချောင်းကူးတံတားအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည်။

ဖြစ်စဉ်မှာ ယနေ့နံနက် ၉ နာရီ မိနစ် ၅၀ ခန့်တွင် ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် သပြေညွှန့်-မုတ္တိမြောင်-ဇင်းတိုင်ကျေးရွာများသို့ ဆက်သွယ်ထားသည့် ယောက်တဝချောင်းကူးတံတားအား အကြမ်းဖက်အဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့ရာ ပေါက်ကွဲမှုကြောင့် အရှည်ပေ ၂၇၀၊ အကျယ် ၁၂ ပေ၊ အမြင့် ၁၅ ပေရှိ သံကူကွန်ကရစ်တံတားတစ်စင်း ပြိုကျပျက်စီးခဲ့ပြီး လူနှင့်မော်တော်ယာဉ်များဖြတ်သန်းသွားလာ၍မရကြောင်း သိရသည်။

ထိုသို့ အကြမ်းဖက်သမားများ၏ ဖောက်ခွဲဖျက်ဆီးခဲ့မှုကြောင့် ပျက်စီးခဲ့သည့် တံတားအား ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် ပြင်ဆင်ခြင်းလုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်နိုင်ရေး တာဝန်ရှိသူများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များပူးပေါင်း၍ ဆောင်ရွက်လျက်ရှိကြောင်းနှင့် ဖျက်ဆီးမှုကျူးလွန်ခဲ့သည့် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီးနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ၂၀၂၂ ခုနှစ် တစ်နှစ်တာကာလအတွင်း ပြည်တွင်း ထူးခြားဖြစ်စဉ်သတင်းများ

မြန်မာနိုင်ငံတွင် ၂၀၂၂ ခုနှစ်အတွင်း ဖြစ်ပေါ်ခဲ့သည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများအနက် ကြေးမုံသတင်းစာ၌ ဖော်ပြခဲ့သည့် ထူးခြားဖြစ်စဉ်သတင်းအချို့ကို စာဖတ်ပရိသတ်များ ဖတ်ရှုနိုင်စေရန် ပြန်လည်ကောက်နုတ်ဖော်ပြလိုက်ပါသည်။

## ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် (၃၅) လမ်း ကားမှတ်တိုင် မိုင်းပေါက်ကွဲမှု

ဇွန် ၁

ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် အနော်ရထားလမ်း (၃၅) လမ်း ကားမှတ်တိုင်၌ ၂၀၂၂ ခုနှစ် မေ ၃၁ ရက်တွင် PDF အမည်ခံအကြမ်းဖက်သမားများ ထောင်ထားသည့် လက်လုပ်မိုင်းပေါက်ကွဲမှုကြောင့် လူတစ်ဦးသေဆုံးပြီး ကိုးဦးထိခိုက်ဒဏ်ရာရရှိခဲ့သည်။

## (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဆုရခဲ့သည့် အားကစားသမားများအား နိုင်ငံတော်က ဂုဏ်ပြုပွဲကျင်းပ

ဇွန် ၄

ဗီယက်နမ်နိုင်ငံ၌ ကျင်းပခဲ့သည့် (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဆုရရှိခဲ့သည့် မြန်မာအားကစားသမားအဖွဲ့များအား နိုင်ငံတော်က ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားကို ၂၀၂၂ ခုနှစ် ဇွန် ၃ ရက်တွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားပြီး ဂုဏ်ပြုဆုများချီးမြှင့်သည်။

(၃၁) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံအနေဖြင့် အားကစားနည်း ၂၀ ကို အားကစားသမား ၂၈၃ ဦး၊ အုပ်ချုပ်သူ၊ နည်းပြ ၉၇ ဦး စုစုပေါင်း ၃၈၀ သွားရောက်ယှဉ်ပြိုင်ခဲ့သည်။ ပြိုင်ပွဲတွင် ရွှေတံဆိပ် ကိုးခု၊ ငွေတံဆိပ် ၁၈ ခု၊ ကြေးတံဆိပ် ၃၅ ခု စုစုပေါင်း ဆုတံဆိပ် ၆၂ ခုရရှိခဲ့ပြီး ပြိုင်ပွဲဝင်နိုင်ငံ ၁၁ နိုင်ငံအနက် အဆင့် (၇) ရရှိခဲ့သည်။

## ဆီးဂိမ်းပြိုင်ပွဲကျင်းပမည့် အိမ်ရှင်နိုင်ငံများ အတည်ပြုရွေးချယ်

ဇွန် ၅

အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ (ဆီးဂိမ်း) အဖွဲ့ချုပ်သည် ၂၀၂၅ ခုနှစ်၊ ၂၀၂၇ ခုနှစ်နှင့် ၂၀၂၉ ခုနှစ်အတွက် ဆီးဂိမ်းပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့်နိုင်ငံများကို အတည်ပြုရွေးချယ်လိုက်ပြီဖြစ်သည်။

(၃၁) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကို ဗီယက်နမ်နိုင်ငံက လက်ခံကျင်းပပြီးနောက် လာမည့် (၃၂) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကို ကမ္ဘောဒီးယားနိုင်ငံက ယခု ၂၀၂၃ ခုနှစ်တွင် လက်ခံကျင်းပသွားမည်ဖြစ်သည်။

ဆီးဂိမ်းပြိုင်ပွဲကျင်းပရေးတာဝန်ရှိသူများအနေဖြင့် လာမည့်ပြိုင်ပွဲများအတွက် အိမ်ရှင်နိုင်ငံများကို ကြိုတင်ရွေးချယ်အတည်ပြုခဲ့ပြီး ၂၀၂၅ ခုနှစ်တွင် ကျင်းပမည့် (၃၃) ကြိမ်မြောက် ပြိုင်ပွဲကို ထိုင်းနိုင်ငံ၊ ၂၀၂၇ ခုနှစ်တွင် ကျင်းပမည့် (၃၄) ကြိမ်မြောက် ပြိုင်ပွဲကို မလေးရှားနိုင်ငံ၊ ၂၀၂၉ ခုနှစ်တွင် ကျင်းပမည့် (၃၅) ကြိမ်မြောက် ပြိုင်ပွဲကို စင်ကာပူနိုင်ငံတို့က အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်ဖြစ်သည်။

## ရန်ကုန်၊ မန္တလေးနှင့် တောင်ကြီးမြို့တို့တွင် ဖမ်းဆီးရမိမူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီး

ဇွန် ၂၆

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့တွင် မြန်မာနိုင်ငံအတွင်း တစ်နှစ်တာကာလ ဖမ်းဆီးရမိမူးယစ်ဆေးဝါးများနှင့် ဓာတုပစ္စည်းများ မီးရှို့ဖျက်ဆီးပွဲအခမ်းအနားကို ၂၀၂၂ ခုနှစ် ဇွန် ၂၆ ရက်တွင် ရန်ကုန်၊ မန္တလေးနှင့် တောင်ကြီးမြို့တို့၌ ကျင်းပခဲ့သည်။

၂၀၂၂ ခုနှစ်အတွင်း ဘိန်း ၂၆၅၄ ဒသမ ၈၉ ကီလိုကျော်၊ ဘိန်းဖြူကီလို ၁၉၄၀ ကျော်၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၁၂ သန်းကျော်၊ အိုက်စ် ၂၃၆၅၃ ကီလိုကျော်၊ ဘိန်းစာမှုန့် ၁၂၀၅ ကီလိုကျော်၊ ဆေးခြောက် ၇၀၉ ကီလိုကျော်၊ ကတ်တမင်း ၂၀၂၄ ကီလိုကျော်၊ ကဖင်း ၁၂ တန်ကျော်အပါအဝင် မူးယစ်ဆေးဝါးနှင့် ဓာတုပစ္စည်း ၇၉ မျိုး စုစုပေါင်း တန်ဖိုးငွေကျပ် ၁၁၈၈ ဘီလီယံကျော် (အမေရိကန်ဒေါ်လာ ၆၄၂ ဒသမ ၆၀ သန်းကျော်) ဖမ်းဆီးရမိခဲ့ပြီး မီးရှို့ဖျက်ဆီးခဲ့သည်။

**စာတည်းအဖွဲ့ - စုစည်းတင်ပြသည်**

## ပုဂံမြို့၌ (၇) ကြိမ်မြောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကျင်းပ

ဇူလိုင် ၅

(၇) ကြိမ်မြောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကို ၂၀၂၂ ခုနှစ် ဇူလိုင် ၄ ရက်တွင် ပုဂံမြို့ရှိ ရွှေနန်းတော်ဟိုတယ်၌ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့သည်။

အစည်းအဝေးကို မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိတို့က ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်ကြပြီး ကမ္ဘောဒီးယား၊ လာအို၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများ တက်ရောက်ကြသည်။

အစည်းအဝေးအပြီးတွင် အကောက်ခွန်၊ စိုက်ပျိုးရေး၊ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးနှင့် ပြည်သူများအကြား အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များအတွက် ပူးတွဲကြေညာချက်လေးခု ထုတ်ပြန်ကြေညာခဲ့သည်။

## ရေပေါ်ရေအောက် ပူးပေါင်းစစ်ဆင်မှုလေ့ကျင့်ခန်း ပြုလုပ်

ဇူလိုင် ၆

မြန်မာ့ရေပိုင်နက် ရခိုင်ကမ်းရိုးတန်းရေပြင်တွင် တပ်မတော်(ရေ)မှ တိုက်ခိုက်ရေး ရေငုပ်သင်္ဘောစစ်ရေယာဉ် မင်းရဲသိင်္ခသူနှင့် မင်းရဲကျော်ထင်၊ ဖရီးဂိတ်စစ်သင်္ဘောကြီးများအပါအဝင် စစ်ရေယာဉ် ၂၀ ခန့်နှင့် တပ်မတော်(လေ)မှ ရဟတ်ယာဉ်များဖြင့် စစ်နည်းဗျူဟာအဆင့် ရေပေါ်ရေအောက်ပူးပေါင်းစစ်ဆင်မှုလေ့ကျင့်ခန်း (Sea Shield- 2022) ကို ဇူလိုင် ၁ ရက်မှ ၅ ရက်အထိ မုတ်သုံရာသီကာလ ရာသီဥတုဆိုးရွားနေသည့်ကြားမှ အောင်မြင်စွာ လေ့ကျင့်ဆောင်ရွက်နိုင်ခဲ့သည်။



တပ်မတော်က နိုင်ငံတော်သို့ ပတ္တမြားကြီးလှူဒါန်း

ဇူလိုင် ၈

တပ်မတော်က နိုင်ငံတော်သို့ ၂၇၈၉ ဒသမ ၂၅ ကာရက်ရှိ ပတ္တမြားကြီး လှူဒါန်းခြင်းအခမ်းအနားကို ၂၀၂၂ ခုနှစ် ဇူလိုင် ၇ ရက်တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးဧည့်ခန်းမ၌ ကျင်းပသည်။

တပ်မတော်မှတစ်ဆင့် နိုင်ငံတော်သို့ လှူဒါန်းသည့် ပတ္တမြားကြီးသည် မာခြင်းအဆင့် (၉)ရှိပြီး သိပ်သည်းဆ ၃ ဒသမ ၉၉ ရှိကြောင်း၊ အရောင်မှာ ခရမ်းရောင်အနည်းငယ်သန်းသည့် အနီရောင်ဖြစ်ကြောင်း၊ ပတ္တမြားကြီးသည် ပွတ်ချောအမျိုးအစားဖြစ်ပြီး အပြစ်အနာအဆာကင်းစင်ကာ မြန်မာနိုင်ငံ မိုးကုတ်ရတနာမြေမှ ထွက်ရှိခဲ့ကြောင်း၊ အရွယ်အစားကြီးမားပြီး အဖိုးထိုက်တန်သော ရှားပါးသည့် ပတ္တမြားကြီးဖြစ်ကြောင်းနှင့် ထူးခြားသည့် ပတ္တမြားကြီးကို နိုင်ငံတော်ပတ္တမြား (နစက ပတ္တမြား) အဖြစ် ဂုဏ်ပြုသတ်မှတ် ခေါ်ဝေါ်မည်ဖြစ်ကြောင်း သိရသည်။

## မြန်မာ့ဆိပ်ကမ်းများသို့ ဇူလိုင်လတွင် ကုန်သေတ္တာတင်သင်္ဘော ၄၉ စင်း ဆိုက်ကပ်ပြေးဆွဲ

ဇူလိုင် ၂၇

ပို့ကုန်၊ သွင်းကုန်လုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်နှင့် ကုန်စည်စီးဆင်မှု မှန်ကန်မြန်ဆန်စေရေးအတွက် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ကြီးကြပ်မှုဖြင့် ကုန်သေတ္တာဆိပ်ကမ်း၊ သင်္ဘောလိုင်းများနှင့် ပို့ကုန်၊ သွင်းကုန်လုပ်ငန်းရှင်တို့ ပူးပေါင်းဆောင်ရွက်မှုကြောင့် ဇူလိုင်လတွင် ကုန်သေတ္တာတင်သင်္ဘော ၄၉ စင်း ဆိုက်ကပ်ပြေးဆွဲခဲ့ကြောင်း သိရသည်။

## မိုင်းဖုန်းဆရာတော်ကြီး၏ သုံးနှစ်သုံးလသုံးရက် အဓိဋ္ဌာန်ပြည့်၍ ပြန်လည်ထွက်တော်မူလာ

ဩဂုတ် ၂

မိုင်းဖုန်းဆရာတော်ကြီးသည် မိုင်းဆတ်မြို့နယ် မိုင်းကျက်ကျေးရွာရှိ မိုင်းကျက်အထက်ဂူတွင် ၂၀၁၉ ခုနှစ် မေ ၂၈ ရက်မှစတင်၍ သုံးနှစ်သုံးလသုံးရက်တိတိ တရားကျင့်ကြံအားထုတ် အဓိဋ္ဌာန်ဝင်တော်မူခဲ့ရာ ၂၀၂၂ ခုနှစ် ဩဂုတ် ၁ ရက်တွင် အဓိဋ္ဌာန်ပြည့်သဖြင့် ဂူမှထွက်တော်မူလာခဲ့သည်။ ဂူမှ ထွက်တော်မူလာခဲ့သည့် ဆရာတော်ကြီးကို အနယ်နယ်အရပ်ရပ်မှ ပြည်သူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများက ဖူးမြော်ကြည်ညိုခဲ့ကြသည်။



ဆင်ဖြူတော်ရတနာ ပေါ်ထွန်းကြောင်း သတင်းထုတ်ပြန်

ဩဂုတ် ၃

ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်းမှ ထိန်းကျောင်းထားရှိသော အသက် ၃၃ နှစ်ရှိ ဆင်းမ ဇာနန်းလှက ထူးခြားအသွင်သဏ္ဌာန်ရှိသည့် ဆင်ဖြူတော်အထီးကလေးကို ၂၃-၇-၂၀၂၂ ရက်နေ့တွင် မွေးဖွားခဲ့ကြောင်းသိရသည်။ ဆင်ဖြူတော်ကလေးမှာ အရပ်အမြင့် ၂ ပေ ၅ လက်မ၊ ကိုယ်လုံး လုံးပတ် ၃ ပေ ၁ လက်မ၊ ကျော အလျား ၂ ပေ၊ အမြီး အလျား ၁ ပေ ၆ လက်မနှင့် မွေးဖွားစ ကိုယ်အလေးချိန် ပေါင် ၁၈၀ ခန့်ရှိသည်။

ဆင်ဖြူတော်ကလေးမှာ ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာများနှင့် ကိုက်ညီမှုရှိကြောင်းနှင့် အချက်ရှစ်ချက်တွင် ခုနစ်ချက် ကိုက်ညီမှုကြောင်း စိစစ်တွေ့ရှိရသည်ဟု ဖော်ပြထားသည်။

## သင်ဇာဝင့်ကျော်နှင့် နန်းမွေစံတို့ကို ဥပဒေအရ အမှုဖွင့်အရေးယူ

ဩဂုတ် ၆

မြန်မာအမျိုးသမီးများ စောင့်ထိန်းအပ်သော မြန်မာ့ယဉ်ကျေးမှုကို ထိခိုက်စေသည့် လိင်အသားပေးဓာတ်ပုံနှင့် ဗီဒီယိုများကို လူမှုကွန်ရက်တွင် အခကြေးငွေရယူ၍ ဖြန့်ဝေလျက်ရှိသည့် သင်ဇာဝင့်ကျော်နှင့် နန်းမွေစံတို့ကို သက်ဆိုင်ရာက စိစစ်ဖော်ထုတ်မှုများပြုလုပ်ပြီး ၂၀၂၂ ခုနှစ်တွင် ဥပဒေအရ အမှုဖွင့်ရေးယူဆောင်ရွက်မှုများ ပြုလုပ်ခဲ့သည်။

## မသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် ဆုရရှိသူများအား ဂုဏ်ပြုချီးမြှင့်

ဩဂုတ် ၂၁

အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပခဲ့သည့် (၁၁) ကြိမ်မြောက် အာဆီယံ မသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် ဆုရရှိခဲ့သည့် မြန်မာအားကစားသမားအဖွဲ့များအား နိုင်ငံတော်က ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားကို ၂၀၂၂ ခုနှစ် ဩဂုတ် ၂၀ ရက်တွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားပြီး ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

(၁၁) ကြိမ်မြောက် အာဆီယံ မသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံက အားကစားနည်း ခုနစ်နည်း၊ အားကစားသမား ၆၉ ဦးနှင့် အုပ်ချုပ်သူ၊ နည်းပြနှင့် ဒိုင်လူကြီး ၄၄ဦး အပါအဝင် စုစုပေါင်း ၁၁၃ ဦး သွားရောက်ယှဉ်ပြိုင်ခဲ့ရာ ရွှေတံဆိပ် ၁၄ ခု၊ ငွေတံဆိပ် ၁၂ ခု၊ ကြေးတံဆိပ် ၁၇ ခု စုစုပေါင်း ဆုတံဆိပ် ၄၃ ခုရရှိပြီး ပြိုင်ပွဲဝင် ၁၁ နိုင်ငံအနက် အဆင့် (၆) ရရှိခဲ့ကြောင်း သိရသည်။

(ဆက်လက်ဖော်ပြပါမည်)

# ၂၀၂၂ ခုနှစ် တစ်နှစ်တာကာလအတွင်း နိုင်ငံတကာထူးခြားဖြစ်စဉ်သတင်းများ

ဘာသာပြန်အဖွဲ့ - စုစည်းတင်ပြသည်

၂၀၂၂ ခုနှစ်အတွင်း နိုင်ငံတကာတွင် ဖြစ်ပွားခဲ့သည့် ကျန်းမာရေး၊ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး စသည့် ထူးခြားဖြစ်စဉ်များကို စုစည်းတင်ပြလိုက်ပါသည်-

## အီရတ်နိုင်ငံ၏ ရေနံတင်ပို့မှု နှစ်ပေါင်း ၅၀ အတွင်း အမြင့်ဆုံးသို့ ရောက်ရှိ

အီရတ်နိုင်ငံ၏ ၂၀၂၂ ခုနှစ် မတ်လအတွင်း ရေနံတင်ပို့မှုသည် အမေရိကန် ဒေါ်လာ ၁၁ ဒသမ ၀၇ ဘီလီယံရှိခဲ့ကြောင်း၊ နှစ်ပေါင်း ၅၀ ကာလအတွင်း အမြင့်ဆုံးသို့ ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း အီရတ်ရေနံဝန်ကြီးဌာနက ပြောကြားသည်။

ရေနံတင်ပို့ရောင်းချသည့် နိုင်ငံများအဖွဲ့ (အိုပက်)တွင် ရေနံဒုတိယအများဆုံးထုတ်လုပ်သည့်နိုင်ငံဖြစ်သည့် အီရတ်နိုင်ငံသည် ရေနံစည်ပေါင်း ၁၀၀၅၆၃၉၉၉ စည် တင်ပို့ရောင်းချခဲ့ရာ ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၀၇ ဘီလီယံရရှိခဲ့ခြင်းဖြစ်ကြောင်းနှင့် ၁၉၇၂ ခုနှစ်နောက်ပိုင်း အမြင့်ဆုံးတင်ပို့နိုင်ခဲ့ခြင်းဖြစ်ကြောင်း အဆိုပါရေနံဝန်ကြီးဌာနက ပြောကြားသည်။

## တရုတ်အစိုးရက ကာကွယ်ဆေးထိုးနှံမှုအတွက် အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၉ ဘီလီယံ သုံးစွဲခဲ့

တရုတ်အစိုးရက နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုလုပ်ငန်းစဉ်အတွက် ၂၀၂၂ ခုနှစ် ဧပြီ ၂ ရက်အထိ အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၉ ဘီလီယံဝန်းကျင်ခန့် သုံးစွဲခဲ့ကြောင်း သိရသည်။

နိုင်ငံ၏ ကာကွယ်ဆေး အခမဲ့ထိုးနှံမှုအစီအစဉ်ကို ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင် စတင်ခဲ့သည်။

ကာကွယ်ဆေးဝယ်ယူမှုနှင့် ထိုးနှံမှုဆိုင်ရာ ကုန်ကျစရိတ်များကို နိုင်ငံ၏ ဆေးဘက်ဆိုင်ရာ အာမခံရန်ပုံငွေနှင့် နိုင်ငံ၏ ခန့်မှန်းခြေရသုံးငွေစာရင်းတို့မှ သုံးစွဲခြင်းဖြစ်ကြောင်း သိရသည်။

## ထိုင်းနိုင်ငံ ဆွန်ခရန် နှစ်သစ်ကူးရေကစားပွဲတော်အတွင်း ယာဉ်မတော်တဆမှု ၃၀၁ ကြိမ်ဖြစ်ပွားခဲ့



ထိုင်းနိုင်ငံ၌ ၂၀၂၂ ခုနှစ် ဆွန်ခရန် နှစ်သစ်ကူးရေကစားပွဲတော်အတွင်း ယာဉ်မတော်တဆမှု ၃၀၁ ကြိမ်ဖြစ်ပွားခဲ့ပြီး အဆိုပါယာဉ်မတော်တဆမှုများအတွင်း ၄၇ ဦးသေဆုံးကာ ၂၈၂ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အရက်သောက်သုံး၍ ယာဉ်မောင်းနှင်ခြင်းနှင့် အရှိန်မြင့်တင်မောင်းနှင်ခြင်းများမှတစ်ဆင့် ယာဉ်မတော်တဆမှု အများဆုံးဖြစ်ပွားခဲ့ကြောင်း ထိုင်းပြည်ထဲရေးဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် နီရတ်ပွန်စီသီသာဖွန်က ပြောကြားသည်။




## တရုတ်နိုင်ငံ၌ သွင်းကုန်ထုတ်ကုန်ဆိုင်ရာ အွန်လိုင်းကုန်စည်ပြပွဲကျင်းပ

တရုတ်နိုင်ငံ၌ သွင်းကုန်ထုတ်ကုန်ဆိုင်ရာ ကုန်စည်ပြပွဲအား ၂၀၂၂ ခုနှစ် ဧပြီ ၁၅ ရက်တွင် အွန်လိုင်းစနစ်ဖြင့် စတင်ဖွင့်လှစ်ပြသခဲ့ကြောင်း သိရသည်။

၁၀ ရက်ကြာကျင်းပသည့် ကန်တုံကုန်စည်ပြပွဲဟု အမည်ရသည့် အဆိုပါပြပွဲတွင် ပြည်တွင်းမှ ကုန်စည်ပြခန်း ၂၅၅၀၀ အပါအဝင် ပြည်ပမှ ကုန်စည်ပြခန်း အများအပြား ခင်းကျင်းပြသခဲ့ကြောင်း သိရသည်။



## တရုတ်အာကာသယာဉ်မှူးသုံးဦး အာကာသတွင်း၌ တာဝန်များ ထမ်းဆောင်ပြီး ကမ္ဘာမြေပြင်ပေါ်သို့ ပြန်လည်ရောက်ရှိ

တရုတ်အာကာသယာဉ်မှူး သုံးဦးသည် အာကာသတွင်း၌ ခြောက်လကြာ တာဝန်များထမ်းဆောင်ပြီးနောက် ၂၀၂၂ ခုနှစ် ဧပြီ ၁၆ ရက်တွင် ကမ္ဘာမြေပြင်ပေါ်သို့ ဘေးကင်းစွာ ပြန်လည်ရောက်ရှိလာကြောင်း သိရသည်။

အာကာသယာဉ်မှူးများဖြစ်သည့် အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့သည် တရုတ်နိုင်ငံ မြောက်ပိုင်း အတွင်းမွန်ဂိုလီးယားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ Dongfeng အာကာသယာဉ်ဆင်းသက်ရာနေရာသို့ ရောက်ရှိလာခဲ့သည်။ ၎င်းတို့ လိုက်ပါစီးနင်းလာသည့် Shenzhou-13 အာကာသယာဉ်ဆင်းသက်မှုကို နိုင်ငံပိုင်ရုပ်သံလိုင်းမှတစ်ဆင့် တိုက်ရိုက်ထုတ်လွှင့်ပြသခဲ့သည်။

## တရုတ်နိုင်ငံ၌ ဟိုက်ဒရိုဂျင်လောင်စာဖြည့်ဆိုင်ပေါင်း ၂၅၀ ကျော် တည်ဆောက်ပြီးစီး

တရုတ်နိုင်ငံက ၂၀၂၂ ခုနှစ် ဧပြီ ၁၄ ရက်အထိ ဟိုက်ဒရိုဂျင်လောင်စာဖြည့် ဆိုင်ပေါင်း ၂၅၀ ကျော် တည်ဆောက်ပြီးဖြစ်၍ အဆိုပါအရေအတွက်သည် ကမ္ဘာ့တစ်ဝန်းရှိ ဟိုက်ဒရိုဂျင်လောင်စာဖြည့်ဆိုင်အားလုံး၏ ၄၀ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

တရုတ်အစိုးရက ယင်းသို့ ဟိုက်ဒရိုဂျင်စွမ်းအင်ထုတ်လုပ်မှုကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ခြင်းမှာ ရာသီဥတုဖောက်ပြန်မှုကြောင့် ဖြစ်ပေါ်လာသည့် ဘေးထွက်ဆိုးကျိုးများကို ကိုင်တွယ် ဖြေရှင်းရန် အဓိကရည်ရွယ်ခြင်းဖြစ်ကြောင်း တရုတ်အမျိုးသား စွမ်းအင်အာဏာပိုင်အဖွဲ့က ပြောသည်။

## မြို့တော်တိုကျိုရှိ ဟာနီဒါလေဆိပ်အနီး၌ စက်ရုပ်များဝန်ဆောင်မှုပေးသည့် စားသောက်ဆိုင်ဖွင့်လှစ်

ဂျပန်နိုင်ငံ၏ ကာဝါဆာကီအကြီးစားစက်မှု လုပ်ငန်းများအဖွဲ့က စက်ရုပ်များဝန်ဆောင်မှုပေးသည့် စားသောက်ဆိုင်တစ်ဆိုင်ကို မြို့တော် တိုကျိုရှိ ဟာနီဒါလေဆိပ်အနီး၌ ၂၀၂၂ ခုနှစ် ဧပြီ ၂၀ ရက်တွင် ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ယင်းကဲ့သို့ စားသောက်ဆိုင်ဖွင့်လှစ်ရခြင်းကြောင့် အလုပ်သမားရှားပါးမှုပြဿနာကို ဖြေလျှော့စေမည်ဖြစ်ပြီး စက်ရုပ်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အချက်အလက်များကိုလည်း ရရှိနိုင်မည်ဖြစ်သည်။

## နိုင်ဂျီးရီးယားနိုင်ငံ၌ တရားမဝင်ရေနံချက်စက်ရုံ မီးလောင်မှုဖြစ်ပွား အလုပ်သမား ၁၀၀ ကျော် သေဆုံး

နိုင်ဂျီးရီးယားနိုင်ငံတောင်ပိုင်း အီမိုမြို့ရှိ တရားမဝင် ရေနံချက်စက်ရုံ မီးလောင်ပေါက်ကွဲခဲ့ရာ အလုပ်သမား ၁၀၀ ကျော် သေဆုံးပြီး အများအပြား ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

ယင်းရေနံချက်စက်ရုံသည် အီမိုပြည်နယ်နှင့် ရီးဗားပြည်နယ်ကြားရှိ သစ်တောအုပ်အတွင်း တည်ရှိပြီး မီးလောင်ပေါက်ကွဲမှုသည် ၂၀၂၂ ခုနှစ် ဧပြီ ၂၂ ရက် ညသန်းခေါင်ယံအချိန်၌ ဖြစ်ပွားခဲ့ကြောင်း သိရသည်။



## ပြင်သစ်သမ္မတရွေးကောက်ပွဲ၌ လက်ရှိသမ္မတ မက်ခရွန်အနိုင်ရရှိ

ပြင်သစ်သမ္မတရွေးကောက်ပွဲ၌ လက်ရှိသမ္မတ မက်ခရွန်သည် လက်ယာစွန်းရောက်ပြိုင်ဘက်မာရီနီလီပန်းအား အနိုင်ရရှိပြီး သမ္မတရာထူးဒုတိယသက်တမ်းအတွက် ၂၀၂၂ ခုနှစ် ဧပြီ ၂၅ ရက်တွင် ရွေးချယ်ခံခဲ့ရကြောင်း သိရသည်။

မက်ခရွန်သည် ဆန္ဒမဲအားလုံး၏ ၅၈ ဒသမ ၅၅ ရာခိုင်နှုန်းကို ရရှိခဲ့ကာ ၎င်း၏ပြိုင်ဘက် လီပန်းမှာ ၄၁ ဒသမ ၄၅ ရာခိုင်နှုန်းသာ ရရှိခဲ့သည်။

## အစ္စရေးနိုင်ငံ၌ မောင်းသူမဲ့မော်တော်ယာဉ်များအား အများပြည်သူသယ်ယူပို့ဆောင်ရေးကဏ္ဍတွင် စမ်းသပ်အသုံးပြုမည်



အစ္စရေးနိုင်ငံသည် နိုင်ငံအတွင်း အများပြည်သူသယ်ယူပို့ဆောင်ရေးကဏ္ဍတွင် ခေတ်မီတိုးတက်စေရန်ရည်ရွယ်၍ ကွန်ပျူတာစနစ်ဖြင့် အလိုအလျောက် မောင်းနှင်သည့် မောင်းသူမဲ့ မော်တော်ယာဉ်များအား အများပြည်သူ သယ်ယူပို့ဆောင်ရေးစနစ်တွင် စမ်းသပ်အသုံးပြုသွားမည်ဖြစ်ကြောင်း အစ္စရေးပို့ဆောင်ရေးဝန်ကြီးဌာနက ၂၀၂၂ ခုနှစ် ဧပြီ ၁၄ ရက်တွင် ပြောကြားသည်။

အဆိုပါမောင်းသူမဲ့ မော်တော်ယာဉ်စနစ် တည်ထောင်ရန် အစ္စရေးနိုင်ငံက အမေရိကန်ဒေါ်လာ ၆ ဒသမ ၂ သန်း ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ပြီး အဆိုပါမော်တော်ယာဉ်များကို အသုံးပြုခြင်းဖြင့် လေထုညစ်ညမ်းမှုမဖြစ်စေကြောင်းနှင့် ယာဉ်ကြောပိတ်ဆို့မှုကို လျှော့ချနိုင်သည့် အားသာချက်များရှိကြောင်း သိရသည်။

# အလှမ်းကျယ်ရင် အလယ်လပ်တတ်တယ်

**ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ**

**(၁၁-၁-၂၀၂၃ ရက်နေ့မှအဆက်)**

"သူပြောလူပြောအနေနဲ့တော့ .. တပည့်တော်တို့က ဝိပဿနာဉာဏ်ရသလိုလိုပဲ၊ ဒါပေမဲ့ တပည့်တော်တို့ကိုယ်တိုင်ကတော့ ရတယ်လို့ကို မထင်သေးပါဘူးဘုရား"

"ဩော် . . ဘယ့်နှယ်သူပြောလူပြောနဲ့ ရသလိုလိုပဲလဲ"

"အရှင်ဘုရားပဲ ပြောဖူးတယ်လေ၊ ဝိပဿနာဉာဏ်အစစ်ဆိုတာ သူပြောလူပြော - သတ်မှတ်ပေးရုံနဲ့ဖြစ်လာတာမဟုတ်ဘူး၊ ကိုယ်ကိုယ်တိုင်ရှိမှ၊ သိမှဖြစ်တာဆိုဘုရား"

"အေး၊ဟုတ်တယ်လေ"

"အဲဒါကြောင့်ပြောတာပေါ့၊ တပည့်တော်တို့မှာ သူပြောလူပြော ဝိပဿနာဉာဏ်ရှိတယ်ဆိုပေမယ့် တပည့်တော်တို့ကိုယ်တိုင်ကတော့ ဘာမျှမသိမထူးသေးပါဘူး၊ အများနဲ့ဆက်ဆံတဲ့အခါမှာလည်း စိတ်ကျေနပ်လောက်တဲ့အထိ မနေတတ်သေးပါဘူး၊ ကိုယ့်ကိုယ်ကိုယ် အားမရသေးဘူးလို့ ပြောရမှာပေါ့ဘုရား"

"အမယ် ဒီလိုဆိုတော့လည်း အဟုတ်သားပါကလား"

"ဟုတ်တယ်မလုပ်ပါနဲ့ဘုရား၊ တပည့်တော်တို့က တပည့်တော်တို့ကိုယ်ကိုယ် ဟုတ်တယ်လို့ မသတ်မှတ်သေးပါဘူးဘုရား၊ ဝိပဿနာဉာဏ်အစစ်ကိုလည်း တကယ်ရချင်ပါတယ်ဘုရား၊ ဒါကြောင့် ဝိပဿနာဉာဏ်ဖြစ်ဖို့ ဘယ်လောက်ကြာကြာ အားထုတ်ရပါသလဲလို့ မေးတာပါဘုရား"

"အင်း- ဒီလိုဆိုတော့လည်း ပြောပြရတာပေါ့၊ ကဲ-နားထောင်"

"နင်တို့အဖွဲ့ဟာ တကယ်လည်းကြိုးစားအားထုတ်နေကြတယ်၊ ယောကျ်ားလေးတွေရောမိန်းကလေးတွေပါ ပါကြတဲ့အဖွဲ့ဆိုတော့၊ ဒီဥပမာနဲ့ပြောရင် နားလည်လောက်မယ်ထင်ပါတယ်"

"မှန်ပါ၊ အမိန့်ရှိပါဘုရား၊ ဥပမာနဲ့ဆိုတော့ ပိုပြီးရှင်းရှင်းလင်းလင်းသိရတာပေါ့"

"ကဲ . . ကဲ . . ပွဲနေပွဲထိုင်၊ ပွဲလမ်းသဘင်တစ်ခုကို သွားမယ့် အမျိုးကောင်းသမီးတစ်ယောက်ဟာ ဝတ်ကောင်းစားလှတွေ ဆင်ယင်ပြီး ဆံပင်ကို ဆံထုံးထုံး မျက်နှာကိုလည်း ဖြီးလိမ်းပြင်ဆင်ပြီးတော့မှ ပွဲသဘင်ကို သွားမယ်ဆိုပါစို့"

"မှန်ပါဘုရား"

"အဲ - ဒါပေမဲ့ မိဘမျိုးရိုးလက်ထက်က ဒါမှမဟုတ် စီးပွားရေးအဆင်ပြေလို့ပဲဖြစ်ဖြစ် ရထားတဲ့ စိန်ဆံထိုးတစ်ခု ရှိတယ်ဆိုပါစို့"

"မှန်ပါဘုရား"

"အဲဒီစိန်ဆံထိုးကို၊ ကောင်းလည်းကောင်း တန်ဖိုးလည်းကြီးတဲ့ စိန်ဆံထိုးကို သူက ပွဲသဘင်ကို ထိုးသွားမလား၊ မထိုးသွားဘူးလား"

"ကိုယ်လည်းပိုင်၊ ရှိလည်းရှိဆိုရင်တော့ ထိုးသွားမှာပေါ့ဘုရား"

"ဟုတ်ပြီ၊ အဲဒီစိန်ဆံထိုးကို ကောက်ပြီး ထိုးလိုက်တာရယ်၊ ဆံထုံးထုံးရတာရယ် ဘယ်ဟာ အချိန်ကြာသလဲ"

"ဆံထုံးထုံးတာက ကြာတာပေါ့ဘုရား"

"ကဲ စိန်ဆံထိုးကို ထိုးတာရယ်၊ ဖြီးလိမ်းပြင်ဆင်တာရယ် ဘယ်ဟာက ကြာသလဲ"

"ဖြီးလိမ်းပြင်ဆင်တာက ကြာတာပေါ့ဘုရား"

"အမယ်၊ အဖြေပေးတာ တယ်ပြီးမြန်ပါလား။ ကဲမှတ်ထားတော့၊ ဝိပဿနာဉာဏ်ရဖို့ အားထုတ်ရတာဟာ၊ ဝိပဿနာဉာဏ်ရတယ်ဆိုတာဟာ စိန်ဆံထိုး ထိုးရသလောက်ပဲကြာတယ်၊ အဲဒီစိန်ဆံထိုး ထိုးရသလိုပဲ လွယ်ကူတယ်"

"ဟာ-ဟုတ်သလားဘုရား၊ တပည့်တော်တို့မှာ ဒီလောက်တောင် အားထုတ်နေတာကြာပါပြီ ဘာဝိပဿနာဉာဏ်မှ မဖြစ်သေးပါလားဘုရား"

"စိန်ဆံထိုးကို ထိုးတယ်ဆိုတာ ခေါင်းတုံးမှာ ထိုးတာလား၊ ဆံထုံးမှာ ထိုးတာလား"

"ဟာ- အရှင်ဘုရားကလည်း ခေါင်းတုံးမှာ ဘယ်လိုလုပ် ထိုးလို့ရပါမလဲ၊ ရိုးရိုးနေဆံပင်မှာကိုပဲ ထိုးလို့မရပါဘူး၊ ဆံထုံးကြီးကြီးမှာ၊ လှလှပပထုံးထားတဲ့ ဆံထုံးမှာမှ ထိုးလို့ရတာပေါ့ဘုရား"

"ကဲ . . အခုဝိပဿနာအလုပ် အားထုတ်နေကြတဲ့ပုဂ္ဂိုလ်တွေမှာ ဆံထုံးထုံးထားပြီးပြီလား ပြောစမ်းပါဦး ခေါင်းတုံးပြောင်က စိန်ဆံထိုး ထိုးသလိုများ လုပ်နေမိကြသလား စဉ်းစားကြပေါ့"

တစ်ဖွဲ့လုံးငြိမ်သွားကြပါတယ်၊ သူတို့ခေါင်းပေါ်မှာ စိန်ဆံထိုးထိုးရမည့်ဆံထုံး ရှိ၊ မရှိ သူတို့စမ်းကြည့်နေကြတဲ့ပုံစံပါပဲ၊ လက်နဲ့စမ်းတာတော့ မဟုတ်ပါဘူး၊ စိတ်နဲ့စမ်းကြည့်တာပါ၊ ပြန်ပြီးဆင်ခြင်ကြည့်နေကြတာဖြစ်မှာပါ။

"တပည့်တော်တို့တစ်တွေ အခုအထိ ဝိပဿနာဉာဏ်အစစ်မရကြသေးတာဟာ ဆံထုံးမရှိဘဲ ဆံထိုးထိုးနေတယ်ဆိုတာ သဘောပေါက်ပါပြီဘုရား၊ အဲဒီတော့ ဆံထုံးဆိုတာဘာလဲ၊ဘယ်လိုထုံးရမလဲဆိုတာ ဆက်ပြီး မိန့်ပေးပါဦးဘုရား"

"အင်း-မပြောလည်းပဲ ဆက်ပြီးပြောရမှာပါပဲ ဘာလို့လဲဆိုတော့ ဝိပဿနာတရားကို အားထုတ်နေကြတဲ့သူတွေဟာ ဆံထုံးမရှိဘဲ စိန်ဆံထိုးကို ထိုးနေကြရင် အကျိုးမဲ့၊ အချည်းနှီး၊ အချိန်တွေ အလဟဿဖြစ်နေကြမှာအတွက် မဖြစ်စေချင်လို့ပါပဲ"

"ဟုတ်ပါတယ်ဘုရား၊ အရှင်ဘုရားတို့လို ဆရာသမားတွေက ပြောပြမှသာ တပည့်တော်တို့က နားလည်မှာပါ၊ သိရမှာပါဘုရား"

"အင်း . . ဟုတ်ပါပြီ၊ အဲဒီက အမြောက်ကောင်းတာနဲ့ပဲ ဆက်ပြီးပြောချင်စိတ်ပေါ်လာပါပြီ၊ ကဲ . . ကဲ . နားထောင်"

"နိဗ္ဗာန်ဆိုတဲ့ ပွဲလမ်းသဘင်ကို စိန်ဆံထိုးထိုးပြီး လှပပြင်ဆင်ပြီး သွားလိုတဲ့သူဟာ ရေမိုးချိုး၊ ခန္ဓာကိုယ်ကို စင်ကြယ်သန့်စင်အောင်လုပ်ပြီးမှ သွားရပါမယ်"



"မှန်ပါဘုရား"

"ခန္ဓာကိုယ်ကို ရေမိုးချိုးစင်ကြယ်ရုံနဲ့ မပြီးပါဘူးတဲ့၊ အိမ်မှာ ဝတ်နေကျအဝတ်တွေကို မဝတ်ဘဲ ပွဲလမ်းသဘင်နဲ့ တင့်တယ်တဲ့ လိုက်လျောညီထွေရှိတဲ့ အဝတ်အစားတွေကို ဝတ်ကြရမှာပါတဲ့"

"ဟုတ်ပါတယ်ဘုရား၊ ဝတ်ကောင်းစားလှတော့ ဝတ်ကြမှာပါ"

"အေး.. နောက်ပြီးတော့လည်း သနပ်ခါး ပန်းမန်တွေက လိမ်းခြယ်လို့ ပန်လို့၊ ဆံထုံးတွေ ဘာတွေကိုလည်း ဖြီးလို့၊ ထုံးလို့ ဆင်ယင်ရဦးမှာပါတဲ့"

"မှန်ပါတယ်ဘုရား" **(ဆက်လက်ဖော်ပြပါမည်)**

**ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ၏ ခန့်တဲ့စိတ်နဲ့ နေပွဲမယ် စာအုပ်မှ ဆရာတော်၏ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။**

# ပါရမီဆယ်ပါးမင်္ဂလာ

**သုတေသီ ဦးသိမ်းဇံ**

**ပညာပါရမီ**

**ပညာရွှေအိုးလူမခိုး**

"လက်သမားကြီး လုပ်ငန်းတွေပြီးစီးဖို့ နီးပြီလား"

"ပြီးစီးဖို့ နီးပြီလို့တော့ ပြောလို့ရပါတယ်။ အချောသပ်ဖို့ နည်းနည်းပါးပါးပဲ ကျန်ပါတော့တယ်"

"ဒီစကားကို ဗောဓိမင်းသားမေးရင် အမှန်အတိုင်း မဖြေနဲ့ဦးနော်"

"ဗျာ ဘယ်လို"

သိဋ္ဌလုလင်သည် လက်သမားကြီးကို အကြောင်းစုံ ပြောပြလိုက်သည်။ လက်သမားကြီးက အံ့ဩတုန်လှုပ်စွာဖြင့် အံ့အားသင့်နေရှာသည်။

"ဟုတ်တယ်။ နန်းပြာသာဒ်ကြီးပြီးတာနဲ့ လက်သမားကြီးကို သတ်မှာပဲတဲ့။ ဘာဖြစ်လို့လဲဆိုရင် အတ္တကြီးလွန်းလို့ပေါ့။ လက်သမားကြီး ရှိနေရင် ဒီလောကမှာ အခုလိုကြီးကျယ်ခမ်းနား၊ မြင့်မြတ်တဲ့လက်ရာရှိတဲ့ ပြာသာဒ်မျိုး ထပ်မံပေါ်ပေါက်နေမှာစိုးလို့တဲ့။ ဒီဘေးကလွတ်အောင် နည်းလမ်းကြံဆပေတော့"

လက်သမားကြီးလည်း ထိုအချိန်ကစပြီး ဘေးလွတ်ရာနည်းလမ်း ရှာဖွေအကြံထုတ်လေတော့သည်။

"နန်းပြာသာဒ်က အစသတ်ပြီလား လက်သမားဆရာကြီး"

"ဟုတ်ကဲ့ပါ အရှင့်သား၊ အနုစိတ်လက်ရာတွေတော့ အစသတ်ဖို့ကျန်ပါသေးတယ်။ အနုစိတ်လက်ရာဟာ ပြင်ပထက် အတွင်းပိုင်းလက်ရာကို ပိုမိုပြောင်မြောက်အောင် စီမံရတာမို့ပါ"

"ဘယ်လောက် ကြာနိုင်သေးလို့လဲ"

"ပစ္စည်းရရှိနိုင်မှုအပေါ် မူတည်ပါတယ် မင်းသား"

"ကောင်းပြီလေ၊ လိုအပ်တာသာပြောပါ အားလုံးအသင့်ရစေရမယ်"

လက်သမားဆရာကြီးသည် မင်းသားအား သတိနှင့်ပြောဆိုပြီး လိုအပ်သည်များကို မှာကြားလိုက်လေသည်။ ထို့အပြင် အနုစိတ်လက်ရာမြောက်စွာ ထွင်းထုလုပ်ဆောင်ရမည်ဖြစ်သဖြင့် လုပ်ငန်းခွင်သို့ လူအဝင်အထွက် မရှိစေရန်နှင့် မင်းသားပင်လျှင် မလာရောက်စေချင်သေးကြောင်း လျှောက်ထားလိုက်သဖြင့် မင်းသားက အံ့အားတသင့် မေးလေသည်။

"ဟေ ဟုတ်လား၊ ဘာအကြောင်းများကြောင့်လဲ ဆိုပါဦး"

"မှန်လှပါအရှင့်သား၊ လက်ရာမြောက်အောင် အနုစိတ်ဖန်တီးချိန်မှာ လုပ်ငန်းခွင်ထဲ စျာန်သွင်းလုပ်ဆောင်မှသာ လက်ရာမြောက်မှာဖြစ်ပါတယ်။ အရှင့်သားက လုပ်ငန်းခွင်ထဲဝင်လာရင် မေးမြန်းတဲ့အခါ ပြန်လည်ဖြေကြားရတဲ့အတွက် လုပ်ငန်းအာရုံပျက်သွားမှာစိုးလို့ပါ၊ တစ်ဆက်တည်းသာ စျာန်သွင်းလုပ်လိုက်တော့ ပိုပြီးလက်ရာမြောက်မယ်၊ လုပ်ငန်းလည်း မြန်မြန်ပြီးနိုင်လို့ပါအရှင်"

"ဩော် ဒီလိုလား၊ ဖြစ်စေရမယ် ဖြစ်စေရမယ်"

"ကျွန်တော်မျိုးအလုပ်လုပ်နေချိန်မှာ ထမင်းဟင်း စီစဉ်ပေးဖို့ ကျွန်တော်မျိုးရဲ့ ဇနီးတစ်ယောက်ထဲသာ လာစေချင်ကာ လိုအပ်ရင်လည်း သားသမီးတွေကို အကူအညီခေါ်ယူပါ့မယ်။ ဒီလို အင်တိုက်အားတိုက်လုပ်လိုက်ရင် အချောထည်က တစ်လအတွင်း လက်စသတ်နိုင်တော့မှာပါ"

လက်သမားကြီး စိတ္တသည် လိုအပ်သည်များကို တောင်းခံခြင်းနှင့် လုပ်ငန်းသဘောတူညီမှုများကို ရယူပြီးချိန်တွင် ပြာသာဒ်အား ဆက်လက်မလုပ်ဆောင်တော့ဘဲ ဂဠုန်ငှက်စက်ယန္တရားရုပ်ကို တည်ဆောက်လေသည်။ ထိုကာလအတွင်း ဇနီးဖြစ်သူအား အိမ်အသုံးအဆောင်ပစ္စည်းတို့ကို သိုသိုသိပ်သိပ်ရောင်းချစေပြီး ရွှေထည်များအဖြစ် အသွင်ပြောင်းထားရှိရန်နှင့် သူတစ်ပါးနှင့် အဆက်အသွယ်မလုပ်ဘဲ မိသားစုအားလုံးစုရုံးထားရန် မှာကြားလိုက်လေသည်။

ငှက်ရုပ်အတွင်း ထည့်သွင်းမည့်စက်ယန္တရားသည် နှစ်ပတ်အတွင်းပြီးစီးသွားပြီး ပြင်ပငှက်ရုပ်အပိုင်းသာ ကျန်တော့သည်။ ထိုကာလအတွင်း မင်းသားထံမှ လုပ်ငန်းအခြေအနေစုံစမ်းမှုများ ရှိလာ၍ လက်စသတ်တော့ပါမည်ဟု ပြန်ကြားလိုက်ရသည်။

နေ့မနား ညမအားလုပ်ဆောင်ရာ မှန်းဆထားသည့်ရက်မတိုင်မီ ဂဠုန်ငှက်ရုပ်ကြီး ပြီးစီးသွားသည်။

ထို့နောက် မိသားစုအားလုံးကို မှာယူကာ ပစ္စည်းပစ္စယများထည့်သွင်းပြီး တံတိုင်းကို ကျော်ကာ ကောင်းကင်ယံမှပျံသန်းပြီး ဘေးလွတ်ရာသို့ ပြေးလေတော့သည်။

"ဂဠုန်ငှက်ကြီး၊ ဂဠုန်ငှက်ကြီး"

"အလို ကောကဒနန်းပြာသာဒ်ထဲက ရောမငှက်ကြီးပျံသွားတယ်၊ ရောမငှက်ကြီးပါ"

တတီတီ တဝူးဝူး အသံများအော်မြည်လျက် အတောင်နှစ်ဖက်လှုပ်ခတ်ပျံသန်းနေသော ငှက်ကြီးကိုကြည့်ကာ အစောင့်များက ကြက်သေသေနေကြသည်။ သတိရ၍ လက်နက်များကောက်ယူချိန်တွင် ငှက်ကြီးက အုတ်နံရံကိုပင် ဖြတ်ကျော်သွားပြီဖြစ်သည်။ ဆူညံသံများကြောင့် အပြင်ဘက်မှ အစောင့်များက မော့ကြည့်လိုက်စဉ်မှာ ဝေါခနဲအသံပြုလျက် ငှက်ကြီးက ဟိမဝန္တာဆီသို့ ဦးတည်ပျံသန်းသွားနေလေသည်။

လက်သမားဆရာကြီးသည် ဂဠုန်စက်ယန္တရားငှက်ရုပ်ကြီး၏အကူအညီဖြင့် ဗောဓိမင်းသားလက်မှ ရုန်းထွက်နိုင်ခဲ့ပြီး ဟိမဝန္တာအရပ်တွင် အခြေစိုက်နေထိုင်တော့သည်။ နောက်ပိုင်းတွင် လက်သမားဆရာကြီး၏တပည့်များ အလျှိုလျှိုရောက်လာကြသည်။ ထိုမျှသာမက ဗောဓိမင်းသား၏ သံသုမာဂီရိအရပ်မှ လက်သမားဆရာကြီး၏ပညာကို လေးစားတန်ဖိုးထားကြသူများက ရွှေ့ပြောင်းလာကြရာ လူဦးရေများပြားလာသဖြင့် မြို့တည်ရန်ဆုံးဖြတ်လေသည်။

လက်သမားဆရာကြီးသည် ကဋ္ဌဝါဟနမြို့ကို တည်ထောင်ပြီး မင်းပြုအုပ်ချုပ်လေတော့သည်။

သို့ဖြစ်သောကြောင့် လက်သမားဆရာကြီးထံတွင် ဆန်းကြယ်သောအတတ်ပညာမတတ်လျှင် ဗောဓိမင်းသား၏အတ္တလွန်ကျူးသည့် အကြံဆိုးဖြင့် သေပွဲဝင်ရမည်ဖြစ်ပေသည်။ သို့သော် လက်သမားဆရာကြီးစိတ္တသည် သူ၏ဆန်းကြယ်သောပညာအစွမ်းဖြင့် ဘေးဘယာမှလွတ်မြောက်ကာ ချမ်းသာခြင်းသုခကို ရရှိခဲ့လေတော့သည်။ ။

# ယဉ်ကျေးလိမ္မာအစပြု စာသင်ခန်းယဉ်ကျေးမှု(၂၂)

ဦးမင်းဟန်(ဘီအေ)

"ပူစူးမရေ မောင်ထူးကတော့ ပြောလိုက်ရင် တလွဲချည်းပဲ။ ခုလည်း လွဲပြန်ပြီသိလား။ ဆရာမက စကားမဆုံးသေးဘူး၊ သူက ဖြတ်ဖြတ်ပြောနေတာ မြင်ရကြားရတာကိုက မကောင်းဘူးပေါ့"

"နေစမ်းပါဦး ကိုဦးရဲ့။ ငါကရော ဘာတွေဖြစ်နေတာမို့လို့လဲ၊ ဆရာမပြောတာကို ဘာတွေများ ကြားဖြတ်ပြောနေမိလို့လဲ၊ ပြောပါဦး ပြောစမ်းပါဦး"

"နင်တို့နှစ်ယောက်က မဖြစ်စဖူး အဖြစ်ထူးလိုက်တာဟယ်။ ငါနဲ့ ဆိုရင်တော့ တွေ့လိုက်တာနဲ့ စကားနိုင်လုနေကျဆိုတော့ ထားပါတော့။ ခုတော့ ကိုဦးကပါ ပွင့်ထွက်လာတာဆိုတော့ မောင်ထူးရေ နင်ဘာတွေ အမှားလုပ်ထားပြန်ပြီလဲ"

မောင်ထူး၊ ကိုဦးနှင့် ပူစူးမတို့ အပြန်အလှန်စကားလုပြောနေကြသည်ကို ဘိုးလေးကြွက်က နားမရှင်းသဖြင့် အသာနားထောင်နေလိုက်သည်။ စကားမစဘဲ ရေနွေးကြမ်းပူပူတစ်ခွက်ကို တဖြည်းဖြည်း မှုတ်သောက်နေသည်။

"မောင်ထူး၊ နင် ငါပြောတာကို ခဏဆုံးအောင်နားထောင်ဦး၊ ငါပြောပြီးမှ နင်ပြောပါဟာ၊ ကြားလား"

"ဘာကိုနားထောင်ရမှာလဲ ပြောစမ်းပါဦး ပူစူးမရာ နင်ကလည်း ငါ့ဆို ဆရာကြီးသိပ်လုပ်တာပဲ"

"ခုပဲကြည့်လေ၊ ငါ့စကားက မဆုံးသေးဘူး။ နင်ပြောချင်တာကိုပဲ ပြောနေတယ်။ နင်ကတော့ ခက်ပါတယ်။ စကားကို ပြီးဆုံးအောင် နားထောင်ရပါတယ်ဆိုမှပဲ။ အဆုံးအထိနားထောင်ပြီးမှ နင်ပြောချင်တာကို ဆက်ပြောရမှာလေ။ ဘာဖြစ်လို့ စကားကို ကြားဖြတ်ပြီး လုပြောချင်နေရတာလဲ။ ကိုဦးပြောတာလည်း ဒါပဲဖြစ်မှာ။ ပြောလိုက်ရင်လည်း မကြိုက်ဘူး"

ပူစူးမက ပြောပြောဆိုဆို မောင်ထူးအား မျက်စောင်းထိုးလိုက်သည်။ မောင်ထူးကတော့ မကျေမချမ်းဖြင့် လက်သီးဆုပ်ပြလိုက်ရင်း ဘိုးလေးကြွက်ကိုလည်း မသိမသာလှမ်းကြည့်လိုက်သည်။

"မြေးတို့ အငြင်းပွားနေပြန်ပြီလား။ စကားပြောဆိုတဲ့အခါမှာ တစ်ယောက်စကားဆုံးမှ နောက်တစ်ယောက်က ဆက်ပြောရတယ်လေ။ စကားကို လုမပြောရဘူး။ မဆုံးသေးတဲ့စကားကို .. ကြားဖြတ်မပြောရဘူး။ ပြီးဆုံးအောင် ခဏစောင့်ပြီးမှပြောတာဟာ ယဉ်ကျေးတဲ့သူဖြစ်တာပေါ့"

"ဟုတ်ကဲ့ဘိုးလေး။ မှတ်သားထားပါ့မယ်"

"ဒါဆိုရင် မောင်ထူးက ယဉ်ကျေးမှုမရှိတာပေါ့နော် ဘိုးလေး"

ကိုဦး၏စကားအဆုံးမှာ ပူစူးမက မောင်ထူးကို အခွင့်သင့်စဉ် ဝင်နှက်လိုက်သည်။

"မောင်ထူးကလည်း ယဉ်ကျေးမှုရှိပြီးသားပါ။ တစ်ခါတလေ တော့လည်း စကားလုပြောရင်း အဲ့လိုဖြစ်တတ်တာပါပဲ။ နောက်ဆို ဆင်ခြင်လိုက်ရင် အဆင်ပြေသွားမှာပေါ့ကွယ်"

"ဟုတ်ကဲ့ဘိုးလေး။ မြေးက နောက်ဆိုသတိထားဆင်ခြင်ပါ့မယ်"

"ပြောတာပါပဲ ဘိုးလေးရာ။ ပြောလိုက်ရင်တော့ ဆင်ခြင်ပါ့မယ် ဆိုတာချည်းပဲ။ နောက်တော့သာ စကားပြောရင်း ဖြစ်ဖြစ်သွားတာ။ ကျောင်းမှာလည်း အဲဒါကြောင့် ဆရာမကပြောတာ။ စကားကိုဘယ်တော့မှ ဆုံးအောင်နားမစွင့်ဘူးတဲ့။ နားစွန်နားဖျားနဲ့ မှတ်ချင်တာမှတ်ပြီး ပြောချင်တာပြောတော့တာပဲတဲ့။ သမီးကို ဆရာမက မှာလိုက်တယ်။ မောင်ထူးကို သေချာရှင်းပြပြောလိုက်ပါဦးတဲ့၊ အဲဒါလည်း ပြောချင်တာ။ စကားကို စနေရတာနဲ့တင် လိုရင်းမရောက်ဘူးဖြစ်နေတာ။ မောင်ထူးက ကြားဖြတ်ပြီးဝင်ပြောနေလို့ စကားက မဆုံးနိုင်ဖြစ်နေရတာ ဘိုးလေးရေ"

"ဩော် ဒီလိုလား"

"ကြည့်ကြည့် ပုံစံကိုက ထောင့်မကျိုးဘူးနော် ဘိုးလေး၊ ဒီလောက်ပြောနေတာတောင် ပြောင်စပ်စပ်နဲ့"

မောင်ထူးက ပူစူးမ၏စကားအဆုံးမှာခေါင်းတဆတ်ဆတ်ညိတ်ရင်း ပြန်ပြောလိုက်သည့်စကားကြောင့် ပူစူးမတစ်ယောက် ပိုမိုဒေါသထွက်ကာ ခပ်ဆတ်ဆတ်ပြန်ပြောလိုက်ခြင်းဖြစ်သည်။ ဘိုးလေးကြွက်က မောင်ထူးနှင့် ပူစူးမတို့ကို ကြည့်လိုက်ရင်း စကားဆက်ပြောသည်။

"မြေးတို့က ယဉ်ကျေးမှုရှိပြီးသားတွေပါ။ ကျောင်းမှာရော၊ အိမ်မှာရော၊ အရပ်ထဲမှာရော ပြောဆိုဆက်ဆံတဲ့အခါ မင်္ဂလာတရားနဲ့အညီ ပြောဆိုကြရမယ်နော်"

"ဟုတ်ကဲ့ပါ ဘိုးလေး။ မြေးတို့ကတော့ အစဉ်အမြဲလိုက်နာပါတယ်"

"မြေးတို့က လိုက်နာပါတယ်ဆိုတော့ ငါက မလိုက်နာဘူးလို့ ဆိုလိုတာလား။ ပူစူးမနော် နင်"

"တွေ့လားဘိုးလေး။ မြေးပြောတဲ့စကားမဆုံးသေးဘဲနဲ့ ဖြတ်ပြောပြန်ပြီ အဲဒါပဲလေ မောင်ထူးကတော့"

ဘိုးလေးကြွက်က ပူစူးမပြောနေသည့်စကားကို လက်ပြတားလိုက်ပြီး မောင်ထူးကိုကြည့်လိုက်ပြီးမှ ဖြည်းဖြည်းချင်းဆက်ပြောသည်။

"မြေးတို့မှတ်ထားရမှာက တစ်ယောက်ပြောစကားကို ပြီးဆုံးအောင်နားထောင်ပြီးမှ နောက်တစ်ယောက်က ပြောရမယ်လေ။ မြေးတို့ကို အခွင့်အခါကြုံတိုင်း ဘိုးလေးပြောပြောနေကျပါ။ မေ့နေကြပြီနဲ့တူတယ်။ နောက်ပြီး သူတစ်ပါးစကားပြောနေရင် ကြားဖြတ်မပြောရဘူးဆိုတာလေ။ ပြောနေတဲ့သူရဲ့စကားကို ဆုံးအောင်စောင့်ပေးရမယ်။ တစ်ဖက်လူရဲ့စကားကို ဖြည့်စွက်ပြောစရာရှိရင်တောင် ပြောနေတဲ့သူရဲ့ စကားဆုံးသွားမှ ယဉ်ကျေးသိမ်မွေ့စွာနဲ့ ဖြည့်စွက်ပြောဆိုရမယ်။ မိမိကတတ်ကျွမ်းနားလည်တဲ့သဘော၊ ဆရာလုပ်တဲ့သဘောနဲ့ ပြောဆိုမှု မပြုမူရဘူးကွယ့်။ အဲဒါမှ ယဉ်ကျေးတဲ့ လူမှုကျင့်ဝတ်ကို လိုက်နာရာကျတယ်။ မြေးတို့အားလုံး နောက်ဆိုရင် သတိလေးထားပြီး ပြောဆိုကြရမယ်နော်"

"ဟုတ်ကဲ့ပါ ဘိုးလေး၊ မှတ်သားထားပါ့မယ်"

ကျောင်းစာသင်ခန်းထဲမှာဆိုရင် ပိုပြီးသတိထားရမယ်.. ပိုပြီး ဂရုစိုက်ရမယ် မြေးတို့ရဲ့။ ဆရာ ဆရာမတွေကို လေးစားရမယ်။ ရိုကျိုးရမယ်။ မရိုမသေ မလေးမစားသောအမူအရာမျိုး ဘယ်သောအခါမှ မပြုမူရဘူး၊ အတတ်နိုင်ဆုံး ယဉ်ကျေးသိမ်မွေ့စွာနဲ့ ဆရာ ဆရာမတွေရဲ့စကားကို နားထောင်လိုက်နာကြရမယ်နော်"

"ဟုတ်ကဲ့ မှတ်သားထားပါမယ် ဘိုးလေး။ ဘိုးလေးရဲ့ သွန်သင်တဲ့စကားကို မြေးတို့အားလုံးလိုက်နာကျင့်ဆောင်ကြပါမယ်လို့ ကတိပေးပါတယ်"

"သာဓုကွယ် သာဓု သာဓု"

# ယဉ်ကျေးလိမ္မာပဒေသာ ၃၈ – ဖြာမင်္ဂလာ




**စိတ်ထားတင်းမာနိုင်ရမယ်**
**ဖုဋ္ဌဿလောကဓမ္မေဟိ**
**စိတ္တံယဿနကမ္ပတိ။**

"လောကဓံတရားနှင့် တွေ့ကြုံရသောအခါ စိတ်ဓာတ်မတုန်လှုပ်ဘဲ ကြံ့ကြံ့ခံနိုင်ရန် ကြိုးစားရခြင်း၊ တုန်လှုပ်ကြောက်ရွံ့မှုမရှိခြင်း၊ လောကဓံတရားတွေ့ကြုံငြား စိတ်ထားတင်းမာနိုင်ရမယ်"လို့ မြန်မာလိုအဓိပ္ပာယ်ရတယ်။

၃၈–ဖြာမင်္ဂလာကဗျာတွေရဲ့ ဒသမမြောက်ကဗျာဖြစ်တဲ့ "စိတ်ဓာတ်ကြံ့ခိုင်ရေးမင်္ဂလာလေးပါး" ထဲက နံပါတ်တစ်မင်္ဂလာတရားပဲဖြစ်တယ်။ သားတို့၊ သမီးတို့၊ မောင်တို့၊ မယ်တို့အတွက် ဘဝတစ်သက်တာ မှတ်သားကြရမယ့် မင်္ဂလာတရားတွေပေါ့ကွယ်။

ဟိုးရှေးအခါက။

"ဖခင်ကို ဥပါယ်တံမျဉ်နဲ့ သောကကင်းဝေးအောင်၊ လောကဓံကို ခံနိုင်ရည်ရှိအောင် ပြသမှဖြစ်မယ်"

ဗာရာဏသီပြည်တွင် ဗြဟ္မဒတ်မင်းကြီး မင်းပြုစဉ်ကာလကပေါ့ကွယ်။ ချမ်းသာကြွယ်ဝတဲ့ မျိုးနွယ်ဖြစ်တဲ့ သုဇာတအမည်ရှိသတို့သားရဲ့ အဘိုးဖြစ်သူ ကွယ်လွန်ရှာတယ်ကွယ့်။

"ဖြစ်ရလေ ဖခမည်းတော်ရယ်။ အသေစောလို့ နှမြောလှချေရဲ့။ သားကို တစ်ယောက်တည်း ထားသွားရက်တယ်နော်"

သုဇာတသတို့သားရဲ့ ဖခင်ဖြစ်သူက သူ့ရဲ့ဖခင်သေဆုံးရလို့ ဝမ်းနည်းပူဆွေး သောကရောက်နေသတဲ့။ ဖခင်ရဲ့ အရိုးအိုးကို ဥယျာဉ်ခြံထဲမှာမြှုပ်ပြီး မြေပုံစေတီ တည်ထားတယ်။ ဒီလိုတည်ထားပြီးလည်း နေ့စဉ်နဲ့အမျှ အောက်မေ့တမ်းတငိုကြွေး ကာ ပန်းတွေနဲ့လည်း ပူဇော်လေ့ရှိတယ်။

"ငါ့အဖေဟာ အဘိုးသေတဲ့အချိန်က စလို့ သောကဖိစီးမှုကို ခံယူနေလေရဲ့။ ဖခင်ကို ဥပါယ်တံမျဉ်နဲ့ သောကကင်းဝေးအောင်၊ လောကဓံကို ခံနိုင်ရည်ရှိအောင် ပြသမှဖြစ်မယ်" လို့ကြံစည်တွေးတောကာ ဖခင်ဖြစ်သူကို တရားချဖို့ ကြိုးစားတော့တာပေါ့ကွယ်။

"စားပါ၊ စားစမ်းပါ၊ သောက်ပါ ရေလည်းသောက်စမ်းပါ"

တစ်နေ့တော့ ရွာပြင်မှာ နွားသေတစ်ကောင်ကို သုဇာတသတို့သားက အစာကျွေး၊ ရေတိုက်လုပ်နေတာကို ရွာသားတွေ တွေ့မြင်ကြတဲ့အခါ သူကြွယ်ထံသို့ သွားပြောကြတာပေါ့ကွယ်။

"သား သုဇာတ အဘယ်ကြောင့်များ နွားသေကို အစာကျွေး၊ ရေတိုက်လုပ်နေရပါသလဲ။ အစာကျွေးပြီး ရေတိုက်တော့ရော နွားသေကောင်က ထပြီးစားနိုင် သောက်နိုင်မှာမို့လို့လား။ သားဟာ ပညာရှိပါလျက် ဘာဖြစ်လို့ ဒီလိုပြုမူရတာလဲ"

သားဖြစ်သူ သုဇာတထံ ဖခင်ဖြစ်တဲ့ သူကြွယ်ကြီးက အမြန်သွားပြီး အမေးတကောမေးတာပေါ့ကွယ်။

"ဖခမည်းတော်ခင်ဗျား ဤနွားသေကောင်မှာ ဦးခေါင်း၊ ခြေလက်၊ အမြီးတို့ဟာ အသက်ရှင်စဉ်ကလိုပဲ ရှိနေသေးတယ်။ ရေတိုက် မြက်ကျွေးလိုက်ရင် ထလာမယ်လို့ အောက်မေ့လို့ပါ"

"မဖြစ်နိုင်တာ သားရာ"

သုဇာတဟာ ဖခင်ဖြစ်သူရဲ့စကားကို ကြားလိုက်ရတဲ့အခါ လွန်စွာအားရကျေနပ်သွားပြီး စကားကို ဆက်ပြောလေတယ်။

"ဒီလိုပါ ဖခမည်းတော်၊ အဘိုး ကွယ်လွန်တာ အချိန်အတော်အသင့် ကြာညောင်းနေပါပြီ။ ခုချိန်အထိ အဖေက ပူဆွေးသောကအရောက်ခံပြီး ခံစားပေးနေတုန်း။ အဘိုးရဲ့ ခြေ၊ လက်၊ မျက်လုံးတွေဟာ အသက်ရှင်စဉ်ကလို မဟုတ်တော့ဘူးလေ။ အဘိုးရဲ့ အရိုးအိုးကိုလည်း မြေပုံစေတီတည်ပေးပြီးပြီ၊ ဒါတောင် နေ့စဉ်ငိုကြွေးနေဆဲပဲ။ ဒါကြောင့် ဖခင်ဟာ ပညာမဲ့လုပ်ရပ်ကို လုပ်ကိုင်နေတာ မဟုတ်ပါလား"

"မှန်ပါတယ်သားရေ။ ငါ့သား သုဇာတရဲ့စကားဟာ လောကဓံတရားကို မခံနိုင်ဘဲ သောကအပူမီးက တညီးညီး တောက်လောင်နေတဲ့ငါ့အား တဒင်္ဂငြိမ်းအေးစေတယ်။ ငါဟာ ငါ့အဖေအတွက် သောကရောက်ပြီး သောကက ငါ့ကို နှိပ်စက်တာ။ ခုတော့ ငါ့နှလုံးသားမှာ စူးဝင်နေတဲ့ သောကငြောင့်ကို ဖယ်ရှားပေးလိုက်တာပဲ။ ငါ့သားရဲ့စကားကို ကြားရပြီးတဲ့နောက် အေးချမ်းပြီး ဖြစ်ပျက်လောကဓံတရားကို အသိပေး၊ သတိပေးလိုက်တာပါပဲ"

သူကြွယ်ကြီးဟာ သူ့ကိုယ်သူရှေ့ရွတ်ရင်း လောကဓံတရားကို ခံနိုင်စွမ်းရှိသွားလေသတဲ့။

ဖုဋ္ဌဿလောကဓမ္မေဟိ စိတ္တံယဿနကမ္ပတိ။

"လောကဓံတရားနှင့်တွေ့ကြုံရသောအခါ စိတ်ဓာတ်မတုန်လှုပ်၊ ကြံ့ကြံ့ခံနိုင်ရန်ကြိုးစားရခြင်း၊ တုန်လှုပ်ကြောက်ရွံ့မှုမရှိခြင်း၊ လောကဓံတရားတွေ့ကြုံငြား စိတ်ထားတင်းမာနိုင်ရမယ်"လို့ မြန်မာလို အဓိပ္ပာယ်ဖော်ဆောင်တဲ့ မှတ်သားစရာ (၅၅၀) ဇာတ်တော်လာ ပုံဝတ္ထုတစ်ခုပါပဲ။

သားတို့ သမီးတို့၊ မောင်တို့ မယ်တို့အတွက်သာမက လူတိုင်းလူတိုင်း အသိကြွယ်ကာ ကျင့်ဆောင်ကြရမယ့် "စိတ်ဓာတ်ကြံ့ခိုင်ရေးမင်္ဂလာ" နည်းနာတွေပေါ့ကွယ်။ ။

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ အောင်လင်း၏ အရိုင်းစံပယ် အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




၁၆-၁-၂၀၁၂ ရက်မှအဆက်

မွန်က ဦးကျော်ဒင်အား ဆေးထိုးရန်ပြင်လိုက်မှ ဦးကျော်ဒင်သည် မျက်လုံးကို အသာဖွင့်လိုက်သည်။

"သမီးရဲ့ဆေးပညာစွမ်းနဲ့ ဖေဖေ့အသက်ကို မကယ်နိုင်တော့ပါဘူးကွယ်..."

မွန်သည် သူ့နှုတ်ခမ်းကိုကိုက်၍ထားရင်း စိတ်ကို တင်းထားရသည်။

ဦးကျော်ဒင်၏အခြေအနေကား စောစောက နှင့် မတူတော့ချေ။ စကားများပင် လေး၍လာသည်။

"ဒီဆေးက ဒက်ဒီ့အတွက် သက်သာပါတယ် ဒက်ဒီ။ မနာပါဘူး"

မွန်က ပြောပြောဆိုဆို ဆေးတစ်လုံးထိုး၍ပေး လိုက်သည်။ ဦးကျော်ဒင်က မသိမသာ ပြုံးလိုက် သည်။

ဦးကျော်ဒင်၏ အက်ကွဲသောအပြုံးသည် 'မ' ရင်ကို သိမ့်သိမ့်တုန်စေတော့သည်။ ဦးကျော်ဒင် ပြုံးလိုက်သောအပြုံးကား ...

"မင်းတို့တယ်လိုပြောပြော ငါ့အကြောင်း ငါသိပါ တယ်ကွာ" ဟု စိတ်ထဲမှ ကျိတ်၍ပြောလိုက်သော အပြုံးမျိုးဖြစ်သည်။

ဦးကျော်ဒင်သည် လေသံသဲ့သဲ့ဖြင့် စကားကို တစ်လုံးချင်းပြောလိုက်ပြီးလျှင် မျက်လုံးကို ပြန်၍ မှိတ်ထားလိုက်တော့သည်။ စကားများကား မပီသ တော့ချေ။ စဉ်းစား၍သာ အဓိပ္ပာယ်ကောက်ရတော့ သည်။

'မ' သည် ဦးကျော်ဒင်ခေါင်းရင်းမှ ပုဆစ်ဒူးတုပ် ထိုင်ရင်း ဆီမန်းမန်းသလို ရွတ်နေတော့သည်။

ခဏကြာလျှင် မွန်၏ဆရာဆိုသော ဒေါက်တာ ဝင်၍လာသည်။ ဒေါက်တာနှင့်မွန်တို့ ကပ်၍ တိုးတိုး ပြောကြသည်။ ဒေါက်တာက ဦးကျော်ဒင်ကို အနည်းငယ် စမ်းသပ်၍ကြည့်လိုက်သည်။

စမ်းသပ်ပြီးလျှင် မွန်နှင့် တိုးတိုးပြောကြပြန် သည်။ အတန်ကြာလျှင် မွန့်ကိုနှုတ်ဆက်၍ ဒေါက်တာပြန်သွားတော့သည်။

'မ' က မွန့်မျက်နှာကို အားကိုးတကြီးဖြင့် လှမ်း၍ ကြည့်လိုက်မိသည်။ မွန်၏မျက်နှာကား သွေးမရှိ တော့ချေ။

မွန့်မျက်နှာကိုမြင်လိုက်မှ 'မ' မှာ တအားလျှော့ မိသည်။ မွန်သည် ဦးကျော်ဒင်၏လက်တစ်ဖက်ကို တစ်ချက်တစ်ချက် သွေးစမ်းကြည့်ရင်း အပေါ်သို့ သာ စိုက်ကြည့်နေသည်။

ထိုအတွင်း မော်၏ရှိုက်သံ မပွင့်တပွင့်ကို ကြားရ သည်။ ဒေါ်ခင်မျိုးသန့်က မော့်ကို လှမ်း၍တားလိုက် သည်။ မော်က သူ့ပါးစပ်ကို လက်ကိုင်ပဝါဖြင့် ပိတ် လိုက်သည်။

သို့ပိတ်ထားသော်လည်း ရှိုက်သံများက တစ်ချက် တစ်ချက် ဆောင့်၍ထွက်လာသည်။

မွန်သည် ခုတင်ဘေးမှ ထ၍သွားလိုက်ပြီးလျှင် ပြတင်းပေါက်နားသို့ ခဏမျှရပ်၍ သူ့မျက်နှာကို လက်ကိုင်ပဝါဖြင့် သုတ်လိုက်၏။ ပြီးမှ ပြန်လာ သည်။

မွန့်မျက်နှာတစ်ခုလုံးကား နီ၍နေတော့သည်။ မွန်သည် ဦးကျော်ဒင်၏လက်ကို အသာဆွဲ၍ စမ်းလိုက်သည်။ သည်တစ်ကြိမ်တွင် အတန်ကြာ အောင်ပင် စမ်း၍နေလိုက်သည်။

သို့စမ်းနေရင်းမှ မွန်သည် ဦးကျော်ဒင်၏ ခုတင် ဘေးတွင် ဒူးထောက်ထိုင်ချလိုက်သည်။ ပြီးမှ ဦးကျော်ဒင်၏လက်တစ်ဖက်ကို ကိုယ်ပေါ်သို့ အသာ တင်လိုက်သည်။

နောက်တစ်ဖက်ကိုလည်း အသာဆွဲတင်လိုက် ပြီးလျှင် လက်ချင်းယှက်၍ ထားလိုက်တော့သည်။ နောက်ဆုံး၌ မွန်သည် ဦးကျော်ဒင်၏ကိုယ်ပေါ်တွင် မှောက်၍ ငိုလိုက်တော့သည်။

မော်သည် နေရာမှထ၍ ဦးကျော်ဒင်၏ခုတင် ခြေရင်းတွင် မျက်နှာအပ်ကာ ရှိုက်ကြီးတငင် ငိုလိုက် သည်။

ဒေါ်ခင်မျိုးသန့်၏ အော်ဟစ်ငိုလိုက်သောအသံ သည် အားလုံးကို လွှမ်းသွားတော့သည်။

'မ' သည် မျက်စိရှေ့တွင်မြင်ရသောအရာများ အားလုံးကို အိပ်မက်မက်သလို ကြောင်၍ကြည့်နေ ရာမှ သတိလည်လာသည်နှင့်တစ်ပြိုင်နက် ကိုဘခက် ၏ရင်တွင်းသို့ မျက်နှာအပ်ကာ မဆုံးနိုင်သော ငိုခြင်းဖြင့် ငိုလိုက်မိတော့သည်။

'မ' အတွက်ကား ပြန်၍ပေါ်လာနိုင်မည်မဟုတ် တော့၊ မဟာရွှေမြင်းမိုရ်တောင်ကြီး ပြိုကွဲသွားခြင်း ပင် မဟုတ်လော။

**"ဆပ်မကုန်အောင်ကြီးမားလှတဲ့ မိဘတွေဆီက သမီး ပစ္စည်းတို့ ငွေတို့ဆိုတဲ့ အမွေမျိုးကို မလိုလားပါဘူးမေမေ။ ဒီလိုအမွေမျိုးထက် တန်ဖိုးမဖြတ်နိုင်တဲ့ မေတ္တာပဲ ခံယူပါရစေ။ ဒီပစ္စည်းတွေရလို့လည်း မိဘရဲ့မေတ္တာနဲ့ ကင်းဝေးရင် သမီးဘဝဟာ မလန်းဆန်းနိုင်ပါဘူး။ မိဘရဲ့မေတ္တာကိုသာခံယူရရင် ဒီပစ္စည်းတွေမရလည်း သမီးဘဝဟာ မညှိုးငယ်ပါဘူးမေမေ။ သမီးမှာ အပြစ်ရှိခဲ့ရင် သမီးရဲ့အပြစ်ဟာ မလိမ္မာလို့ တစ်ခါမိုက်မှားတဲ့ အပြစ်ပါလားဆိုတဲ့အနေနဲ့ ခွင့်လွှတ်ပြီး သမီးအပေါ်မှာ အရင်လိုပဲ မေတ္တာထားမယ်ဆိုရင် သမီး ဝမ်းသာလှပါပြီမေမေ။ သမီးကို ခွင့်လွှတ်ပါနော်" 'မ' က ရှိုက်သံကလေးဖြင့် တစ်ခွန်းချင်းတောင်းပန်လိုက်ရင်း နဖူးနှင့် ဒေါ်ခင်မျိုးသန့်၏ ခြေအစုံကိုထိအောင် . . .**

[ ၂၆ ]

ကိုဘခက်တို့ကားကလေးသည် 'မ' တို့အိမ်ရှေ့ ဆင်ဝင်အောက်သို့ ထိုးဆိုက်လိုက်သည်။ 'မ' သည် ဧည့်ခန်းမှ အပြေးထွက်လာပြီးလျှင် သံတံခါးကို ဖွင့်ပေးလိုက်သည်။

ကားတွင်းမှ ကိုဘခက်နှင့်အတူ အသက်ငါး ဆယ်ခန့် တည်ကြည်ခံ့ညားသော လူကြီးတစ် ယောက်ကိုလည်း တွေ့ရသည်။

'မ' က ကိုဘခက်ကို ခရီးဦးကြိုပြုရင်း ဧည့်ခန်း တွင်းသို့ ဝင်ခဲ့သည်။

ဧည့်ခန်းတွင်း၌ကား လူစုံရှိနေကြသည်။ ဒေါ်ခင် မျိုးသန့်၊ ဗစ်တာ၊ မော်တို့ အားလုံးက ကိုဘခက်ကို တအံ့တသြ ကြည့်နေကြသည်။ ကိုဘခက်ကလည်း ဧည့်ခန်းတွင်းမှ လူအားလုံးကို တစ်ယောက်စီ မသိမသာ အကဲခတ်ကြည့်လိုက်သည်။

အားလုံးမျက်နှာများမှာ အရင်ကလိုမဟုတ်တော့ ချေ။ မာန်မာနလျှော့ကျနေပြီဟု ထင်ရသည်။

နောင်တတရားရနေသည်ဟု ထင်ရသည်။ လွန်ပြီးသောအမှားကို နောက်ထား၍ အမှန်ကို မျှော်ကြည့်နေသလို ထင်ရသည်။

မော်၏မျက်နှာပင်လျှင် သိသိသာသာ ပြောင်းလဲ ၍နေတော့သည်။ အပူခံပန်းကလေးလို နွမ်း၍နေ သည်။

ကိုဘခက်က အားလုံးနှင့် တစ်ယောက်ချင်း မိတ်ဆက်၍ပေးလိုက်သည်။

"ဖေဖေ...ဟောဒါက 'မ' ရဲ့မေမေ ဒေါ်ခင်မျိုးသန့်၊ ဟောဒါက 'မ' ရဲ့အစ်မအကြီးဆုံး မွန်၊ သူက ဒေါက်တာ။ သူကတော့ မွန့်ရဲ့ခင်ပွန်း အင်ဂျင်နီယာ ကြီးပေါ့။ သူက အငယ်ဆုံး မော်ဆိုတာ။ ဥပစာတန်း မှာပဲ"

ကိုဘခက်သည် 'မ' တို့တစ်အိမ်သားလုံးနှင့် မိတ်ဆက်၍ပေးလိုက်သောအခါ အားလုံးကပင် ပြုံးရွှင်စွာဖြင့် နှုတ်ဆက်ကြသည်။

ပြီးမှ သူ့ဖခင်နှင့် အားလုံးကို ပြန်၍မိတ်ဆက် ပေးလိုက်လေသည်။

"ဒေါ်ဒေါ်... မိုးကုတ်က ကျွန်တော့်ဖခင် ဦးစိန်ခက် ဆိုတာပါပဲ။ ကျွန်တော်နဲ့ 'မ' ကို မိုးကုတ်အလည် ခေါ်ရအောင် လိုက်လာတာပါခင်ဗျာ"

ဗစ်တာသည် ဦးစိန်ခက်ကို အကဲခတ်သလိုကြည့် လိုက်ရင်း မွန့်ကို ခပ်တိုးတိုး လှမ်း၍ပြောလိုက်သည်။

သည်တော့မှလည်း မွန့်မှာ မျက်လုံးကလေး ကြောင်တောင်တောင်ဖြင့် ဦးစိန်ခက်ကို ငေး၍ ကြည့်နေမိသည်။

သို့ကြည့်နေရင်းမှ အိမ်ရှေ့တွင်ဆိုက်ထားသော ကားကို လှမ်း၍ ခိုးကြည့်လိုက်မိသည်။

ဒေါ်ခင်မျိုးသန့်၏မျက်နှာကား ပျားရည်ထက်ပင် ချိုမည်ဟု ထင်ရသည်။

"ကြားဖူးပါတယ်ရှင်၊ ထိုင်ပါ...ထိုင်ပါ၊ ရောက်တာ ကြာပြီလား"

"ငါးရက်လောက်ပဲ ရှိပါသေးတယ်ခင်ဗျာ၊ သူတို့ ကို ခေါ်ဖို့ဟာ ဝမ်းနည်းဖို့အကြောင်းနဲ့ လာဆုံနေ တော့ စောင့်နေရတာပေါ့"

ဒေါ်ခင်မျိုးသန့်သည် ကိုဘခက်ကို ရင်းရင်းနှီးနှီး ပြုံး၍ကြည့်လိုက်သည်။

"မောင်ဘခက်ကကွယ်...တခြားမှာ ဘာလို့ အတည်းခံရတာလဲ။ ဒီမှာပဲ တည်းရောပေါ့။ အားနာ စရာ ရှိတာမှမဟုတ်ဘဲဟာ"

"ဟုတ်ကဲ့ ဒေါ်ဒေါ်၊ ဒီအချိန်မျိုးမှာ ဒီမှာတည်းဖို့ ကလည်း အားနာစရာမို့ တခြားမှာပဲ လွတ်လွတ် လပ်လပ်တည်းပါတယ်ခင်ဗျာ။ ကဲ...'မ' ရေ သွားဖို့ ပြင်ပေတော့၊ 'မ' အဝတ်အစားတွေတော့ အားလုံး ပါတယ်"

'မ'သည် ဒေါ်ခင်မျိုးသန့်အနားသို့ ကိုယ်ကို ညွတ်၍ လျှောက်သွားသည်။

ပြီးမှ ဒေါ်ခင်မျိုးသန့်ရှေ့တွင် ကျုံ့ကျုံ့ယုံ့ယုံ့ထိုင် လိုက်သည်။

ဒေါ်ခင်မျိုးသန့်က 'မ'ကို ဆို့နစ်သော မျက်လုံး များဖြင့် တွေတွေကြီး စိုက်ကြည့်နေတော့သည်။

"သမီးပြန်လာမယ့်ရက်ကျတော့ သံကြိုးရိုက် လိုက်နော်။ မေမေတို့ သမီးအတွက် အိမ်ကြီးကို အားလုံးပြင်ဆင်ထားမယ်"

ဒေါ်ခင်မျိုးသန့်၏လေသံကား အားနည်းလှသည်။ ကြေကွဲသံလည်း အပြည့်ပါသည်။

'မ' သည် နားထောင်ရင်း စိတ်ကို မထိန်းနိုင်ရှာ တော့ချေ။ ပါးပြင်ပေါ်တွင် မျက်ရည်ကြောင်းများက တစ်ကြောင်းပြီးတစ်ကြောင်း ထပ်၍ စီးကျလာ တော့သည်။

"သမီးပြောပါရစေ မေမေ၊ ဆပ်မကုန်အောင် ကြီးမားလှတဲ့ မိဘတွေဆီက သမီး ပစ္စည်းတို့ ငွေတို့ ဆိုတဲ့ အမွေမျိုးကို မလိုလားပါဘူးမေမေ။ ဒီလိုအမွေ မျိုးထက် တန်ဖိုးမဖြတ်နိုင်တဲ့မေတ္တာပဲ ခံယူပါရစေ။ ဒီပစ္စည်းတွေရလို့လည်း မိဘရဲ့မေတ္တာနဲ့ ကင်းဝေးရင် သမီးဘဝဟာ မလန်းဆန်းနိုင်ပါဘူး။ မိဘရဲ့မေတ္တာ ကိုသာခံယူရရင် ဒီပစ္စည်းတွေမရလည်း သမီးဘဝ ဟာ မညှိုးငယ်ပါဘူးမေမေ။ သမီးမှာ အပြစ်ရှိခဲ့ရင် သမီးရဲ့အပြစ်ဟာ မလိမ္မာလို့ တစ်ခါမိုက်မှားတဲ့ အပြစ်ပါလားဆိုတဲ့အနေနဲ့ ခွင့်လွှတ်ပြီး သမီးအပေါ် မှာ အရင်လိုပဲ မေတ္တာထားမယ်ဆိုရင် သမီး ဝမ်းသာ လှပါပြီမေမေ။ သမီးကိုခွင့်လွှတ်ပါနော်"

'မ'က ရှိုက်သံကလေးဖြင့် တစ်ခွန်းချင်း တောင်းပန်လိုက်ရင်း နဖူးနှင့် ဒေါ်ခင်မျိုးသန့်၏ ခြေအစုံကိုထိအောင် ကန်တော့လိုက်လေသည်။

'မ' ၏မျက်ရည်များသည် ဒေါ်ခင်မျိုးသန့်ခြေဖမိုး ပေါ်မှ ကြမ်းပြင်ပေါ်သို့ တလိမ့်လိမ့် စီးဆင်း၍သွား တော့သည်။

သည်တော့မှလည်း ဒေါ်ခင်မျိုးသန့်က 'မ' ကို ကလေးတစ်ယောက်လို ပွေ့ထူ၍ တအားဖက်ထား လိုက်မိတော့သည်။

'မ' ကလည်း ဒေါ်ခင်မျိုးသန့်ကို ပြန်၍ဖက် ထားရင်း ပါးချင်းကပ်ထားလိုက်သည်။

မျက်ရည်များသည် နှစ်ဦးစလုံးပါးပြင်ကို အလူးလူးအလိမ်းလိမ်း ပျံ့၍သွားတော့သည်။

"သမီးအပြစ်ချည်း မဟုတ်ပါဘူး သမီးရယ်။ မေမေတို့အပြစ်လည်း ပါပါတယ်"

**ဆက်လက်ဖော်ပြပါမည်။**

ဆရာအောင်လင်း၏ "အရိုင်းစံပယ်" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြ ခြင်းဖြစ်ပါသည်။ **စာတည်း**



ရှမ်းပြည်နယ် လားရှိုးမြို့နယ် နောင်မွန်နယ်မြေရဲစခန်းမှူး ရဲအုပ်စောနိုင် ဦးစီးတပ်ဖွဲ့ဝင် ငါးဦးတို့ ဇန်နဝါရီ ၁၇ ရက် နံနက် ၁၁ နာရီခွဲတွင် နောင်မွန်တိုက်နယ်ဆေးရုံ၌ စုပေါင်းသွေးလှူဒါန်းစဉ်။ ရဲပြန်ကြား

# အင်္ဂပူမြို့တွင် သက်တမ်း ၁၂၀ မှ ၁၃၀ နှစ်ကြားရှိ သက်န်းပင် သုံးပင်တွေ့ရှိ



အင်္ဂပူ ဇန်နဝါရီ ၁၇

ဧရာဝတီတိုင်း ဒေသကြီး အင်္ဂပူမြို့နယ်တွင် သက်တမ်း ၁၂၀ မှ ၁၃၀ နှစ်ကြားရှိ သက်န်းပင် သုံးပင်အား မြို့နယ်သစ်တောဦးစီးဌာနက တွေ့ရှိထိန်းသိမ်းထားကြောင်း သိရသည်။

အဆိုပါ သက်န်းပင်များကို အင်္ဂပူမြို့နယ် ရှမ်းခေါက်ဖြဲကျေးရွာ အုပ်စု ရှခင်းသာကျေးရွာ ရှခင်းသာ ပဒပ်ကုန်းတောရကြီးကျောင်းတွင် တွေ့ရှိခဲ့ခြင်းဖြစ်ပြီး သက်တမ်း ၁၂၀ မှ ၁၃၀ နှစ်ကြားရှိပြီဖြစ်ကြောင်း၊ အမြင့် ၂၀၅ ပေ၊ လုံးပတ် ၂၁ ပေ၊ အမြင့် ၂၀၅ ပေ၊ လုံးပတ် ၂၀ ပေ ၄ လက်မနှင့် အမြင့် ပေ ၂၀၀၊ လုံးပတ် ၁၆ ပေ ၇ လက်မတို့ရှိပြီး ရတနာ တန်းဝင် သစ်အမျိုးအစား သစ်မျိုးစိတ်ဖြစ်ကြောင်း မြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသော်မွန်းကို ထံမှ သိရသည်။

အင်္ဂပူ(ပြန်/ဆက်)

# မလှိုင်မြို့နယ်၌ ငလျင်ဘေးအန္တရာယ်ဆိုင်ရာ ရှာဖွေကယ်ဆယ်ရေး ဇာတ်တိုက်လေ့ကျင့်

မလှိုင် ဇန်နဝါရီ ၁၇

မလှိုင်မြို့နယ် မီးသတ်ဦးစီးဌာနက ကြီးမှူး၍ ငလျင်ဘေးအန္တရာယ်ဆိုင်ရာ ရှာဖွေကယ်ဆယ်ရေး ဇာတ်တိုက်လေ့ကျင့်သရုပ်ပြသခြင်း အခမ်းအနားကို ပန်းအိုင်အခြေခံပညာအထက်တန်းကျောင်းရှေ့ စုဝေးကွင်း၌ ယနေ့တွင် ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနား၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းထက်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇေယျာအောင် ဦးဆောင်၍ တပ်ဖွဲ့ဝင် ၃၀ တို့မှ ကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များက အခန်းတွင်းပိတ်မိနေသူများအား လက်ကိုင်စကားပြောစက်ဖြင့် နှိုးဆော်အသိပေးခြင်း၊ ငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူများအား အရောင်အဆင့်သတ်မှတ်၍ ရှာဖွေကယ်ဆယ်ဆောင်ရွက်ပုံအဆင့်ဆင့် လက်တွေ့သရုပ်ပြသခြင်း၊ အခန်းတွင်းပိတ်မိနေသော လူနာများအား ရှာဖွေကယ်ဆယ်ရေးဆောင်ရွက်ပုံ၊ အထပ်မြင့်အဆောက်အအုံများတွင် ပိတ်မိနေသောလူနာများအား နောက်ဆုံးပေါ် ရှာဖွေကယ်ဆယ်ရေးကိရိယာများ အသုံးပြု၍ ကယ်ဆယ်ဆောင်ရွက်နေပုံတို့ကို လက်တွေ့သရုပ်ပြသခဲ့ကြောင်း သိရသည်။

အဆိုပါသရုပ်ပြပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပန်းအိုင်အထကမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

မြထွန်း(မလှိုင်)



❖ MNL မှ

ဂီနီနိုင်ငံသား တိုက်စစ်မှူးဆယ်လာတို့ကို ခေါ်ယူပြီးနောက် ရတနာပုံအသင်း ကွင်းလယ်ကစားသမား လှိုင်းဘိုဘို၊ မြန်မာ ယူ-၂၀ လက်ရွေးစင် ဥက္ကာနိုင်၊ ထိုင်းလိဂ်-၃ ကလပ် ကမ်ဖန်ဖက်အသင်းတွင် သွားရောက်ကစားခဲ့သည့် ကစားသမားဟောင်းဖြစ်သူ တောင်ပံကစားသမား ကောင်းထက်စိုး၊ ဂါနာနိုင်ငံသား နောက်ခံလူ မာလီဟာဘီလာတို့ကို ထပ်မံခေါ်ယူခဲ့ခြင်းဖြစ်သည်။

အခြား MNL ကလပ်အသင်းများမှာလည်း ရာသီကြိုပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသော်လည်း ကစားသမားသစ်များနှင့်ပတ်သက်၍ တရားဝင် သတင်းထုတ်ပြန်ခြင်း မရှိသေးပေ။

သတင်း - ကိုညီလေး၊ ဓာတ်ပုံ - SUFC


## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၄၅)၊ မြေတိုင်းလမ်း၊ မြေကွက်အမှတ်(၂၂၃)၊ မြေအမျိုးအစား-နှစ်(၆၀) ဂရန်မြေ၊ အကျယ်အဝန်း(အလျား၄၁ပေxအနံ ၆၀ပေ)ဟုခေါ်တွင်သည့် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရေ၊ မီးစုံ အိမ်အပါအဝင် သီးပင်၊ စားပင် ခြံမြေပေါ် ခြံမြေအောက် အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးတို့မှာ အရှုပ်အရှင်းကင်းပြီး တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်နွေမာမြင့် [၇/ဖမန(နိုင်)၁၀၁၂၈၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးစိုးနိုင်ထွန်း[၇/ပမန(နိုင်)၁၃၂၅၂၉]နှင့် ဦးစည်သူ[၁၄/အဂပ(နိုင်)၁၅၆၄၉၇] တို့က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေအချို့ကို ပေးချေထားပြီး ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ(၇)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ဇာနည်အောင်(LL.B,D.B.L,DIL.DML)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၇၁၈)(၁၅-၆-၂၀၁၇)
အမှတ်-၁၅၃/ဘီ၊ (၃၂)လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၀၃၀၉၁၉

## အများသိစေရန်ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၄၀)ရပ်ကွက်၊ ခန္တီလမ်း၊ မြေကွက်အမှတ်(၁၄၄၄/က)ဟုခေါ်တွင်သော ပေ(၂၀x၆၀)အကျယ်ရှိ ပါမစ်မြေအမျိုးအစား မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ဦးဘဆွေ [၁၂/ဗဟန(နိုင်)၀၂၃၆၃၁]က ပါမစ်အမည်ပေါက်ပိုင်ဆိုင်ပြီး၊ ယခုရောင်းချသူ ဒေါ်ချိုချိုမြင့်[၁၂/ဒဂတ(နိုင်)၀၇၀၄၅၅]က ပါမစ်အမည်ပေါက်ထံမှ အဆက်ဆက်အရောင်းအဝယ်ကတိစာချုပ်များဖြင့် ဝယ်ယူလက်ဝယ်ရရှိပိုင်ဆိုင်ထားကာ လွှဲပြောင်းရောင်းချပိုင်ခွင့်အပြည့်အဝရှိကြောင်း တာဝန်ယူဝန်ခံလျက် ရောင်းချရန်ကမ်းလှမ်းလာသည်ကို ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် မြေကွက်ဖိုးငွေတစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေတချို့အဝက်ကို ပေးချေထားပြီးဖြစ်ရာ အရောင်းအဝယ်ပြုလုပ်သည်ကို ကန့်ကွက်လိုပါက ယင်းမြေကွက်နှင့်ပတ်သက်၍ အကျိုးခံစားခွင့်များရှိသည်ဟုအဆိုရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းအထောက် အထားမူရင်းများ တရားဝင်မှတ်ပုံတင်စာချုပ်စာတမ်းမူရင်းများ၊ တရားရုံးအမိန့်ဒီကရီမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးဆုံးအောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဦးစွမ်းထက်ပိုင် | ဒေါ်ပိုးဇာနည်ဝင်း |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၂၀၆) | အထက်တန်းရှေ့နေ |
| LL.B, DBL, DIL, MA(Business Law) | LL.B(စဉ်-၅၀၅၉၅) |
| ဖုန်း-၀၉-၄၃၀၉၄၆၇၂ | ဖုန်း-၀၉-၇၉၉၈၉၀၄၉၂ |

တိုက်(၁၄)၊ အခန်း(B-1/B-2)၊ မဟာမြိုင်အိမ်ရာ၊ (၄၁/တိုးချဲ့)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။

## အများသိစေရန် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၉/ဘီ)ရပ်ကွက်၊ သမာဓိလမ်း၊ မြေကွက်အမှတ်(၄၅၆)၊ နှစ်(၆၀)အမျိုးအစား (၄၀'x ၆၀')၊ (၂၄၀၀)စတုရန်းပေ၊ (၀.၀၅၅)ဧကအကျယ်ရှိ မြေကွက်သည် ဦးအိုက်ခွန်က အမည်ပေါက် ပိုင်ဆိုင်ပြီး ၎င်းကွယ်လွန်သွားသောအခါ ဇနီးဖြစ်သူ ယခုရောင်းချသူ ဒေါ်မြရင်[၉/မရမ(နိုင်)၀၇၈၇၉၂]က ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံး၏ အမွေဆက်ခံပိုင်ဆိုင်ကြောင်းကြေညာစာချုပ်အမှတ်(၁၃၄၈/၂၀၂၂)ဖြင့် လက်ဝယ်ရရှိပိုင်ဆိုင်ထားကာ ယင်းမြေကွက်၏တရားဝင်မခွဲမစိတ်ရသေးသော ခြေရင်းဘက်ခြမ်း[မြေကွက်အမှတ်(၄၅၇)နှင့်ကပ်လျက်ရှိသောအခြမ်း](၂၀ပေ x ၆၀ပေ)အကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော နေအိမ်အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လွှဲပြောင်းရောင်းချပိုင်ခွင့်အပြည့်အဝရှိကြောင်း တာဝန်ယူဝန်ခံလျက် ရောင်းချရန်ကမ်းလှမ်းလာသည်ကို ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် မြေကွက်နှင့် နေအိမ်ဖိုးငွေတစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေတချို့အဝက်ကို ပေးချေထားပြီးဖြစ်ရာ အရောင်းအဝယ်ပြုလုပ်သည်ကို ကန့်ကွက်လိုပါက ယင်းမြေကွက်နှင့်နေအိမ်နှင့်ပတ်သက်၍ အကျိုးခံစားခွင့်များရှိသည်ဟု အဆိုရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများ၊ တရားဝင်မှတ်ပုံတင်စာချုပ်စာတမ်းမူရင်းများ၊ တရားရုံးအမိန့်ဒီကရီမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးဆုံးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဦးစွမ်းထက်ပိုင် | ဒေါ်ပိုးဇာနည်ဝင်း |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၂၀၆) | အထက်တန်းရှေ့နေ |
| LL.B, DBL, DIL, MA(Bussiness Law) | LL.B(စဉ်-၅၀၅၉၅) |
| ဖုန်း-၀၉-၄၃၀၉၄၆၇၂ | ဖုန်း-၀၉-၇၉၉၈၉၀၄၉၂ |

တိုက်(၁၄)၊ အခန်း(B-1/B-2)၊ မဟာမြိုင်အိမ်ရာ၊ (၄၁/တိုးချဲ့)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။

## အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၉/ဘီ)ရပ်ကွက်၊ သမာဓိလမ်း၊ မြေကွက်အမှတ်(၄၅၇)၊ နှစ်(၆၀) အမျိုးအစား (၄၀'x၆၀')၊ (၂၄၀၀) စတုရန်းပေ၊ (၀.၀၅၅)ဧက အကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ယခုရောင်းချသူ ဒေါ်မြရင် [၉/မရမ(နိုင်)၀၇၈၇၉၂]က ဂရန်အမည်ပေါက် လက်ဝယ်ရရှိပိုင်ဆိုင်ထားကာ လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိကြောင်း တာဝန်ယူဝန်ခံလျက် ရောင်းချရန်ကမ်းလှမ်းလာသည်ကို ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် မြေကွက်နှင့်နေအိမ်ဖိုးငွေ တစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေအချို့အဝက်ကို ပေးချေ ထားပြီးဖြစ်ရာ အရောင်းအဝယ်ပြုလုပ်သည်ကို ကန့်ကွက်လိုပါက ယင်းမြေကွက်နှင့် နေအိမ်နှင့်ပတ်သက်၍ အကျိုးခံစားခွင့်များရှိသည်ဟု အဆိုရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများ၊ တရားဝင်မှတ်ပုံတင်စာချုပ်စာတမ်းမူရင်းများ၊ တရားရုံး အမိန့်ဒီကရီမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စ ပြီးဆုံးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဦးစွမ်းထက်ပိုင် | ဒေါ်ပိုးဇာနည်ဝင်း |
| တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၂၀၆) | အထက်တန်းရှေ့နေ |
| LL.B,DBL,DIL,MA (Busineess Law) | LL.B(စဉ်-၅၀၅၉၅) |
| ဖုန်း-၀၉-၄၃၀၉၄၆၇၂ | ဖုန်း-၀၉-၇၉၉၈၉၀၄၉၂ |

တိုက်(၁၄)၊ အခန်း(B-1/B-2)၊ မဟာမြိုင်အိမ်ရာ၊ (၄၁/တိုးချဲ့)ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်။

